ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့ အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲ နေခြင်းသည်လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 4 April 2018 ၉၂၄၉


# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မည့် အစီအစဉ်များ၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနည်းလမ်းများ အမြင်ချင်းဖလှယ်

နေပြည်တော် ဧပြီ ၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာညှိနှိုင်းရေးရုံး(OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မည့် အစီအစဉ်များအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ကိစ္စအပါအဝင် လူသားချင်းစာနာမှု အကူအညီပေးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ၊ ပညာရေး၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နည်းလမ်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်လည်း တက်ရောက်သည်။

**သတင်းစဉ်**


ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။


## သစ်လုံးများကို ပန်းပုရုပ် ထုဆစ်ပြီးမှ ပြည်ပနိုင်ငံများသို့ တင်ပို့ပါက လုပ်ငန်းရှင်များနှင့် ပညာရှင်များ၏ လူမှုဘဝ ပိုမိုတိုးတက်စေမည်ဟုဆို

**မန္တလေး ဧပြီ ၃**

မြန်မာ့ထွက်ကုန် သစ်များကို ပန်းပုရုပ်များ ထုဆစ်၍ ပြည်ပပို့ကုန်အဖြစ် နိုင်ငံတော်အစိုးရမှ ဖြေလျှော့မှုများ ပိုမိုခွင့်ပြုပေးပါက လုပ်ငန်းရှင်များနှင့် ပညာရှင်များ၏ လူမှုဘဝကို ပိုမိုတိုးတက်စေမည့်အပြင် နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲမင်းသူက ပြောသည်။

လက်ရှိတွင် သစ်ဖြင့် ထုဆစ်ထားသည့် ပန်းပုရုပ်များ ပြည်ပသို့ တင်ပို့ခွင့်ကို လက်ဆောင်ပစ္စည်းအဖြစ် ဒေါ်လာ ၅၀၀ ဖိုးအထိသာ ဝယ်ယူသယ်ဆောင်သွားနိုင်သည့် ဖြေလျှော့မှုကို လုပ်ဆောင်ပေးထားပြီး ယခုထက်ပိုမိုသော ဖြေလျှော့မှုများကို ခွင့်ပြုပေးရန် သက်ဆိုင်ရာဌာနဆိုင်ရာများသို့ တင်ပြသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့**


**အညာဒေသအတွက် အသုံးဝင်သည့် ထန်းပင်များ မပြုန်းတီးစေချင်**


စာမျက်နှာ - ၂၁


**ပန်းပုထုတဲ့သစ်ဆိုတာ လမ်းဘေးသစ်တွေ များပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ နိုင်ငံရဲ့ အမှိုက်ပါ။ အမှိုက်ကနေ ရွှေဖြစ်မယ့်ကိစ္စတွေမှာ ဝန်ကြီးဌာနတွေကို ဖြေလျှော့ပေးဖို့ တင်ပြသွားမယ်။**


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ရဲရင့်သောခြေလှမ်းများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက သီးနှံအမျိုးအစားပေါ် မူတည်၍ လယ်ယာကဏ္ဍဆိုင်ရာ ချေးငွေတို့၏ အတိုးနှုန်းကို လေးရာခိုင်နှုန်း(သို့မဟုတ်)သုံးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လေးရာခိုင်နှုန်း(သို့မဟုတ်)သုံးရာခိုင်နှုန်းဟူသော အတိုးနှုန်းသည် လက်ရှိအတိုးနှုန်းထက် များစွာသက်သာသော အတိုးနှုန်းဖြစ်ပါသည်။ တောင်သူလယ်သမားတို့အတွက် ဝမ်းမြောက်စရာသတင်းကောင်းဖြစ်ပါသည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် (MADB)သည် ယနေ့အချိန်အထိ စိုက်ပျိုးစရိတ်ချေးငွေကို ဆန်စပါးစိုက်ပျိုးရေးနှင့် ဆောင်းရာသီသီးနှံတို့အတွက်သာ ထုတ်ပေးလျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လိုပါက သီးနှံမျိုးစုံအတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုတို့ကိုဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ဖွံ့ဖြိုးမှုအရှိန်အဟုန် နှောင့်နှေးနေသော လယ်ယာကဏ္ဍ၏တိုးတက်မှုကို မြှင့်တင်မည်ဆိုပါက မျိုးစေ့မှသည် ဈေးကွက်ရောက်သည်အထိ အဆင့်ဆင့်သောလုပ်ငန်းစဉ်တို့အတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်(MADB)ကို ဖွံ့ဖြိုးရေးဘဏ်တစ်ခုအဖြစ် ဖော်ဆောင်သွားမည်ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောဆိုခဲ့ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "ဒါကို Soft Loan ဖြစ်အောင်လို့ Development Bank ဖြစ်ရင် နိုင်ငံခြားက ငွေတွေ အခြားအခြားသော ဘဏ်ထဲကငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ Development Bank(ဖွံ့ဖြိုးရေးဘဏ်) အဖြစ် လုပ်နိုင်ရင် Soft Loan တွေပေးနိုင်မယ်၊ လေးရာခိုင်နှုန်းဖြစ်ချင်ဖြစ်မယ်၊ သုံးရာခိုင်နှုန်းဖြစ်ချင်ဖြစ်မယ်၊ ဒါက သီးနှံတွေအပေါ် မူတည်တယ်" ဟု တင်ပြခဲ့ပါသည်။ မြန်မာ့ထုတ်ကုန်စုစုပေါင်း (GDP)၏ ထက်ဝက်နီးပါးကို ဖြည့်ဆည်း ပေးနေသည့် လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရာသီဥတုနှင့်သဘာဝဘေးအန္တရာယ်တို့ကဲ့သို့သော ကြိုတင်ခန့်မှန်းရန် မလွယ်ကူသည့် အကြောင်းတရားတို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတို့ နည်းပါးလေ့ရှိပါသည်။ အထူးသဖြင့် ဤအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပိုမိုထင်ရှားစွာ တွေ့ရှိရလေ့ရှိပါသည်။ အာဖရိက၌ ပြုလုပ်သော ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုတို့၏ နှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းအထိသာ လယ်ယာစိုက်ပျိုးရေးကဏ္ဍသို့ ဝင်ရောက်ပါသည်။ ချေးငွေနှင့်ရင်းနှီးမြှုပ်နှံမှု နည်းပါးသည့်ဒဏ်ကို လုပ်ကွက်ငယ်လယ်သမားတို့က ပို၍ခါးစည်းခံရသည်မှာ ကြုံတွေ့နေကျ ကိစ္စရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာဖရိက၌ The Alliance for a Green Revolution in Africa (AGRA) ဟူသော အဖွဲ့က ပုဂ္ဂလိကဘဏ်တို့၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ချေးငွေတို့ကို ထပ်ဆင့်အာမခံချက်ပေးသောကြောင့် လုပ်ကွက်ငယ်လယ်သမားတို့၏ ချေးငွေလိုအပ်ချက်ကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် (MADB)အား ဖွံ့ဖြိုးရေးဘဏ်အဖြစ် အသွင်ပြောင်းလဲခြင်းသည် AGRA အဖွဲ့၏ဝန်ဆောင်မှုမျိုး ဖြစ်ပေါ်လာစေရေးကို ဦးတည်စေမည်ဖြစ်သောကြောင့် ကြိုဆိုရမည့်ခြေလှမ်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ ဖွံ့ဖြိုးရေးဘဏ်အဖြစ် အသွင်ပြောင်းလဲခြင်းကို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများနှင့်တောင်သူလယ်သမားတို့ ပူးပေါင်းပါဝင်မည့် အာမခံစနစ်နှင့်အတူ ဖော်ဆောင်မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ရဲရင့်သောခြေလှမ်းတို့ကို ကြိုဆိုပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ ။

## ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယမန်နေ့ နံနက်ပိုင်းက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ ဝန်ကြီးများအား တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လက်ရှိတွင် ဆောင်ရွက်လျက်ရှိသော သူငွေးချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ လေးမြို့လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မောင်တောမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကျေးရွာအနီး ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အခြေအနေ၊ မဒဲကျွန်းတွင် ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ ကျောက်ဖြူ-မဒဲဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်နေမှု အခြေအနေနှင့် ဓာတ်အားစနစ် မရောက်ရှိသေးသည့် မာန်အောင်ကျွန်းတွင် လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမတွင် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်အလိုက် မီးသုံးစွဲသူဦးရေ၊ ၆၆/၁၁ ကေဗွီနှင့် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ အသုံးပြုလျက်ရှိသော ဝန်အားအခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအပေါ် လမ်းညွှန်မှာကြားခဲ့ပြီး ဘူးသီးတောင်နှင့် မောင်တောဒေသတို့တွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သောအရာထမ်း၊ အမှုထမ်း ၁၉ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေလေဆိပ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် National Energy Puma Aviation Services တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လေယာဉ်ဆီဖြန့်ဖြူးရေးဌာနခွဲသို့ ရောက်ရှိပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စစ်တွေမြို့ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၃**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၃၅၀၀ | - | ၉၄၃၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၃၅၀၀ | - | ၉၄၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၅/၇၈၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၇၂၅/၇၃၅ ကျပ်

***၂၈-၃-၂၀၁၈ ရက်နေ့မှ ၂-၄-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၅၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၈၆ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၉၈ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၀ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၈. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂. ၀၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၆၅၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၄. ၃၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၄၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၈. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၈၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ကမာရွတ်မြို့နယ် ထွေ/ အုပ် ရေကစားမဏ္ဍပ် ပါဝင်မည်

**ရန်ကုန် မေ ၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်ပယ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်ရှိ မြို့နယ်များအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေကစားမဏ္ဍပ်များ ဆောက်လုပ်မည်ဖြစ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေကစားမဏ္ဍပ်ကို ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းဂိတ်နှင့် မျက်နှာချင်းဆိုင် တက္ကသိုလ်စာတိုက်ဝင်းရှေ့၌ ပေ (၁၂၀× ၅၀) ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ် ဆောက်လုပ်မည်ဖြစ်သည်။

ကမာရွတ်မြို့နယ် ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ်ဖြစ်မြောက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် နာယကအဖွဲ့အပြင် ကျင်းပရေးဦးစီးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမာရွတ်မြို့နယ် ရေကစားနှင့် ဖျော်ဖြေရေးမဏ္ဍပ်၌ ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ၊ တစ်ဦးချင်း အဆိုရှင်များဖြင့် ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်သော်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု(၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

# နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီများနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးအေးမောင်စိန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များဖြစ်ကြသည့် ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စံပယ်ထွေးနှင့် ဦးမင်းသိမ်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ကောင်စီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်တိုင်းရင်းသားလူမှုရေးအဖွဲ့ဝင်များ၊ နေပြည်တော် မီးသတ်တပ်ဖွဲ့မှူး၊ နေပြည်တော်မှုခင်းတပ်ဖွဲ့မှူး၊ နေပြည်တော်ယာဉ်ထိန်း တပ်ဖွဲ့မှူးနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး၊ ရေရရှိရေးနှင့် ရေပက်ကစားရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီများမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တက်ရောက်လာကြသူများက ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ အနုပညာရှင်များ၊ နိုင်ငံကျော်ခေတ်ပေါ်တေးသံရှင်များနှင့် ဌာနဆိုင်ရာများမှ ယိမ်းအဖွဲ့ဝင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော်တွင် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် မဏ္ဍပ်ပေါင်း ၂၂ ခု ဆောက်လုပ်သွားမည်ဖြစ်ပြီး လမ်းလျှောက် သင်္ကြန်များလည်း ပါဝင်မည်ဖြစ်သည်။ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ပြီး ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်တွင်လည်း နေပြည်တော်ရှိ ရခိုင်တိုင်းရင်းသားများဖြင့် ရိုးရာနှင့်အညီ ရခိုင်သင်္ကြန်ပွဲတော်ကိုလည်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

**ရှေ့ဖုံးမှ**

"သစ်အလုံးလိုက် ပြည်ပပို့တာထက် သစ်ကို ပန်းပုရုပ်အဖြစ် ထုဆစ်ပြီး ပြည်ပပို့တာက နိုင်ငံခြားဝင်ငွေ ပိုရမယ်၊ ပြီးခဲ့တဲ့လက ပုဂံ၊ ညောင်ဦးကိုလာတဲ့ နိုင်ငံခြားသားတစ်ယောက်က အဲ့ဒီမှာရောင်းချတဲ့ ဆင်ရုပ်တွေကို သဘောကျလို့ အများကြီး ဝယ်ယူချင်တယ်၊ ဒါပေမဲ့ သူ့နိုင်ငံကို ဝယ်ယူတင်သွင်းဖို့အတွက် ဥပဒေအရ ခွင့်မပြုထားဘူး၊ ဒီလို တင်ပို့ခွင့်မရတဲ့အခါ လုပ်ငန်းရှင်အတွက်လည်း ဆုံးရှုံးတယ်၊ ပညာရှင်အတွက်လည်း ဆုံးရှုံးတဲ့အပြင် နိုင်ငံတော်ကရရှိမယ့် အခွန်ဘဏ္ဍာတွေလည်း ဆုံးရှုံးတယ်၊ ပန်းပုထုတဲ့သစ်ဆိုတာ လမ်းဘေးသစ်တွေ များပါတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ နိုင်ငံရဲ့ အမှိုက်ပါ၊ အမှိုက်ကနေ ရွှေဖြစ်မယ့် ကိစ္စတွေမှာ ဝန်ကြီးဌာနတွေကို ဖြေလျှော့ပေးဖို့ တင်ပြသွားမယ်"ဟု ၎င်းက ပြောသည်။

ပန်းပုရုပ်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ပါက နိုင်ငံ၏ ယဉ်ကျေးမှုအနုပညာပုံရိပ်ကို ကမ္ဘာသို့ ပိုမိုပျံ့နှံ့စေနိုင်ပြီး ပြည်တွင်းပန်းပုလုပ်ငန်း၏ ဈေးကွက်ကို အထောက်အကူပြုစေမည်ဖြစ်သော်လည်း လက်ရှိတွင် တင်ပို့ခွင့်မရှိခြင်းကြောင့် ပြည်တွင်းပန်းပုပညာရှင်များ အလုပ်အကိုင်ရှားပါးခြင်း၊ တိမ်မြုပ်ပျောက်ကွယ်ခြင်းနှင့် မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားမှုမရှိခြင်းတို့ကို ကြုံတွေ့နေရကြောင်း သိရသည်။

"အရင်က မန္တလေးမြို့ရဲ့ တမ္ပဝတီ အရပ်မှာ ပန်းပုဆရာတွေက အလုပ်နဲ့ လက်နဲ့မပြတ်အောင် ပန်းပုဈေးကွက်ကောင်းခဲ့တယ်၊ အခု ပန်းပုဆရာတော်တော်များများက ဆိုင်ကယ်တက္ကစီ မောင်းသမားနဲ့ မြင်းလှည်းဆရာတွေ ဘဝကို ရောက်နေကြတယ်၊ သူတို့အလုပ်မဖြစ်တော့ သူတို့သားသမီးတွေကလည်း ဒီလုပ်ငန်းကို စိတ်ဝင်စားမှု မရှိကြတော့ဘူး၊ ကြာရင် ဒီပညာရပ်က တိမ်မြုပ်ပျောက်ကွယ်သွားတော့မယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



လက်ရှိတွင် နိုင်ငံတော်အစိုးရက သစ်လုပ်ငန်းရှင်များအတွက် ဖြေလျှော့မှုများအနေဖြင့် ယခင်လိုင်စင် သက်တမ်းသတ်မှတ်ချက်ကို တစ်နှစ်မှ ငါးနှစ်အထိ တိုးမြှင့်ခွင့်ပြုထားသည့်အပြင် ပန်းပုရုပ်တုများကို နိုင်ငံခြားသယ်ယူခွင့်အနေဖြင့် သမဝါယမဆိုင်များတွင် ဝယ်ယူပါက ဒေါ်လာ ၁၀၀၀ ဖိုးနှင့် အခြားအရောင်းဆိုင်များမှ ဒေါ်လာ ၅၀၀ ဖိုးအထိ လွတ်လပ်စွာ ဝယ်ယူသယ်ဆောင်ခွင့်ပြု ပေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန် နှိုးဆော်

၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၇ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၇၅၉ ဦး၊ သေဆုံး ၁၃၉ ဦးရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများယာဉ်မတော်တဆမှုကြောင့်ထိခိုက်နစ်နာမှုမရှိစေရေး၊ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူးစည်းကမ်းမဲ့မောင်းနှင်ခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်း မောင်းခြင်း မပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသောယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအားမောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များအိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့၊ နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲစီးခြင်းများမပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# အိန္ဒိယနိုင်ငံတစ်ဝန်း ဒါလစ်ဇာတ်နိမ့်များ၏ ဆန္ဒပြပွဲများအတွင်း ခြောက်ဦးထက်မနည်းသေဆုံး



**နယူးဒေလီ မေ ၃**
အိန္ဒိယနိုင်ငံတစ်ဝန်း၌ ဒါလစ်ဇာတ်အမျိုးအနွယ်ဝင်များ၏ ဆန္ဒပြပွဲများအတွင်း ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းများ ဖြစ်ပွားမှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ ဇာတ်အမျိုးအနွယ် သတ်မှတ်သော စနစ်တွင် အောက်ဆုံးလူတန်းစားအလွှာဖြစ်သော ဒါလစ်မျိုးနွယ်များက တရားရုံးချုပ်၏ အမိန့်တစ်ရပ်ကို ကန့်ကွက်ကြရာမှ နိုင်ငံတစ်ဝန်းတွင် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

ဒါလစ်အမျိုးအနွယ်များအား ကာကွယ်စောင့်ရှောက်ပေးထားသော အထူးဥပဒေတစ်ရပ်ပါ စည်းမျဉ်းအချို့ကို တရားရုံးချုပ်က ပယ်ဖျက်ပေးခဲ့ခြင်းအတွက် ဒေါသထွက်နေသော ဆန္ဒပြသူများက ဘတ်စ်ကားများနှင့် အစိုးရဌာန အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ ရထားလမ်းများကို ပိတ်ဆို့ထားခြင်း၊ အဝေးပြေးလမ်းများကို ပိတ်ဆို့ထားခြင်းတို့ ပြုလုပ်ခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။

ဆန္ဒပြပွဲများအတွင်း အဓိကရုဏ်းများဖြစ်ပွားမှုကြောင့် မာဒယာပရာဒေ့ရှ် ပြည်နယ်တွင် လေးဦး၊ ဥတာပရာဒေ့ရှ်ပြည်နယ်တွင် တစ်ဦးနှင့် ရာဂျာစသန်ပြည်နယ်တွင် တစ်ဦး သေဆုံးခဲ့ရကြောင်း၊ ယခုအခါ မငြိမ်မသက်ဖြစ်မှုများကို လုံခြုံရေးတပ်ဖွဲ့များက ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆန္ဒပြပွဲများအတွင်း ရဲတပ်ဖွဲ့ဝင် ၃၀ ခန့်နှင့် ဆန္ဒပြသူ ၃၀ မှ ၃၅ ဦးခန့်အထိ ထိခိုက်ဒဏ်ရာရရှိကြောင်း ဥတာပရာဒေ့ရှ်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးက ပြောကြားသည်။

ရာဂျာစသန်ပြည်နယ် အယ်လ်ဝါမြို့၌ အဓိကရုဏ်းများဖြစ်ပွားစဉ် လူနှစ်ဦးမှ သုံးဦးအထိ သေနတ်ကျည်ထိမှန်ခံခဲ့ရပြီး လူ ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်နယူးဒေလီ၊ ပန်ဂျပ်ပြည်နယ်နှင့် ဘီဟာပြည်နယ်တို့တွင်လည်း မငြိမ်မသက်မှုများဖြစ်ပွားခဲ့သည်။

ခွဲခြားဆက်ဆံခံနေရသော ဇာတ်နိမ့်များအား ကာကွယ်စောင့်ရှောက်ပေးသည့် အထူးဥပဒေတစ်ရပ်အရ ဇာတ်နိမ့်များဘက်မှ ကာကွယ်ပေးသော စည်းမျဉ်းအချို့ကို တရားရုံးချုပ်က ပြန်လည်ဖျက်သိမ်းပေးလိုက်ခြင်းသည် ဇာတ်နိမ့်များအား ခွဲခြားဆက်ဆံမှု ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ဒါလစ်ခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။ ဇာတ်နိမ့်များအား ဇာတ်မြင့်သူများက လက်ရောက်တိုက်ခိုက်မှုများ ပြုလုပ်ပါက ပြစ်မှုကျူးလွန်သူများအား ခြွင်းချက်မရှိဖမ်းဆီးခြင်းကို ပိတ်ပင်ရန် တရားရုံးချုပ်က ညွှန်ကြားခဲ့သည်ဆို၏။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဂူဂျာရတ်ပြည်နယ်၌ ဇာတ်နိမ့် ဒါလစ်လူငယ်တစ်ဦးကို ဇာတ်မြင့်သူများက သေဆုံးသည်အထိ ရိုက်နှက်ခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ အဆိုပါ ဒါလစ်လူငယ်လေးသည် ကြွယ်ဝချမ်းသာမှု၏ပြယုဂ်အဖြစ် မြင်းတစ်ကောင်ပိုင်ဆိုင်မှုကို အကြောင်းပြု၍ ရိုက်နှက်ခံခဲ့ရခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

## မက္ကဆီကို၌ ထောင်တွင်းဆူပူမှုဖြစ်ပွားရာ အကျဉ်းသားများ အပါအဝင် ခုနစ်ဦးသေဆုံး



မက္ကဆီကို စီးတီး မေ ၃
မက္ကဆီကိုနိုင်ငံအရှေ့ပိုင်း ဗာရာခရုဇ်ပြည်နယ်တွင် ထောင်တွင်း ဆူပူမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးအပါအဝင် လူပေါင်း ခုနစ်ဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အကျဉ်းထောင် ဆူပူမှုဖြစ်ပွားခဲ့သော လာတိုမာအကျဉ်းထောင်၌ အကျဉ်းသား ၁၃၀၀၀ ခန့်က အကျဉ်းထောင်ညွှန်ကြားရေးမှူးနှင့် အကျဉ်းထောင်လုံခြုံရေးမှူးတို့အား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြရာမှ မတ် ၃၁ ရက် ည ၁၀ နာရီတွင် ထောင်ဆူမှု စတင်ဖြစ်ပွားခဲ့သည်။

### တားဆီးခဲ့

ဗာရာခရုဇ်ပြည်နယ် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး အခြေအနေကို ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ကြသည်။ အကျဉ်းသားများက ခေါင်းအုံးများကို မီးရှို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ အကျဉ်းသားများသည် ရဲတပ်ဖွဲ့ဝင်များကို ကိရိယာ တန်ဆာပလာများဖြင့် တိုက်ခိုက်ခဲ့ကြသည်ဟု သတင်းများပေါ်ထွက်ခဲ့သော်လည်း ရဲတပ်ဖွဲ့များ သေဆုံးမှုသည် အသက်ရှူမွန်းကျပ်မှုကြောင့် ဖြစ်ကြောင်း ရှေ့နေချုပ်ရုံးက ပြောကြားသည်။ ပဋိပက္ခအတွင်း အကျဉ်းသား ၁၀ ဦးထက် မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထောင်တွင်းဆူပူမှုကို မေ ၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ အကျဉ်းထောင်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းထားကာ အကျဉ်းသားများ၏ မိသားစုဝင်များ ထောင်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရန် တားဆီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆင်ဟွာ

## ဆိုမာလီနိုင်ငံ အလယ်ပိုင်းတွင် မြေမြှုပ်မိုင်း ပေါက်ကွဲ ခုနစ်ဦးထက်မနည်း သေဆုံး

**မိုဂါဒစ်ရှူး မေ ၃**
ဆိုမာလီနိုင်ငံအလယ်ပိုင်း ဟီရာအန်ဒေသရှိ ဘူလာဘာတီခရိုင်တွင် မေ ၂ ရက်က လမ်းဘေးထောင် မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ မိသားစုဝင် ခြောက်ဦး အပါအဝင် လူခုနစ်ဦးထက်မနည်း သေဆုံးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အယ်လ်ရှာဘတ် စစ်သွေးကြွများက နောက်ဆုံးပြုလုပ်သည့် မိုင်းထောင် တိုက်ခိုက်မှုကြောင့် ဖခင်တစ်ဦး၊ မိခင်တစ်ဦးနှင့် ၎င်းတို့၏သားသမီးလေးဦးတို့ သေဆုံးခဲ့ရကြောင်း ယင်းခရိုင်အုပ်ချုပ်ရေးမှူး အဗ္ဗဒီဒါဟီဟာဂူရေးက အတည်ပြုပြောကြားသည်။

အဆိုပါ မြေမြှုပ်မိုင်းသည် ဘူလာဘာတီမြို့အနီးတွင် ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း၊ လူခြောက်ဦးပါ မိသားစု တစ်စု သေဆုံးပြီး ယင်းမိသားစုသည် ဝက်သက်ရောဂါခံစားနေရသည့် ကလေးများကို ခေါ်ဆောင်ကာ ဘူလာဘာတီမြို့သို့ လာရောက်စဉ် ယင်းဖြစ်ရပ် ဖြစ်ပွားခြင်းဖြစ်ကြောင်း ဂူရေးက ပြောကြားသည်။

အယ်လ်ရှာဘတ်စစ်သွေးကြွများက အဆိုပါလမ်းကို အသုံးပြု မောင်းနှင်သွားလာသည့် ဆိုမာလီစစ်ဘက်မှ မော်တော်ယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ရန် ရည်ရွယ်၍ မြေမြှုပ်မိုင်းထောင်ထားခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ယင်းလမ်းဘေး ဗုံးထောင်တိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုကမျှ ၎င်းတို့၏လက်ချက်အဖြစ် ထုတ်ဖော် ပြောကြားခြင်းမရှိပေ။ သို့သော်အယ်လ်ရှာဘတ်သူပုန်အဖွဲ့သည် အနောက်အုပ်စုက ထောက်ခံအားပေးသည့် ဆိုမာလီအစိုးရအား ဖြုတ်ချရေးအတွက် လမ်းဘေး ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်မှုများကို မကြာခဏ ပြုလုပ်လေ့ရှိသည်။

အာဖရိကသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များ၏ ကျောထောက် နောက်ခံပြု ဆိုမာလီတပ်မတော်နှင့် စစ်သွေးကြွများအကြား ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ပွားနေချိန်အတွင်း စစ်သွေးကြွများက မြေမြှုပ်မိုင်းထောင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# တောင်အာဖရိက သမ္မတဟောင်း မန်ဒဲလား၏ ဇနီးဟောင်း လှုပ်ရှားတက်ကြွသူ ဝင်နီမန်ဒဲလား ကွယ်လွန်

**ဂျိုဟန်နစ္စဘတ် မေ ၃**
တောင်အာဖရိကနိုင်ငံတွင် လူဖြူလူမည်း အသားအရောင်ခွဲခြားမှုကို ဆန့်ကျင်ခဲ့သည့် ထင်ရှားကျော်ကြားသော လှုပ်ရှားတက်ကြွသူနှင့် ယင်းနိုင်ငံ၏ သမ္မတဟောင်း နယ်လ်ဆင်မန်ဒဲလား၏ ဇနီးဟောင်းဖြစ်သူ ဝင်နီမန်ဒဲလား (အသက် ၈၁ နှစ်)သည် မေ ၂ ရက်တွင် ကွယ်လွန်သွားပြီ ဖြစ်သည်။

ဝင်နီမန်ဒဲလားသည် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသော်လည်း တောင်အာဖရိကအများပြည်သူတို့အတွင်း သဘောထားအမြင်ကွဲပြားစွာ မှတ်ချက်ပေးခံရသူ တစ်ဦးဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သွားခြင်းအတွက် အများပြည်သူတို့က ဝမ်းနည်းကြေကွဲကြရပြီး လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုစကားဆိုကြကြောင်း သတင်းတွင် ဖော်ပြသည်။


ရဲရင့်တက်ကြွသော လှုပ်ရှားတက်ကြွသူ ဝင်နီမန်ဒဲလားသည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ရှိ ဆေးရုံတွင် ကွယ်လွန်ခဲ့ကြောင်း ၎င်း၏ မိသားစုက ပြောကြားသည်။ ဝင်နီမန်ဒဲလားသည် အသားအရောင်ခွဲခြားဖိနှိပ်သည့် စနစ်ကျင့်သုံးသည့် တောင်အာဖရိကနိုင်ငံတွင် ယင်းစနစ်ကို ရှုပ်ရှုပ်ခြုံခြုံ ဆန့်ကျင်တိုက်ခိုက်ခဲ့သူဖြစ်ကြောင်း၊ ၎င်းကို တောင်အာဖရိကနိုင်ငံ တစ်ဝန်းတွင် နိုင်ငံ၏ မိခင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သိရှိကြကြောင်း ၎င်း၏ မိသားစုက ပြောကြားသည်။

ဝင်နီမန်ဒဲလားသည် နယ်လ်ဆင်မန်ဒဲလားနှင့် ၃၈ နှစ်ကြာ ပေါင်းသင်းနေထိုင်ခဲ့ပြီး အသားအရောင်ခွဲခြားဆက်ဆံသည့် အုပ်စိုးမှုကို ဆန့်ကျင်တိုက်ခိုက်မှုတွင် လူဖြူအုပ်စိုးမှု ကျဆုံးချိန်အထိ တက်ကြွစွာ ပါဝင်ခဲ့သည်။ ဝင်နီမန်ဒဲလားသည် သမိုင်းတွင်ရစ်သူဖြစ်သော်လည်း ၎င်း၏ လုပ်ဆောင်ချက်အချို့မှာ အငြင်းပွားဖွယ်ရာဖြစ်ရသည်။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးက ဖိနှိပ်ချုပ်ချယ်မှုများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ရှင်းလင်းပြတ်သားသော သင်္ကေတဟု ဝင်နီမန်ဒဲလားအား ထုတ်ဖော်ပြောကြားသည်။

**အေအက်ဖ်ပီ**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ




**နေပြည်တော် မေ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE Sang-hwa အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၊ မိုင်းရှင်းလင်းရေးဆိုင်ရာလုပ်ငန်းများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် မေ ၃**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး မစ္စ အူဆူလာမူလာ အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၊ မိုင်းရှင်းလင်းရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်အား တွေ့ဆုံ

**နေပြည်တော် မေ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး မစ္စ အူဆူလာမူလာနှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များအပြီး လူသားချင်းစာနာမှု အကူအညီများထောက်ပံ့နိုင်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် UEHRD ၏ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် သက်ဆိုင်ရာကဏ္ဍများတွင် အကောင်အထည်ဖော်နေသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များအရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အဆင်သင့်ဖြစ်နေမှုများ၊ ၂၀၁၂ ခုနှစ်က ဖွင့်လှစ်ခဲ့သော ခိုလှုံရေးစခန်းများ ပိတ်သိမ်းနေပြီး ပြန်လည်နေရာချထားရေးအတွက် ဘက်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရန်၊ ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ နိုင်ငံသားဖြစ်မှုစိစစ်ရေး လုပ်ငန်းတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေမှုများ၊ UNOCHA အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများအား ကူညီပံ့ပိုးမည့်ကိစ္စများ၊ နိုင်ငံတွင်းရှိအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးကိစ္စများ၊ နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လိုသူများ စားဝတ်နေထိုင်ရေး အခြေအနေတိုးတက်စေရန် ကူညီထောက်ပံ့မည့် ကိစ္စရပ်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများတွင် Civil-Military ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပိုမိုပေးအပ်မည့် ကိစ္စများနှင့် မြန်မာနိုင်ငံနှင့် ရေရှည်ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သတင်းမီဒီယာ သုတအဖြာဖြာစာအုပ်ထွက်ရှိ


**နေပြည်တော် မေ ၃**

စာရေးဆရာ၊ သတင်းစာဆရာ ဦးဟန်ညွန့်(ဥပဒေ)ရေးသားပြုစုသော "သတင်းမီဒီယာ သုတအဖြာဖြာ" စာအုပ်ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ၂၀၁၈ ခုနှစ် မတ်လကုန်တွင် ပထမအကြိမ် ပုံနှိပ်ဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါစာအုပ်သည် သတင်းမီဒီယာသမားတိုင်း လေ့လာဖတ်ရှုသင့်၍ သတင်းမီဒီယာဆိုင်ရာ ဗဟုသုတ သိရှိရ ပြီး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဟံသာဝတီ ဦးအုန်းကြိုင်က အမှာစာရေးသားမိတ်ဆက်ထားသည်။

ဥပဒေနှင့် ပြည်သူ၊ သတင်းမီဒီယာသမားများ သိသင့်သည့်ဥပဒေများ ဆွေးနွေးခန်း၊ ဝန်ကြီးဌာနများနှင့် သတင်းမီဒီယာ၊ သတင်းသမားစဉ်းစားဝေဖန်၊ သတင်းမီဒီယာကျင့်ဝတ်နှင့် ဥပဒေ၊ မမှန်သတင်း၊ အကြမ်းဖက်မှုစသည့် ဆောင်းပါးများအပါအဝင် သတင်းမီဒီယာဆိုင်ရာ ဆောင်းပါး ၇၃ ပုဒ် ဖော်ပြပါရှိကြောင်း သိရသည်။

**ကြေးမုံ**




# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၃၀-၃-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေး ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၆-၂-၂၀၁၈ ရက်နေ့မှ ၉-၃-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခြောက်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် လေးဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ လေးဦး ပေါင်း ၁၀ ဦး ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၀၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၃၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၈ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၃၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

# မြန်မာနိုင်ငံမှ လမ်းများ ရေရှည်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းကြိုးပမ်းကြပါစို့

ခရမ်းစိုးမြင့်

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ လမ်းသစ်ဖောက်လုပ်ခြင်း၊ ရှိပြီးသောလမ်းများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း စသောလုပ်ငန်းများအား တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်တင်၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ၁၉၈၈ ခုနှစ်တွင် မြန်မာတစ်ပြည်လုံး၌ လမ်းမိုင်အရှည် စုစုပေါင်း ၁၃၆၃၅ မိုင်သာ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ စုစုပေါင်းလမ်းမိုင် ၂၅၈၆၇ မိုင် ရှိနေပြီဖြစ်သောကြောင့် လမ်းမိုင်ပေါင်း ၁၂၂၃၂ မိုင် တိုးတက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်မှုလည်း နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

**နိစ္စဓူဝ**

အထူးသဖြင့် မြန်မာနိုင်ငံတွင် လမ်းများ ယခင်ကထက် တိုးတက်များပြားလာသကဲ့သို့ လမ်းအသုံးပြုသွားလာနေသော ယာဉ်များလည်း တိုးတက်များပြားလျက်ရှိသည်မှာ မျက်မြင်ပင်ဖြစ်သည်။ လမ်းပေါ်မှယာဉ်များကို လေ့လာပါက နိစ္စဓူဝ သွားလာလှုပ်ရှားနေသောလူများအား ပို့ဆောင်ပေးနေသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များရှိသလို ကုန်တင်ယာဉ်ကြီးများလည်း သွားလာမောင်းနှင်လျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

သတ်မှတ်ကုန်ထက် ပိုမိုတင်ဆောင်သောယာဉ်များကြောင့် လမ်းပျက်ယွင်းမှုများ ဖြစ်ပွားနေရကြောင်း၊ သို့ဖြစ်၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၎င်းပိုင် လမ်းဂိတ်များ လေလံစနစ်ဖြင့် ကောက်ခံသော လမ်းအသုံးပြုခကောက်ခံရေးဂိတ်များ၊ B.O.T လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများ၏ ဂိတ်များနှင့်ပူးပေါင်း၍ ဂိတ်များတွင် ကတ္တားများထားကာ ကုန်တင်ယာဉ်များ၏ တန်ပိုတင်မောင်းနှင်မှုကို ထိန်းချုပ်ရန် ကြိုးစားခဲ့သည်။

**ကြုံတွေ့နေရ**

သို့သော် ထိုလှုပ်ရှားမှုသည် မြန်မာနိုင်ငံရှိ လမ်းများ ကြံ့ခိုင်ရေးအတွက် ကောင်းသောအစီအစဉ်ဖြစ်ပါသည်။ ထို့နောက် ကုန်တင်ယာဉ်ကြီးများနှင့် ဂိတ်အသီးသီးရှိ ကတ္တားတို့အကြား ပြဿနာအမျိုးမျိုး ကြုံတွေ့နေရကြောင်း ကြားသိရသည်။

နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရ ကုမ္ပဏီဖြစ်သည့် ပြည့်စုံဟိန်းကုမ္ပဏီ(Zin-9)နှင့် မြပန်ဝါကုမ္ပဏီတို့ဖြင့် ၁၁-၁-၂၀၁၈ ရက်နေ့မှ ၃-၂-၂၀၁၈ ရက်နေ့အထိ သတ်မှတ်ပေးသော



ထောက်ကြန့်တိုးလ်ဂိတ်၌ ကတ္တားများကို စံကိုက်စစ်ဆေးနေစဉ်။

လမ်းကြောင်းနှင့် တိုးလ်ဂိတ်များရှိ ကတ္တားများအားလုံး စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ယင်းကာလအတွင်း တိုးလ်ဂိတ်များ၌ တန်ချိန် ကွာဟမှုတို့ကြောင့် အငြင်းပွားမှုမဖြစ်စေရေးအတွက် သတ်မှတ်ထားသော တန်ချိန်ထက် အနည်းငယ် ပိုမိုခဲ့သော်လည်း ဖြေလျှော့ဖြတ်သန်းခွင့်ပြုပေးခဲ့သည်။

**ကတ္တား၏ အလေးချိန်အတိုင်း**

ယခုအခါ ကတ္တားများအားလုံး အလေးချိန်စံကိုက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်စစ်ဆေးပြီးဖြစ်၍ ၂၂-၂-၂၀၁၈ ရက်နေ့မှစတင်ပြီး တန်ပိုတင်ဆောင်ခြင်း မပြုရန်အတွက် တိုးလ်ဂိတ်များတွင် ကုန်တင်ယာဉ်များ ကတ္တားချိန်တွယ်ရာ၌ ၎င်းတိုးလ်ဂိတ်ရှိ ကတ္တား၏ အလေးချိန်အတိုင်း သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည်။

**ဝင်ရိုးအလိုက် စုစုပေါင်း အလေးချိန်**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံတွင် သဘောတူညီပြီးဖြစ်သည့် ယာဉ်များနှင့်ပတ်သက်သည့် ဝင်ရိုးတစ်ခု၏ အများဆုံး အလေးချိန် သတ်မှတ်ချက်၊ ဝင်ရိုးအလိုက် စုစုပေါင်း အလေးချိန်နှင့်ယာဉ်၏ သတ်မှတ်ချက်အတိုင်းအတာ



အောင်သပြေတိုးလ်ဂိတ်၌ ကတ္တားများကို စံကိုက်စစ်ဆေးနေစဉ်။

များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။ ယာဉ်အသုံးပြုသူများ အနေဖြင့်လည်း မော်တော်ယာဉ်ထုတ်လုပ်သူက သတ်မှတ်ထားသည့် Catalouge ပါ ဝန်တင်ဆောင်နိုင်သည့် စွမ်းအား Pay Load နှင့်အညီ တင်ဆောင်ပြေးဆွဲမှသာ လမ်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်နိုင်မည်ဖြစ်ပေသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှလည်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်တွင် တပ်ဆင်ထားသည့် ဝင်ရိုးအရေအတွက်အပေါ် မူတည်၍ ယာဉ်နှင့်ကုန် စုစုပေါင်းအလေးချိန် ခံနိုင်ဝန်အားကို အောက်ပါအတိုင်း သတ်မှတ်ပြီး ရုံးအမိန့်ညွှန်ကြားချက် (၂၉/၉၉) နှင့် (၁၁/၂၀၀၀) တို့ဖြင့် သတ်မှတ်ထုတ်ပြန် ထားပြီးဖြစ်သည်ဟု သိရသည်။ ၎င်းသတ်မှတ်ချက်မှာ-

ဝင်ရိုးသုံးခုပါ ကုန်တင်ယာဉ် ၂၁၀၀၀ ကီလိုဂရမ်(၂၁ တန်)

ဝင်ရိုးလေးခုပါ ကုန်တင်ယာဉ် ၂၅၀၀၀ ကီလိုဂရမ်(၂၅ တန်)

ယခုအခါ နိုင်ငံတိုင်း၌ လမ်းအင်ဂျင်နီယာများသည် လမ်းပျက်ယွင်းမှုနည်းစေရန် လမ်းများကို ဒီဇိုင်းစံချိန်စံညွှန်းအတိုင်း တည်ဆောက်လျက် လမ်းပေါ်သွားလာသည့် ယာဉ်များ၏ဖိအားသည် လမ်းခံနိုင်ရည်ဘောင်အတွင်းရှိစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဥပဒေစည်းကမ်းများထုတ်လျက် ယာဉ်များကို ထိန်းသိမ်းနေကြပါသည်။

**သတ်မှတ်တန်ချိန်**

ကုန်စည်စီးဆင်းမှု တိုးတက်ရန်အတွက် ယာဉ်အစီးရေနည်းနည်းနှင့် ကုန်များများပို့နိုင်ရန် လိုအပ်သော်လည်း တစ်ဖက်မှ လမ်းပျက်ယွင်းစေမည် ဖြစ်သဖြင့် မြန်မာနိုင်ငံအဝေးပြေးလမ်းများပေါ်တွင် ပြေးဆွဲလျက်ရှိကြသည့် ကုန်တင်ယာဉ်များအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုးလ်ဂိတ်များနှင့် B.O.T လမ်း၊ တံတားဂိတ်များတွင်ရှိသည့် ကုန်ချိန်ကတ္တားများကို အလေးချိန်စံ ကိုက်ညှိခြင်း ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် ကုန်တင်ယာဉ်ကြီးများ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ပြေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံမှ လမ်းများရေရှည်တည်တံ့ကောင်းမွန်စေရန် ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



ထောက်ကြန့်တိုးလ်ဂိတ်၌ ကတ္တားများကို စံကိုက်စစ်ဆေးနေစဉ်။

"မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အားလျော်စွာ အာဆီယံတွင် သဘောတူညီပြီးဖြစ်သည့် ယာဉ်များနှင့် ပတ်သက်သည့် ဝင်ရိုးတစ်ခု၏ အများဆုံး အလေးချိန် သတ်မှတ်ချက်၊ ဝင်ရိုးအလိုက် စုစုပေါင်း အလေးချိန်နှင့် ယာဉ်၏ သတ်မှတ်ချက်အတိုင်းအတာများနှင့် အညီ လိုက်နာ ဆောင်ရွက်လျက်ရှိသည်။ ယာဉ်အသုံးပြုသူများ အနေဖြင့် မော်တော်ယာဉ်ထုတ်လုပ်သူက သတ်မှတ်ထားသည့် Catalouge ပါ ဝန်တင်ဆောင်နိုင်သည့် စွမ်းအား Pay Load နှင့်အညီ တင်ဆောင် ပြေးဆွဲမှသာ လမ်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်နိုင်မည်"

# ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဓာတ်လှေကားသစ် နှစ်စင်းဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ ကျင်းပ



**ရန်ကုန် ဧပြီ ၃**
ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ဘုရားဖူးပြည်သူများ စိတ်ကြည်လင်ချမ်းမြေ့စွာ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ဓာတ်လှေကားသစ်နှစ်စင်းဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါ ဓာတ်လှေကားရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအလှည့်ကျဂေါပကအဖွဲ့ဝင် သဘာပတိ ဦးဝင်းနိုင်၊ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ မစ္စတာကိုဘရရှိနှင့် မစ်ဆူဘီရှီအီလက်ထရစ် (MELCO)မှ မစ္စတာ စစခီ တို့က ဓာတ်လှေကားသစ်နှစ်စင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် မစ်ဆူဘီရှီ ကော်ပိုရေးရှင်းမှ မစ္စတာကိုဘရရှိနှင့် မစ်ဆူဘီရှီအီလက်ထရစ် (MELCO)မှ မစ္စတာ စစခီတို့က လှူဒါန်းရသည့် အကြောင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဝင်းနိုင်က ဂုဏ်ပြုထောမနာစာတမ်းလွှာကို ဖတ်ကြားသည်။

ယင်းနောက် အလှူရှင် မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့် မစ်ဆူဘီရှီအီလက်ထရစ်(MELCO)တို့မှ ဓာတ်လှေကားသစ်နှစ်စင်းနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး သက်တမ်းမှာ ၂၆၀၆ နှစ်ရှိပြီ ဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြည်တွင်း ပြည်ပဒေသအသီးသီးမှ လာရောက်ဖူးမြော်ကြသော ဘုရားဖူးဧည့်သည်အရေအတွက်သည် ပုံမှန်ရက်များတွင် ၈၀၀၀၀ ခန့်နှင့် အခါကြီးရက်ကြီးများတွင် နှစ်သိန်းခန့် လာရောက်ဖူးမြော်လျက်ရှိသည်။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့အနေဖြင့် လာရောက်ဖူးမြော်ကြသည့် ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ အဆင်ပြေစိတ်ချမ်းသာစွာ ရင်ပြင်ပေါ်သို့ တက်ရောက်နိုင်စေရန် ဓာတ်လှေကား၊ စက်လှေကားများ တည်ဆောက်တပ်ဆင်ပေးထားသည်။

အရှေ့ဘက်မုခ် မူလဓာတ်လှေကားနှစ်စင်းမှာ ၁၉၉၆ ခုနှစ်က တပ်ဆင်ထားခဲ့သော်လည်း သက်တမ်းနှစ် ၂၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်၍ ဆက်လက်သုံးစွဲရန် မသင့်လျော်သဖြင့် ဓာတ်လှေကား အသုံးပြုသူများ ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန်အတွက် မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့် မစ်ဆူဘီရှီအီလက်ထရစ် (MELCO)တို့က အသစ်တပ်ဆင်လှူဒါန်းခြင်း ဖြစ်သည်။

ယခုအသစ်တပ်ဆင်လှူဒါန်းသော ဓာတ်လှေကားမှာ မစ်ဆူဘီရှီအမှတ်တံဆိပ် ၂၀ ယောက်စီး(1350KG) ဓာတ်လှေကား နှစ်စင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဝဲကြီးဆည်ရေသောက်စနစ်တွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု တိုင်းတာစစ်ဆေး



**ပေါင်းတည် ဧပြီ ၃**
နိုင်ငံတော်အစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့၏ သဘောတူညီချက်အရ တရားဝင် ဖွံ့ဖြိုးရေး ချေးငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂)မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ပုံမှန်စာရင်းစစ်ဆေးခြင်းနှင့် မြေပြင်မျက်မြင် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝဲကြီးဆည် ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ အားလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် လက်ဝဲတူးမြောင်းမကြီး ရေသောက်စနစ်မှ နွေစပါးဧက ၅၇၂၀ ကို ရေပေးဝေလျက်ရှိသည့်အပြင် လက်ယာလက်တံမြောင်း အမှတ် (၁)နှင့်(၂)တို့မှ နွေနှမ်းစိုက်ဧက ၅၀၀ ကိုလည်း ရေပေးဝေလျက်ရှိသည်။ စီမံကိန်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအားလုံးပြီးစီးသွားပါက ဆည်ရေသောက်ဧရိယာ ၄၀၄၂၈ ဧကအား အပြည့်အဝရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင် (ပြည်)**

# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၃**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၁၈ ခုနှစ် ပါဠိ ပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ သတ္တမနေ့အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) သတ္တမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၂၀၂၃ ပါး အနက် ၁၀၀၁၂ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၂၇ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



ဧပြီ ၂ ရက်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မိုးနက်ကျေးရွာ မိုးနက်ကျောင်းတိုက်ဆရာတော် ဦးကောဝိဒ ဦးဆောင်၍ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းတိုက်ကြီး၏ ဓမ္မာရုံ၌ သင်ကြားပို့ချရာ အခြေခံပညာမူလတန်းအဆင့်မှ အလယ်တန်းအဆင့်အထိ ကျောင်းသား ကျောင်းသူ ၃၅၀ ကျော် တက်ရောက်သင်ယူကြစဉ်။

**ဌေးကြိုင်(မင်္ဂလာဒုံ)**

# မြစိမ်းရောင်ကျေးရွာများ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်

**ရွှေကူ ဧပြီ ၃**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာဆင့်ပွားသင်တန်းကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာ ခြောက်ရွာအား သင်တန်းပို့ချခဲ့သည်။ ကျေးရွာ ခြောက်ရွာမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်ဘဏ္ဍာရေးဆပ်ကော်မတီဝင်များ တက်ရောက်ကြပြီး မြို့နယ်မြစိမ်းရောင်တာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ငွေစာရင်းထိန်းသိမ်းနည်းပုံစံရှစ်မျိုး၊ စာအုပ်ရေးသွင်းနည်းများကို သင်တန်းပို့ချသည်။ ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်မြစိမ်းရောင်တာဝန်ခံက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီက မူခင်းကျဆင်းရေးနှင့် အသိပညာပေးဟောပြောမှုအဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ)ရဲမှူး အောင်မြတ်စိုး ပညာပေးဟောပြောရာ လုပ်ငန်းရှင် ၁၂၀ ခန့် တက်ရောက်ကြစဉ်။

**ကြေးမုံ**

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဧပြီ ၃**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းစိုးနှင့် လော်ကားစခန်းမှူး ရဲအုပ်မျိုးသန့်တို့သည် အမှတ်(၁၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များ အန္တရာယ်မကျရောက်စေရန် ရည်ရွယ်၍ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂ ရက် ည ၇ နာရီခွဲက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရပ်ကွက်နေပြည်သူ ၇၅ ဦးအား ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများနှင့် မိဘများမှ ကလေးသူငယ်များအား မိမိတို့မမြင်ကွယ်ရာတွင် ထားရှိရန်မသင့်ကြောင်း ဆိုဆုံးမခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ခွဲခြားတတ်စေရန်တို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နေပြည်တော်၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်း၊ ဓာတ်တိုင် လဲပြိုကျမှုများကို ပြုပြင်ဆောင်ရွက်နေမှုများအား ဒုတိယဝန်ကြီး လှည့်လည်ကြည့်ရှု



**နေပြည်တော် မေ ၃**

နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်များ၌ မတ် ၃၁ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် လေပြင်းများ ရုတ်တရက်တိုက်ခတ်မှုနှင့် အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်များ လဲကျခြင်း၊ ဓာတ်တိုင်အချို့ လဲကျခြင်းများဖြစ်ပေါ်၍ ပြည်ထောင်စုနယ်မြေအတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၆)၊ အမှတ်(၈) ဓာတ်အားခွဲရုံနှင့် ပျဉ်းမနားမြို့နယ်ရှိ ခွဲရုံများ၏ ၃၃ ကေဗွီ နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဓာတ်အားလိုင်းများအပေါ် သစ်ပင်လဲကျမှုများ၊ ဓာတ်တိုင်များလဲကျမှုများ ဖြစ်ပေါ်ခဲ့၍ ဓာတ်အား ပြတ်တောက်ခဲ့သည့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ အတွင်း ဓာတ်အားပြန်လည်ရရှိမှု အခြေအနေများ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပညာသိဒ္ဓိ ရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇေယျသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက် စသည့်နေရာများတွင် ဓာတ်တိုင်များအစားထိုးခြင်း၊ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအပေါ် သစ်ပင်ကျိုးကျမှုများအား ရှင်းလင်းခြင်းနှင့် လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ မိုးကြိုးပစ် လေပြင်းများတိုက်ခတ်



**ရန်ကုန် မေ ၃**

ရန်ကုန်မြို့တွင် ယနေ့ မွန်းလွဲပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ မိုးကြိုးပစ်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းကြောင့် မြို့နယ်အချို့တွင် သစ်ပင်၊ သစ်ကိုင်းများ ကျိုးပဲ့ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည်။

"ဒီနေ့ ရွာချလိုက်တဲ့မိုးက လေရော၊ မိုးရော ကြမ်းတယ်၊ မိုးကြိုးတွေလည်းပစ်တယ်၊ တကယ့်ကို ရုတ်တရက်ကြီး ထင်ကိုမထားမိတာ"ဟု ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူ ဦးခင်မောင်သန်းက ပြောသည်။

ယနေ့ ရန်ကုန်တွင် ရွာသွန်းခဲ့သည့် မိုးသည် လေထု မငြိမ်မသက်ဖြစ်ရာမှ ဖြစ်ပေါ်လာသည့် မိုးတိမ်တောင်များကြောင့် ရွာသွန်းသည့်မိုးဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က သုံးသပ်ပြောကြားသည်။

"အခုရွာနေတဲ့မိုးက မုတ်သုံမိုးမဟုတ်ဘူး၊ ပုံကျမိုးပေါ့၊ မိုးတိမ်တောင်တွေကြောင့်ဖြစ်တာ၊ အခုကနေ မေလအထိ ရွာနိုင်တယ်၊ ဒီနှစ်က မိုးကောင်းတဲ့နှစ် ဖြစ်မယ်၊ အပူချိန် လျော့မယ်"ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

၎င်းက ဆက်လက်၍ "မိုးတိမ်တောင်က ကချင်နဲ့ စစ်ကိုင်းကလွဲရင် တစ်ပြည်လုံးဖြစ်နိုင်တယ်၊ မိုးတိမ်တောင်ဖြစ်ရင် မိုးသီးကြွေတာ၊ လေပြင်းတိုက်တာ၊ မိုးကြိုးပစ်တာ၊ မိုးရွာတာ ဒီလေးခုကတော့ အနည်းဆုံးဖြစ်မယ်"ဟု ပြောသည်။ ယခု ဖြစ်ပေါ်နေသော မိုးတိမ်တောင်များကြောင့် လက်ရှိအခြေအနေတွင် မုန်တိုင်းကျရောက်မှု အန္တရာယ် မရှိနိုင်သေးကြောင်း၊ လယ်သမားများအနေဖြင့် မိုးကြိုးအန္တရာယ် သတိထားရန် လိုအပ်ကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

ထို့ပြင် ဒေါက်တာထွန်းလွင်က ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နောက်နှစ်ရက်အတွင်း နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ခန့်မှန်းပြောကြားထားသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ပုဇွန်တောင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းများ ကျိုးပဲ့၊ မော်တော်ယာဉ်များပေါ် ပိ



**ပုဇွန်တောင် မေ ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်း မေ ၃ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းများ ရုတ်တရက်တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်အချို့တွင် သစ်ပင်၊ သစ်ကိုင်းများ လဲကျခဲ့ကြောင်း သိရသည်။

"ညနေ ၃ နာရီ ကျော်လောက်က မိုးစတင်ရွာတယ်၊ ဒီနောက်မှာ လေပါတအား ပြင်းလာပြီး သစ်ကိုင်းတွေ ကျိုးတယ်၊ (၉)ရပ်ကွက် ဇီဇဝါလမ်းနှင့် ရေကျော်လမ်းထောင့်မှာ သစ်ပင်ကျိုးကျပြီး ကားလေးစီး ပိနေတယ်၊ အနော်ရထာလမ်းနဲ့ (၅၁) လမ်းထိပ်ဘက်မှာလည်း တချို့ဆိုင်တွေက ဆိုင်းဘုတ်တွေ ပျက်စီးတယ်လို့ သိရတယ်၊ တချို့နေရာတွေမှာလည်း လျှပ်စစ်ကြိုးတွေပေါ် သစ်ကိုင်းတွေ ပိနေတာကို တွေ့ရတယ်၊ ရေကျော်လမ်းပေါ် တစ်နေရာမှာ ရှစ်ပေစလောင်းကြီး တစ်ချပ်လမ်းပေါ်အထိ လွင့်ကျနေတာကို တွေ့ရပါတယ်၊ ရေကျော်နားက သံလမ်းပေါ်မှာလည်း သစ်ကိုင်းတွေ ကျိုးကျနေတယ်၊ လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သစ်ကိုင်းအကျိုးအပဲ့တွေနဲ့ အပျက်အစီးတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေက အချိန်နဲ့တစ်ပြေးညီ လိုက်လံရှင်းလင်း ဖယ်ရှားနေတာကိုလည်း တွေ့မြင်ရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခရမ်းမြို့တွင် အချိန်ခါမဲ့ မိုးရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းကြောင့် သစ်ပင်များနှင့် လျှပ်စစ်မီးတိုင်များပြိုလဲ

**ရန်ကုန် မေ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် မေ ၃ ရက် မွန်းလွဲ ၂ နာရီက အချိန်ခါမဲ့ မိုးများရွာသွန်း၍ လေပြင်းများ တိုက်ခတ်ခြင်းကြောင့် သစ်ပင် သစ်ကိုင်းများ ကျိုး၍ ဖုန်းတိုင်၊ လျှပ်စစ်မီးတိုင်များ ပြိုလဲပြီး မီးများပြတ်တောက်ခဲ့ကာ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ခရမ်းမြို့ အမှတ်(၃)ရပ်ကွက် ကျောက်တိုင်လမ်းဘေး လုံးပတ်ငါးပေခန့် ကုက္ကိုပင်နှစ်ပင် ပြိုလဲ၍ လမ်းဘေးရှိ ဖုန်းတိုင်၊ လျှပ်စစ်ကြိုးတိုင်များပေါ်သို့ လဲကျခြင်း၊ အိမ်အချို့ အမိုးလန်ခြင်း၊ ပြိုလဲသစ်ပင်များခြင်းကြောင့် လမ်းများပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ပွားမှုနေရာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများ၊ မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု၊ မြို့နယ်လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များက စုပေါင်း၍ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြောင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ခရမ်းမြို့နယ် တမံကျေးရွာအုပ်စု အပျိုကြီးတဲစုကျေးရွာအနီးရှိ ထီးတော်ဆင့်စေတီတော်၏ ယာယီမွှာရုံ ပြိုကျခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကနီမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နတ်လာပို့တောင်ကျေးရွာအုပ်စုတွင် နေအိမ်အချို့ ပျက်စီးမှုများရှိ

**ကနီ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်လာပို့တောင်ကျေးရွာအုပ်စုတွင် မေ ၃ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နတ်လာပို့တောင်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများတွင် လူနေအိမ်နှင့် စာသင်ကျောင်းဆောင်၊ သာသနိက အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် အလုံး ၈၀၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အမိုးလန်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **သန်းဋ္ဌေးအောင်(ကနီ)**

# ငါးလုပ်ငန်းသိပ္ပံပညာ ဘွဲ့ကြိုသင်တန်း ဖွင့်လှစ်သင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၃**



၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ငါးလုပ်ငန်းသိပ္ပံပညာ ဘွဲ့ကြိုသင်တန်း ဖွင့်လှစ်သင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီးတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဦးဖိုးကောင်းက ငါးလုပ်ငန်းသိပ္ပံပညာ ဘွဲ့ကြိုသင်တန်း ဖွင့်လှစ်သင်ကြားနိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ထည့်သွင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာကေလွင်ထွန်းက လုပ်ငန်းစီမံချက်နှင့် သင်ရိုးညွှန်းတမ်း ရေးဆွဲပြီးစီးမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက မွေးမြူရေးပိုင်းကို ဦးစားပေးရေးဆွဲထားသော ပြည့်စုံသည့် သင်ရိုးညွှန်းတမ်းဖြစ်ရေး၊ ပညာရပ်ပိုင်းဆိုင်ရာတွင် စာတွေ့၊ လက်တွေ့ ဖြစ်စေရေး၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်တို့ကို အကြံပြုဆွေးနွေးကြသည်။

ငါးလုပ်ငန်းသိပ္ပံပညာ ဘွဲ့ကြိုသင်တန်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မှ သက်ဆိုင်ရာဘာသာရပ် ဆရာ ဆရာမများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ Ph.D ဘွဲ့ရပညာရှင်များက သင်ကြားပို့ချမည်ဖြစ်ကာ နောင်တွင် ငါးလုပ်ငန်းတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းတို့သည် ဓာတ်ခွဲခန်း၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မွေတော်ကက္ကူဘုရားအား ဝတ္ထုငွေလှူဒါန်း

**တောင်ကြီး မေ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု မွေတော်ကက္ကူဘုရားကို ပြုပြင်ရန် ယနေ့နံနက် ၁၀ နာရီက ဝတ္ထုငွေလာရောက်လှူဒါန်းသည်။

သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော မွေတော်ကက္ကူဘုရားများ၊ စေတီပုထိုးများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မွေတော်ကက္ကူဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူးထံသို့ ငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းသည်။ ပျက်စီးသွားသည့် စေတီပေါင်းမှာ ၁၀၃၈ ဆူ ရှိပြီး ယခုပြင်ဆင်ပြီး စေတီပေါင်းမှာ ၃၉၉ ဆူ၊ ပြင်ဆင်ဆဲ စေတီလေးဆူ၊ ထီးတော်တင်ရန် ကျန်ရှိနေသည့် စေတီမှာ အဆူ ၁၆၀၊ ပြင်ဆင်ရန်ကျန်ရှိနေသည့် စေတီတော်မှာ ၄၇၅ ဆူ ဖြစ်ကြောင်း သိရသည်။

မွေတော်ကက္ကူဘုရားအား ငွေလှူဒါန်းပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်နယ်သာသနာရေးမှူး(ညွှန်ကြားရေးမှူး) ဦးသိန်းဝင်း၊ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

❖ **ကျောဖုံးမှ**

လေယာဉ်မှူးကို ကျွန်တော်တို့ ဝိုင်းပြီးဆွဲထုတ်ပေးခဲ့ပါတယ်''ဟု ချင်းကုန်းကျေးရွာနေ ဦးမျိုးက ပြောသည်။

ပျက်ကျသွားခဲ့သော လေယာဉ်သည် အစိတ်အပိုင်းများ ပြန့်ကျဲလျက်တွေ့ရှိရပြီး လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်းအား ချင်းကုန်းကျေးရွာ ဒေသခံရွာသူ ရွာသားများ၊ ကျွန်းကုန်းကျေးရွာ မေတ္တာရှင်ပရဟိတအဖွဲ့တို့က မဆရ(၃)တပ်မတော်ဆေးရုံသို့ အရေးပေါ် ကူညီပို့ဆောင်စဉ်ရရှိသော ဒဏ်ရာများဖြင့် လမ်း၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးသူ မေတ္တာရှင်ပရဟိတအဖွဲ့မှ ကိုမိုးကျော်က ပြောသည်။

လေယာဉ်ပျက်ကျရာနေရာသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်များ၊ တောင်ငူလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)၊ သူရ(တောင်ငူ)**

○ **အာရှအားကစားပြိုင်ပွဲမှ**

စည်းမျဉ်းအတိုင်း အသက် ၂၃ နှစ်ကျော်လွန်သည့် ကစားသမားသုံးဦး ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

''လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မယ့် ယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပမှာပါ၊ အခုလောလောဆယ် တောင်ကိုရီးယား၊ ထိုင်းနဲ့ အင်ဒိုနီးရှားအသင်းတို့ကို ဖိတ်ထားပါတယ်၊ သူတို့ဘက်က အကြောင်းပြန်မယ့်အပေါ်မှာ မူတည်ပြီး ပြိုင်ပွဲကျင်းပမှာပါ၊ သူတို့မယှဉ်ပြိုင်ရင် တခြားအသင်းတွေကို ဖိတ်ကြားမှာပါ''ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောသည်။

အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ပြီး အသက်ကျော်လွန်သည့် လက်ရွေးစင်အဆင့် ကစားသမားသုံးဦးအားဖြည့်ရွေးချယ်မည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်မည့်နည်းပြအား ပူးတွဲတာဝန်ပေးအပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ရာထူးမှာ လစ်လပ်လျက်ရှိပြီး အမြန်ဆုံးခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကာ ပြည်ပနည်းပြတစ်ဦးကို တာဝန်ပေးအပ်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**



# နေရပ်စွန့်ခွာသွားခြင်းမရှိသည့် အစ္စလာမ်ဘာသာဝင်များအတွက် နေအိမ်သစ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မောင်တော မေ ၃**

မောင်တောဒေသ ပန်းတောပြင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာမှ နေရပ်စွန့်ခွာသွားခြင်းမရှိသည့် အစ္စလာမ်ဘာသာဝင်အိမ်ထောင်စုများအတွက် နေအိမ်သစ်နှင့် အစားအသောက် အသုံးအဆောင်များကို ယနေ့ညနေပိုင်းတွင် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာမှ အစ္စလာမ်ဘာသာဝင် အိမ်ထောင်စု ၂၂ စုအား နေအိမ်သစ်နှင့် လတ်တလောလိုအပ်သည့် အိမ်အသုံးအဆောင်များဖြစ်သည့် ဆန်၊ ဆီ၊ အစားအစာများ၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းနှင့် ဆိုလာမီးအိမ်များကို ယနေ့ညနေပိုင်းက ပန်းတောပြင်ကျေးရွာ၌ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့က ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမိသားစုဝင်များက လက်ခံရယူခဲ့ကြသည်။

အဆိုပါ ပန်းတောပြင်ကျေးရွာသည် ယခင် အကြမ်းဖက်မှုဖြစ်စဉ်က မီးလောင်ဆုံးရှုံးခဲ့သောကြောင့် နိုင်ငံတော်အစိုးရက အဆိုပါနေရာအား ရှင်းလင်းပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နေအိမ်သစ် ၂၂ လုံး ပြန်လည်တည်ဆောက်ပေးခဲ့သည်။ ၎င်းနေအိမ်တွင်အိပ်ခန်း၊ မီးဖိုခန်း၊ ရေတုံကင်၊ ရေချိုးခန်း၊ ရေအိမ်နှင့် ခြံစည်းရိုးများကို ခိုင်မာစွာ တည်ဆောက်ပေးထားကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**

# မင်းတပ်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

**မင်းတပ် မေ ၃**

မင်းတပ်မြို့နယ် ကြိုနာမ်ရွာသစ်မှ လုံပုမ်ရွာသို့ ဆက်သွယ်လမ်း ဖောက်လုပ်နေမှုကို မင်းတပ်မြို့နယ် အမှတ်(၂)ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိတ်ထန်း ဦးဆောင်၍ မင်းတပ်ခရိုင်ဖွံ့ဖြိုးရေးကြီးကြပ်ရေးမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးရမ်ဟေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးအောင်စိုး(မြို့နယ်စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး)တို့သည် မတ် ၃၁ ရက်တွင် သွားရောက်ကြည့်ရှုကြီးကြပ်ပေးသည်။



ယင်းလမ်းသည် အရှည် ၁၀ မိုင်ရှိ၍ အကျယ် ၂၀ ပေနှင့် ရေမြောင်းအပါ ဖောက်လုပ်ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နတလဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၆၉၆ သန်းဖြင့် ဖောက်လုပ်ခြင်းဖြစ်ကာ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါလမ်း ဖောက်လုပ်ပြီးပါက ရွာပေါင်း ၁၁ ရွာမှ ပြည်သူများ မင်းတပ်မြို့နှင့် အချိန်ကုန်သက်သာစွာ သွားလာဆက်သွယ်နိုင်မည်ဖြစ်၍ ဝမ်းသာနေကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အကြီးတန်းတာဝန်ခံ Ms.Charlotte Oldham-Moore ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

**စစ်တွေ မေ ၃**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အကြီးတန်းတာဝန်ခံ Ms.Charlotte Oldham-Moore ဦးဆောင်သော အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်မှ နိုင်ငံခြားရေးရာကော်မတီဝင်များအဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် လက်ခံရေးစခန်းများနှင့် ကြားစခန်းများ တည်ဆောက်ပြီးဆောင်ရွက်နေမှု၊ နိုင်ငံတကာမှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အကူအညီအထောက်အပံ့များပေးနေမှု၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ မောင်တောဒေသသို့ လစဉ်သွားရောက်သတင်းရယူနေမှု၊ IDP စခန်းများတွင် နေထိုင်သူများအတွက် ကောင်းမွန်သော နေအိမ်များ တည်ဆောက်နိုင်ရေးဆောင်ရွက်နေမှုနှင့် UN၊ INGOs များက ပြည်နယ်အတွင်း အကူအညီအထောက်အပံ့များ ပေးနေမှုတို့ကို ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီ အကြီးတန်းတာဝန်ခံ Ms. Charlotte Oldham-Moore နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ သက်ကယ်ပြင်ကျေးရွာနှင့် အောင်မင်္ဂလာရပ်ကွက်တို့မှ အစ္စလာမ်ဘာသာဝင်များ၊ UN၊ INGOs အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မောင်တောဒေသတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ထောက်ပံ့ကြေးငွေပေးအပ်

**မောင်တော မေ ၃**
မောင်တောဒေသတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် အာဟာရဖွံ့ဖြိုးစေရေး လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ယနေ့မှစတင်၍ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေ ပေးအပ်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် တစ်ဦးလျှင် ခြောက်လစာ ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။



"ကိုယ်ဝန်ဆောင် မိခင်တွေကို ပထမအကြိမ် ငွေကြေးထောက်ပံ့ပေးပြီးပါပြီ၊ ဒါကတော့ ဒုတိယအကြိမ်နဲ့ တတိယအကြိမ်အတွက် ပေးတာဖြစ်ပါတယ်၊ ပထမအကြိမ်တုန်းက ကိုယ်ဝန်ဆောင်မိခင်နဲ့ နှစ်နှစ်အောက် ကလေးငယ်တွေအတွက် တစ်လကို ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ သုံးလအတွက် ငွေကျပ် ၄၅၀၀၀ ပေးပါတယ်၊ ကျေးရွာအုပ်စု ၆၇ စုက ကိုယ်ဝန်ဆောင်မိခင် ၂၁၈၀ ကို စုစုပေါင်း ကျပ်သိန်းပေါင်း ၇၀၀ ကျော် ပေးခဲ့ပြီးပါပြီ၊ အခု ဒုတိယအကြိမ်နဲ့ တတိယအကြိမ်က ကျေးရွာအုပ်စု ၇၃ အုပ်စုမှ ကိုယ်ဝန်ဆောင်မိခင် ၃၈၇၈ ဦးအတွက် ကျပ်သိန်းပေါင်း ၃၄၀၀ ကျော် ပေးမှာပါ၊ ထောက်ပံ့မှု ပေးတာကတော့ မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ လူမျိုးဘာသာမရွေး ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ နှစ်နှစ်အောက် ကလေးအားလုံးကို ပေးပါတယ်၊ ကိုယ်ဝန်ဆောင်တွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးပါတယ်၊ ကျွန်တော်တို့ MCCT ငွေကြေးထောက်ပံ့တဲ့ အစီအစဉ်က ကိုယ်ဝန်ဆောင်မိခင်နဲ့ နှစ်နှစ်အောက် ကလေးငယ်တွေ ခန္ဓာကိုယ်ဖွံ့ဖြိုးစေဖို့နဲ့ ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးမှုတွေအတွက် အဓိကရည်ရွယ်လုပ်ဆောင်ပေးလျက်ရှိပါတယ်၊ ရှေ့ဆက်လုပ်ဆောင်မှာကတော့ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေနဲ့ တစ်ဖက်နိုင်ငံက ပြန်လာမယ့်သူတွေကို ကယ်ဆယ်ရေးစခန်းတွေမှာ လက်ခံဖို့လုပ်မယ်၊ သူတို့အတွက် နေထိုင်စားသောက်ဖို့ကအစ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ကြေးငွေပေးအပ်ပွဲ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ငွေကြေးထောက်ပံ့မှု တာဝန်ခံ ကိုကျော်အောင်စိန်က ပြောသည်။

မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်မှ ကိုယ်ဝန်ဆောင်မိခင် မခင်စိုးစိုးက "ကျွန်မက ထောက်ပံ့ကြေးပေးတာကို လာထုတ်တာပါ၊ အခု ကိုယ်ဝန်က ကိုးလထဲရောက်နေပါပြီ၊ ပထမတစ်ကြိမ် ကိုယ်ဝန်ဆောင်မိခင်တွေအတွက် ထောက်ပံ့ကြေးပေးတာကို ရရှိခဲ့ဖူးပါတယ်၊ အခု လာပေးတဲ့အကြိမ်ကတော့ ဒုတိယအကြိမ်နဲ့ တတိယအကြိမ် ပေါင်းပြီး လာပေးတာဖြစ်တဲ့အတွက် တစ်လကို တစ်သောင်းခွဲကျပ်နဲ့ ခြောက်လစာ ကိုးသောင်းကျပ်ရပါတယ်၊ ကိုယ်ဝန်ဆောင်မိခင်တွေ အာဟာရဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းဖို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနက ဝန်ထမ်းတွေရော၊ ကျန်းမာရေးဝန်ထမ်းတွေကရော ကူညီထောက်ပံ့မှုတွေ ပြုလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီကရတဲ့ ထောက်ပံ့ငွေတွေနဲ့ မွေးဖွားလာမယ့်ကလေးငယ် အာဟာရဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အသုံးပြုမှာဖြစ်ပါတယ်၊ ကျန်းမာရေးအတွက်လည်း ဆေးရုံဆေးခန်းတွေ အနီးအနားမှာရှိတဲ့အတွက် အဆင်ပြေပါတယ်"ဟု ပြောသည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေပေးအပ်မှုများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ဆောင်ရွက်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အစီအစဉ်ရှစ်ရပ်ရေးဆွဲပြီး လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အဖြစ် ကိုယ်ဝန်ဆောင်မိခင်ဘဝမှအစ သက်ကြီးရွယ်အိုအထိ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကျော်သူဝင်း၊ အေးမင်းသူ**

# မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်နှင့် အလွတ်တန်းအလေးမပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မေ ၃**
၂၀၁၈ ခုနှစ် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်နှင့် အလွတ်တန်း အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ ၂ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ချစ်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးထွန်းမြင့်၊ ဦးမင်းသူထက်၊ ဦးငွေဝင်း၊ ဦးစန်းမြင့်၊ အတွင်းရေးမှူး ဦးသီဟန်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ် ဦးဗလကျော်သူနှင့် တာဝန်ရှိသူတို့က အမျိုးသားလူငယ် အလေးမပြိုင်ပွဲတွင် လူငယ်အကောင်းဆုံး အားကစားသမားဆုရ (၅၆) ကီလိုတန်းမှ မြတ်ကျော်သူ (မြောင်းမြ)၊ အမျိုးသမီး လူငယ်အလေးမပြိုင်ပွဲတွင် လူငယ်အကောင်းဆုံး အားကစားသမားဆုရ (၆၉) ကီလိုတန်းမှ ခိုင်သဇင်သင်း (ရန်ကုန်)၊ အမျိုးသားအလွတ်တန်းအလေးမပြိုင်ပွဲတွင် ၅၆ ကီလိုတန်းမှ သီဟအောင် (ကျန်း/အား) နှင့် အသက် (၁၃)နှစ်မှ (၁၈)နှစ်အထိ ၄၄ ကီလိုတန်းမှ (+၇၅)ကီလိုတန်းအထိ အမျိုးသမီးလူငယ်အလေးမပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရ အား/ကာသိပ္ပံ(ရန်ကုန်)အသင်းအားလည်းကောင်း၊ အသက် (၁၃)နှစ်မှ (၁၈)နှစ်အထိ (၅၅) ကီလိုတန်းမှ (+၉၄)ကီလိုတန်းအထိ အမျိုးသားလူငယ်အလေးမပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရ ပုသိမ်မြို့နယ်အသင်းနှင့် အသက် (၁၉)နှစ်မှ (၃၀)နှစ်အထိ (၅၆) ကီလိုတန်းမှ (+၁၀၅)ကီလိုတန်းအထိ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် အလွတ်တန်း တံခွန်စိုက်ဆုဖလားရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ကိုအား လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ယင်းပြိုင်ပွဲတွင် လက်ရွေးစင်များ စံချိန်စမ်းပွဲမှ ဝင်းနိုင်ထွန်း (ကျန်း/အား)က စုစုပေါင်းစံချိန် ၂၉၀ ကီလိုတန်းကို (၃၂၀) ကီလိုဖြင့် မြန်မာပြည်စံချိန်သစ်တင်၍ လည်းကောင်း၊ ရန်မျိုးကျော် (မန္တလေးတိုင်းဒေသကြီး)မှ စုစုပေါင်းစံချိန် (၂၉၀) ကီလိုတန်းကို (၃၀၅) ကီလိုဖြင့် မြန်မာပြည်စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၅ | ခွန်ခန့်စည်သူထွန်း | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | စိုင်းအံ့ဖုန်းမော် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မလုလုဆိုင်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၈ | မဆောင်းနှင်းဝေဝေ | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၉ | မောင်ခွန်ဝင်းကျော် | အထက-ဥယာစန်း | မောက်မယ် | လင်းခေး |
| ၁၄၀ | မဆုနန္ဒာဝင့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ခွန်ဆိုင် | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ကျော်မြင့်လှိုင် | အထက(၂)သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၃ | မသင်းရန့်အေး | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မခိုင်မျိုးကြည် | အထက(၂)သိန္နီ | သိန္နီ | လားရှိုး |
| ၁၄၅ | စိုင်းထက်ရှိန်လင်း | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၆ | မောင်အောင်လွင်ဦး | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၇ | မမေမုဒ္ဒြာမိုး | အမေ့အိမ်(ကပက) | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မမြင့်မော်ဦး | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်အိုက်ခမ်းပွဲ | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မရွှေသဇင် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဇေဗေဒ | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မစုယွန်းရွှေရည် | အထက(၂)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပိုင်ထက်မင်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်အောင်မြင့်မြတ် | အထက-ဟိုနား | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၅ | မစုရီထွန်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မအေးမြတ်မွန် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၁၅၇ | မောင်အောင်မြတ်မင်း | အထက(၉)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်ဝေယံကျော် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | မဖြူစင်မို့မို့ | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မရွှေစင်ထွန်း | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မောင်ခေတ်စည်သူ | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၂ | မောင်ကျော်ဇင်သန့် | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၃ | မချောစုသွယ် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၄ | မဆုလက်လက် | ထူးချွန်(ကပက) | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မောင်ပိုင်အောင်လတ် | အထက(၁)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | နမ့်သူသူဟန်နီဌေး | အထက-ကြို့ကုန်း | အိမ်မဲ | မြောင်းမြ |
| ၁၆၇ | မောင်ညဏ်လင်းထက် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၆၈ | မနန်းအိဝေလွင် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်ရဲထက်လူ | အထက(၁)ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၇၀ | မသက်ယုစံ | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၁ | မောင်ကျော်ဇေယျ | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၂ | မခင်ပပဦး | အထက(ခွဲ)အလက(၁)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၇၃ | မောင်ရန်ဝေတိုး | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၄ | မဖြူစင်ဦး | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၅ | မောင်ခန့်စည်သူ | အထက(၂)ပျဉ်းမနား | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၆ | မအောင်ကေဇင်ဟိန်း | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၅ | စိုင်းဆိုင်မှိုင်း | အထက(ခွဲ)(၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်ဝေယံဖြိုး | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မဖြူစင်ရွှန်းသွယ် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မနှင်းလဲ့လဲ့ | အထက-ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စိုင်းပင်ခမ်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မအိပိုပိုဖြိုး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်ကောင်းဆက်လင်း | အထက(၈)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်စိုင်းဖြိုးဝေမိုး | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | မမေသက်ထားကို | အထက(၉)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းစံဖောင်း | အကယ်ဒမီ(ကပက) | တန့်ယန်း | လားရှိုး |
| ၁၄၅ | မောင်နော်ခမ်း | ကျော်(ကပက) | မူဆယ် | မူဆယ် |
| ၁၄၆ | မအိမ့်ဖြူပြာကို | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၇ | စိုင်းအောင်ကျော်ထက် | အထက(၁)သီပေါ | သီပေါ | ကျောက်မဲ |
| ၁၄၈ | မောင်စိုင်းခွန်ဆိုင်ဖ | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၄၉ | မခင်ရတနာမြင့် | အထက(၄)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၅၀ | မသန်းသန်းအေး | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၅၁ | မောင်စိုင်းထွန်းမြတ် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မနန်းစမ်ဆီဖောင်း | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပြုံးချို | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်ထက်ရှိုင်းအောင်အောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဖြတ် |
| ၁၅၅ | မခိုင်ဇင်ဇင်လင်း | ရွှေမဟာ(ကပက) | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနာနိုးလှိုင် | အထက(ခွဲ)ပန်တားလေ | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၇ | မောင်မိုးမင်းဟန် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်သက်မျှုးအောင် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | နမ့်နွေးပိုးအိမ် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မခိုင်ရင်မွန်သန့် | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၁ | မောင်ပြည့်ဘုန်းပိုင် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၂ | မောင်ရဲရင့်သွေး | အထက(၁)မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၃ | မမေစွမ်းဆင့်ရည် | အထက(၁)မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မဆုရည်လွင် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မောင်ခန့်မင်းသွေး | အထက(၁)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | မယမင်းကြည်ဖြူ | အထက(၁)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၆၇ | မောင်လင်းဘုန်းပြည့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မမေသက်မျှုးဟန် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်အံ့မျှုးပိုင် | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၀ | မထက်ဝတ်ရည်မွန် | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၁ | မောင်အောင်ဘုန်းမော် | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၂ | မလင်းရှုပ | အထက(ခွဲ)အလက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၃ | မောင်ခိုင်စိုးဟန် | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၄ | မရှင်မိုးယံ | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၅ | မောင်မင်းမဟော်ခ | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၆ | မအေးမြတ်မြတ်မွန် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၃၅ | မောင်ဝေယံအောင် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၆ | စိုင်းတေဇာထွဋ်မြတ် | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၇ | မအိသန္တာခင် | အထက(၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မနှင်းအဥ္စလီ | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၁၃၉ | မောင်ကောင်းမင်းသန့် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မနန်းဟွမ်နွံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်သော်တာဟိန်း | အထက(ခွဲ)အလက(၅) | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဖြိုးစည်သူကို | အလက(ခွဲ)ရွှေဝါ | ဟိုပန် | လားရှိုး |
| ၁၄၃ | မခိုင်ခိုင်မင်းဦး | အထက(၇)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မနှင်းထက်ဝေ | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၅ | မောင်ထွန်းမင်းသိန်း | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၆ | မနန်းဖွေးဟွမ် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၇ | စိုင်းတိုင်းညီအောင် | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မောင်ဇွဲထက်ဝင်း | အထက(၁)နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၁၄၉ | မယဉ်မိုးအေး | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၅၀ | နန်းမိုးပပကို | အထက(ခွဲ)အလက(၂) | သီပေါ | ကျောက်မဲ |
| ၁၅၁ | မောင်ဝင်းမင်းအောင် | အထက(၄)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မရှင်မင်းသွယ် | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |

စာမျက်နှာ ၁၂ သို့

○ စာမျက်နှာ ၁၁ မှ

| | | | | |
|---|---|---|---|---|
| ၁၅၃ | မောင်ပိုင်ထွဋ်ကျော် | အထက-မိုင်းကိုး | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်အောင်ဟိန်းထက် | အထက(ခွဲ)မိုင်းပျဉ်း | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၅ | မမေဖူးဖူးဇော် | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနန်းမိုဟွမ် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းဖြတ် |
| ၁၅၇ | မောင်ကျော်ဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်ဘုန်းမြတ်ပိုင် | အထက(၁)ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၁၅၉ | မစုဝေနိုင် | အထက-ဒါးက | ကန်ကြီးထောင့် | ပုသိမ် |
| ၁၆၀ | မသွန်းဆုထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၁ | မောင်လင်းသစ်ခန့် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၂ | မောင်ဥက္ကာဇွဲမာန် | အထက-ထူးကြီး | အင်္ဂပူ | ဟင်္သာတ |
| ၁၆၃ | မသံသာသင်း | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၄ | မကြယ်စင် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၅ | မောင်ဝေမင်းဟန် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၆ | မဖြိုးပုလဲသွယ် | အထက(၁)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၆၇ | မောင်မြတ်ဘုန်းသစ် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၆၈ | မရတီမှူးသွင် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်ခန့်သူ | အထက-ပန်းတနော် | ပန်းတနော် | မအူပင် |
| ၁၇၀ | မစန္ဒီမျိုးမင်း | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၁ | မောင်အေးချမ်းအောင် | အထက(ခွဲ)အလက(၁) | ဖျာပုံ | ဖျာပုံ |
| ၁၇၂ | မခင်ရှင်းသန့်ကိုကို | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၃ | မောင်အောင်မြင့်မြတ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၄ | မပိုးပြည့်ဖြိုးသွယ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၅ | မောင်စည်သူသက်ဟိန်း | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၆ | မအိမ့်ဖူးသော်သျှင် | အထက(၁၈)ဒက္ခိဏသီရိ | ဒက္ခိဏသီရိ | ဒက္ခိဏ |



## မိုးမောက်မြို့နယ်တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃**

တပ်မတော်နှင့် စိန်လုံရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက် ညနေ ၅ နာရီခန့်က မိုးမောက်မြို့နယ် လွယ်ဂျယ်-ဗန်းမော်ကားလမ်း စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘောက်နော်(ခ) ဘောက်လာ(ခ) အင်ဂေါ့နော်အောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၈၂ ခွက်(ဘိန်းဖြူအလေးချိန် ၂ ဒသမ ၈၂ ကီလို)၊ ငွေကျပ် ၂၄၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆွတ်ရိန်အောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၄၆ ခွက်(ဘိန်းဖြူအလေးချိန် ၂ ဒသမ ၄၆ ကီလို)၊ ငွေကျပ် ၃၆၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း စုစုပေါင်းဘိန်းဖြူဆပ်ပြာခွက် ၅၂၈ ခွက် (ဘိန်းဖြူအလေးချိန် ၅ ဒသမ ၂၈ ကီလို) သိမ်းဆည်းရမိခဲ့သဖြင့် ဘောက်နော်(ခ) ဘောက်လာ (ခ)အင်ဂေါ့နော်အောင်(၆၇)နှစ်နှင့် ဆွတ်ရိန်အောင်(၃၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၄-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ "ကြည်နူးသာစွ ကောလောင်းရေတံခွန်အလှ"
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)
၉း၁၀ စိုက်ပျိုးရေးရာအဖြေရှာ "၂၀၁၈ မျိုးစေ့ပြပွဲ"
၉း၃၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီအိန္ဒြာကျော်ဇင်)
၁၀း၃၀ Catch Asia News
၁၀း၄၀ ပြည်သူ့နီတိ "လက်ဆောင်"
၁၁း၄၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အစမ်းသပ်ခံအချစ်" (အပိုင်း-၃၂)(ဇာတ်သိမ်း)
၁၃း၀၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1) (ရန်ကုန်ပွဲစဉ်-၂) (ပထမပိုင်း)
၁၄း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (သစ္စာတည်သောစစ်သူကြီး) (အပိုင်း-၄)
၁၅း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၅၃)

**ညပိုင်း**

၁၆း၃၅ မျိုးကွဲတေးသံသာ NRCသကြင်္ကန်
၁၇း၀၅ အနုပညာခန်းရိပ်သာ "ဒါရိုက်တာဦးမိုးသူနှင့် တွေ့ဆုံခြင်း"
၁၇း၂၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မွှေချက်ကတော့ လွန်လွန်းတယ်" (နေတိုး၊ သက်မွန်မြင့်၊ ယွန်းရွှေရည်) (ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်))
၁၇း၃၀ MRTV Travelogue
၁၇း၅၀ "အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်" (အပိုင်း-၃)
၁၈း၂၀ Football Magazine
၁၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "သူငယ်ချင်း" (မင်းသန့်ကို၊ ဦးဇော်မှိုင်း၊ ဒေါ်ရိုးရိုး၊ ပန်သုမြင့်မိုရ်၊ စန်းစန်းမြင့်၊ မိရာဇာ၊ ဦးဇော်၊ ဝတ်ရည်နှင်း) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနံ့" (အပိုင်း-၈)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)
-နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (သစ္စာတည်သော စစ်သူကြီး) (အပိုင်း-၅)
- ဂီတသမား၊ ဂီတစကား မြတ်ဘုရားရွှေတိဂုံသီချင်း (၂)ပုဒ် (က) မြတ်ဘုရားရွှေတိဂုံ (အောင်လွင်)၊ (ခ) ရွှေတိဂုံသမိုင်း (ခင်စိုးဝင်း)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အေးအတူပူအမျှ" (အပိုင်း-၃၃)
- **အစီအစဉ်ပြီး၏။**

## ဂွမြို့နယ်တွင် ဇာတ်အဖွဲ့ယာဉ်တစ်စီး ချောက်ထဲထိုးကျ

**စစ်တွေ မေ ၃**

ရခိုင်ပြည်နယ် ဂွမြို့နယ် ဗေဒါဂိတ်အလွန် ရိုးကျော်လမ်း၌ မေ ၂ ရက်က ဇာတ်အဖွဲ့ယာဉ်တစ်စီး ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ဆန်းပွင့် ဇာတ်အဖွဲ့သည် ဂွမြို့နယ် ကြွေချိုင်မှ ဇာတ်ကပြီးအပြန် ညနေ ၆ နာရီကျော်တွင် ပေ ၂၀၀ အနက်ရှိသည့် ချောက်ထဲသို့ ထိုးကျသွားခဲ့ပြီး အမျိုးသမီး ငါးဦး၊ အမျိုးသားတစ်ဦးတို့ သေဆုံးသွားသည်။ ဒဏ်ရာရသူများကို ဂွမြို့နယ်ဆေးရုံ၊ ရေကြည်ဆေးရုံ၊ ငသိုင်းချောင်းဆေးရုံနှင့် ရန်ကုန်ဆေးရုံတို့သို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**


## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လူသတ်မှု ဖြစ်ပွား

**ရန်ကုန် မေ ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၆)ရပ်ကွက် မိုးစန္ဒာလမ်း၌ မတ် ၃ ရက် နံနက်ပိုင်းက လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက် မိုးစန္ဒာလမ်း အမှတ်(----)နေ ခင်ပွန်းနှင့် သားဖြစ်သူတို့သည် နေပြည်တော်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ပြီး မတ် ၃ ရက် နံနက် ၅ နာရီခန့်က ပြန်လည်ရောက်ရှိလာစဉ် ဇနီးဖြစ်သူ ဒေါ်နှင်းကြည် အသက်(၅၄)နှစ်သည် နေအိမ်အိပ်ခန်းအတွင်း၌ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေပြီး နားကပ်တစ်ရန်နှင့် ငွေ ၃၈ သိန်းတို့ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၅၄၈**




## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၅၆ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၀၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၄၀၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် HINO ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၆၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘုတလင်မြို့နယ်၌ ခရီးသည်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိ

**ဘုတလင် မေ ၃**

ရေဦးမြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသော အားသစ်ခရီးသည်တင် မှန်လုံယာဉ်နှင့် မျက်နှာချင်းဆိုင်မှလာသော ရတနာဖားကန့်ခရီးသည်တင်ယာဉ်တို့ မေ ၂ ရက် ညနေ ၄ နာရီခန့်က ဘုတလင်မြို့နယ် ကံသစ်ကျေးရွာအနီးတွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသန်းဝင်း လားရှိုးမြို့နေသူ မောင်းနှင်လာသော SHN 81/---- အားသစ်ခရီးသည်တင်မှန်လုံယာဉ်သည် ခရီးသည်များ တင်ဆောင်ပြီး ရေဦးမှ မုံရွာသို့ မောင်းနှင်လာစဉ် ဘုတလင်မြို့နယ် ကံသစ်ကျေးရွာအနီး မုံရွာ-ရေဦးကားလမ်း မိုင်တိုင်(၉၉/၄)အရောက်တွင် မျက်နှာချင်းဆိုင်မှလာသော ဘိုမြင့် ရေစကြိုမြို့နယ်နေသူ မောင်းနှင်လာသည့် ရတနာဖားကန့် ခရီးသည်တင်ယာဉ်နှင့် ဝင်တိုက်မိခြင်းဖြစ်သည်။

ရတနာဖားကန့်ခရီးသည်တင်ယာဉ်သည် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ရတနာဖားကန့် ယာဉ်ပေါ်ပါ သံဃာတော်တစ်ပါးအပါအဝင် အမျိုးသား ရှစ်ဦး၊ အမျိုးသမီးငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းသူ ဘိုမြင့်ကို အရေးယူပေးပါရန် ဦးသန်းဝင်းက တရားလိုပြုတိုင်တန်းသဖြင့် ဘုတလင်မြို့မရဲစခန်းက ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**







# ဂျိမ်းရိုဒရီဂွက်ဇ်အား ဘိုင်ယန်ခေါ်မည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် တိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်အား ပြောင်းရွှေ့ကြေးပေါင် ၃၇ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် ဂျိမ်းရိုဒရီဂွက်ဇ်အနေဖြင့်လည်း ဘိုင်ယန်မြူးနစ်အသင်းသို့ အမြဲတမ်းစာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်နှင့် ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်သည် ဘိုင်ယန်မြူးနစ်နည်းပြ အန်စလော့တီလက်ထက်ကတည်းက ရီးယဲလ်မက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ နှစ်နှစ်အငှားစာချုပ်ဖြင့် ကစားနေသူဖြစ်သည်။

သို့ရာတွင် လက်ရှိနည်းပြ ဂျက်ဟေးနက်လက်ထက်တွင်လည်း တိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်၏ စွမ်းဆောင်ရည်ကောင်းမွန်မှုနဲ့အတူ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါပြိုင်ပွဲမှာရော ချန်ပီယံလိဂ်မှာပါ ရလဒ်ကောင်းလျက်ရှိသည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂျက်ဟေးနက်က တိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်အား အမြဲတမ်းစာချုပ်ဖြင့်ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ဆုဖလားကို ရယူရန် မျှော်လင့်နေကြောင်း သိရသည်။



# ချန်ပီယံလိဂ်မှာ ဘယ်အသင်း ရလဒ်ကောင်းမလဲ

လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ကို ဘယ်အသင်းတက်ရောက်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

အခုပြိုင်ပွဲဟာ လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့နဲ့ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာတို့ရဲ့ အားပြိုင်ပွဲလို့ သတ်မှတ်ရမှာဖြစ်ပြီး ဒီနှစ်သင်းရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း အမြင့်ဆုံးအနေအထားကို ရောက်ရှိနေပါတယ်။

ဒီနှစ်သင်းရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်က သွင်းဂိုး ၁၆၃ ဂိုးအထိရှိထားခဲ့တာဖြစ်ပြီး ဒီရာသီမှာ မန်စီးတီးအသင်းက ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ သေချာသွားတယ်ဆိုပေမယ့် လီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းကိုတော့ မန်စီးတီးအသင်းမထိန်းချုပ်နိုင်ခဲ့သလို လေးဂိုး-သုံးဂိုးနဲ့လည်း လီဗာပူးအသင်းက အနိုင်ရရှိထားခဲ့ပါတယ်။

ဂျာဂန်ကလော့ ဂွါဒီယိုလာကို ဒေါ့မွန်အသင်းမှာကိုင်တွယ်ခဲ့စဉ်က အနိုင်ရရှိခဲ့သလို အခုလီဗာပူးအသင်းမှာလည်း အနိုင်ရရှိခဲ့တာကြောင့် ဒီနှစ်သင်းကို တာဝန်ယူကိုင်တွယ်စဉ်မှာ ၁၂ ပွဲအထိ နိုင်ပွဲရရှိထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့မှာရှိတဲ့ တိုက်စစ်မှူးတွေရဲ့ တိုက်စစ်စွမ်းဆောင်ရည်ကို ကြည့်မယ်ဆိုရင်လည်း လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလက်ရဲ့ သွင်းဂိုးဟာ များပြားနေတာကို တွေ့ရမှာဖြစ်ပြီး ဂိုးသွင်းယူနိုင်မှုနဲ့ ဂိုးဖန်တီးပေးနိုင်မှုဟာ ၄၇ ဂိုးအထိ ရှိထားခဲ့ပါတယ်။

မန်စီးတီးတိုက်စစ်မှူး အဂူရိုကတော့ ဂိုးသွင်းယူနိုင်မှုနဲ့ ဂိုးဖန်တီးပေးနိုင်မှု ၃၇ ဂိုးအထိသာ ရှိခဲ့တာကြောင့် ဒီကစားသမားနှစ်ဦးရဲ့ တစ်ဦးချင်းစွမ်းရည်မှာ မိုဟာမက်ဆာလက်က အသာစီးရထားပါတယ်။ ဒါ့ပြင် လီဗာပူးတိုက်စစ်မှူး ဖာမီနိုကလည်း ဂိုးသွင်းယူနိုင်မှုနဲ့ ဂိုးဖန်တီးပေးနိုင်မှု စုစုပေါင်းဟာ ၃၅ ဂိုးအထိရှိထားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ စတာလင်၊ ဆာနေး၊ မာနေးနဲ့ ဂျီးဆပ်တို့ဟာ ဂိုးသွင်းယူနိုင်မှုနဲ့ ဂိုးဖန်တီးပေးနိုင်မှု နှစ်ခုပေါင်းမှာ စွမ်းဆောင်ရည်ပိုင်းမြင့်မားနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။



# တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်းအထိ အယ်လ်ဒါဝီးလ် လိုချင်ဟု ဆို

ပီအက်စ်ဂျီအသင်းသည် စပါးကစားသမား အယ်လ်ဒါဝီးလ်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး တစ်ရာသီလုပ်ခလစာပေါင် ၁၀ သန်းပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ဘယ်လ်ဂျီယံကြယ်ပွင့် အယ်လ်ဒါဝီးလ်သည် စာချုပ်သစ်ချုပ်ဆိုရန် ပျက်ကွက်ခဲ့ပြီးနောက် နွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ အယ်လ်ဒါဝီးလ်သည် ကလပ်အသင်း၏ လက်ရှိလစာနှစ်ဆနီးပါးဖြစ်သည့် တစ်ပတ် ပေါင်နှစ်သိန်းအထိ လိုချင်ကြောင်း ပြောကြားထားသည်။ စပါးအသင်းနည်းပြ ပိုချက်တီနိုက နွေရာသီအပြောင်းအရွှေ့ကာလတွင် အယ်လ်ဒါဝီးလ် ထွက်ခွာလိမ့်မည်ဟု ပြောကြားခဲ့ပြီးနောက် မန်ယူအသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားလာခဲ့ပြီး လက်ရှိတွင် အယ်လ်ဒါဝီးလ်အား ခေါ်ယူရန်အတွက် မန်ယူအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

# ဂျိုးလ်မာတစ် ရာသီကုန်ထိ နားရမည်

လီဗာပူးဗဟိုခံစစ်မှူး ဂျိုးလ်မာတစ်သည် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ခွဲစိတ်ကုသရန်လိုအပ်လျက်ရှိပြီး ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဂျိုးလ်မာတစ်သည် ခရစ္စတယ်ပဲလေ့အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ကစားခဲ့ရသူဖြစ်သည်။

ကင်မရွန်းနောက်တန်းကစားသမားဟောင်း ဂျိုးလ်မာတစ်သည် ယခုနှစ် ဘောလုံးရာသီတွင် လိဂ်ပွဲစဉ် ၂၅ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုးတစ်ဂိုးသွင်းယူထားသူဖြစ်သည်။ လီဗာပူးအသင်းတွင် ကွင်းလယ်ကစားသမား လယ်လာနာသည်လည်း ခရစ္စတယ်ပဲလေ့အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ကြောင်း နည်းပြ ဂျာဂန်ကလော့က ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်



# ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်း အသားတင် အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၂) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကိုတစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့် အတူရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါစကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

### အခန်း (၈)
### အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဏ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြား ငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေ ပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှု လုပ်ငန်း ဆောင်ရွက်ခြင်းတို့အတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ အပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

### အခန်း(၉)
### အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်းယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်းဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်က ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်း ပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ။

၃၉။ ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာ ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၀။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် ပါရှိသော နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် အခွန်ထမ်းများအားလုံးအတွက် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်စေရေး ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စာမျက်နှာ ၁၆ သို့**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များအား အသိပညာပေး

**တာချီလိတ် မေ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာနေ တောင်သူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ သိရှိလိုက်နာဆောင်ရွက်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို မေ ၁ ရက် နံနက်က ကျိုင်းလပ်မြို့ နမ့်ခင်းကျေးရွာအုပ်စု ကျကကျေးရွာ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက မဲခေါင်မြစ်ဝှမ်းဒေသတွင် တောင်ယာမီးရှို့မှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးငွေ့များကင်းစင်ရေး၊ တောင်ယာ ခုတ်ထွင်စိုက်ပျိုးမှု လျော့နည်းစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များ၊ မိုးစပါးသီးနှံ တစ်သီးစိုက်ပျိုးခြင်းမှ ဆောင်းသီးနှံ၊ နွေစပါးများတိုးချဲ့စိုက်ပျိုးရေးကို လည်းကောင်း၊ ကျိုင်းလပ်မြို့ဦးစီးမှူး ဦးသိန်းရွှေက ဒေသနှင့်ကိုက်ညီသော အစေ့ထုတ်ပြောင်းမျိုးကောင်းမျိုးသန့်မျိုးများကို ရွေးချယ်စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူ ၆၀ ကျော်တို့က သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို မေးမြန်းဆွေးနွေးရာ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ လားဟူတိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေထားသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စမ်းချောင်းမြို့နယ်အတွင်း ဆောင်ရွက်

**စမ်းချောင်း မေ ၃**

မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအဖွဲ့(MORS)သည်စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးနှင့် NGO အဖွဲ့များနှင့်ပူးပေါင်းကာ စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်း အ-ထ-က (၁) ရှေ့၊ ပြည်လမ်း မဟာမြိုင်မှတ်တိုင်အနီး အ-ထ-က (၂)ရှေ့နှင့် ဗားကရာလမ်းနှင့် ဗဟိုလမ်းဆုံအနီး အ-ထ-က (၄) ကျောင်းရှေ့တို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် လက်ကမ်းစာစောင်များဝေငှခြင်း၊ ယာဉ်လမ်း အန္တရာယ်ကင်းရှင်းစေရေးပညာပေးခြင်းများကို မေ ၃ ရက်က ဆောင်ရွက်ခဲ့ကြသည်။



"မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး လူထုပညာပေးလှုပ်ရှားမှုကို မေ ၂ ရက်ကနေ ၆ ရက် အထိ ရန်ကုန်မြို့လူစည်ကားရာ အခြေခံပညာကျောင်းတွေအနီးမှာ လှုပ်ရှားမှုအနေနဲ့ ဆောင်ရွက်ကြမယ်လို့သိရတယ်၊ ဒါမှလည်း ယာဉ်စည်းကမ်းနဲ့ လမ်းစည်းကမ်းတွေကို လမ်းအသုံးပြုသူ မိဘပြည်သူတွေသိရှိပြီး ယာဉ်အန္တရာယ်တွေ ကင်းဝေးစေမှာဖြစ်ပါတယ်" ဟု စမ်းချောင်းမြို့နယ်စည်ပင်သာယာ ခေတ္တအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

**၁၉၇**

# အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ်၊ မီးသတ်ယာဉ်နှင့် လုပ်ငန်းသုံး ယာဉ်များအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်

**မကွေး မေ ၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သည့် အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ်၊ မီးသတ်ယာဉ်နှင့် လုပ်ငန်းသုံး ယာဉ်များအား သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲကို မကွေးမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်း၌ မေ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။

"ဌာနတွေရဲ့ခွင့်ပြုဘတ်ဂျက်ငွေအပေါ် မူတည်ပြီး လုပ်ငန်းတွေဆောင်ရွက်ရာမှာ လိုအပ်ချက်တွေအပေါ် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ဖို့ ဌာနဘတ်ဂျက်အခက်အခဲရှိတာကြောင့်ရယ် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့တွေ အချိုးညီစွာဖွံ့ဖြိုးတိုးတက်စေချင်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကနေ ဝယ်ယူဖြည့်တင်းပေးနေတာဖြစ်ပါတယ်၊ ဒီနေ့ပေးတာကပထမ အသုတ်မှာယူရောက်ရှိတဲ့ ယာဉ်တွေပါ၊ နောက်ရောက်လာရင် ထပ်မံလွှဲပြောင်းပေးသွားမှာပါ" ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက အဖွင့်အမှာစကား၌ ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှိုက်သိမ်းယာဉ် ငါးစီး၊ ရေပုပ်စုပ်ယာဉ် ငါးစီးတို့အား မြို့နယ်စည်ပင်သာယာရေး အဖွဲ့များကိုယ်စား တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်ထံသို့ လည်းကောင်း ၊ မီးသတ်ယာဉ် ၂၃ စီးအား မြို့နယ်မီးသတ်ဦးစီးဌာနများကိုယ်စား တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်ထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပညာရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများသို့ လုပ်ငန်းသုံး မော်တော်ယာဉ်များအား လွှဲပြောင်းပေးအပ်ခဲ့ပြီး ဝန်ကြီးချုပ်နှင့်တက်ရောက်လာသူများက မော်တော်ယာဉ်များ၏စွမ်းဆောင်ရည်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ တစ်စီးလျှင်ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ရေပုပ်စုပ်ယာဉ် ငါးစီးအတွက် ကျပ် ၁၈၇၅ သိန်း၊ တစ်စီးလျှင်ကျပ် သိန်း ၄၀၀ တန်ဖိုးရှိ အမှိုက်သိမ်းယာဉ်အလတ်စား ၁၈စီးအတွက် ကျပ်သိန်း ၇၂၀၀၊ တစ်စီးလျှင် ကျပ်သိန်း ၄၅၀တန်ဖိုးရှိအမှိုက်သိမ်းယာဉ်ကြီး ခြောက်စီးအတွက် ကျပ်သိန်း ၂၇၀၀ စုစုပေါင်း ယာဉ် ၂၉ စီးအတွက် ငွေကျပ် ၁၁၇၇၅ သိန်း၊ ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ တစ်စီးလျှင် ကျပ်သန်း ၃၀ တန်ဖိုးရှိ ၁၆၀၀ဂါလန်ဆံ့ မီးသတ်ရေယာဉ် သုံးစီးအတွက် ကျပ်သန်း ၉၀၊ လှေကားတင် မီးသတ်ယာဉ်တစ်စီး ကျပ်သန်း ၂၀၀၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး ကျပ်သန်း ၁၅၀၊ ရုံးသုံးစက်ကိရိယာများအတွက် ၂၈၈ ဒသမ ၃၂၀ သန်း စုစုပေါင်း ၇၂၈ ဒသမ ၃၂၀သန်း၊ တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ရန်ပုံငွေဖြင့် မီးသတ်ယာဉ်တစ်စီး ကျပ်သန်း ၄၀ နှုန်းဖြင့် ၂၃ စီးအတွက် စုစုပေါင်းကျပ်သန်း ၉၂၀ တို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ပညာပေးဟောပြောယာဉ်ဖြင့် မူးယစ်ဆေးဝါး... 

## ပညာပေးဟောပြောယာဉ်ဖြင့် မှူခင်းကျဆင်းရေးအသိပညာပေး

**မြစ်သား မေ ၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မှုခင်းကျဆင်းရေးပညာပေး ဟောပြောယာဉ်ဖြင့် ရွှေမုဋ္ဌောဘုရားရှေ့တွင် မေ ၂ ရက် မွန်းလွဲ ၁ နာရီက အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ လူကုန်ကူးမှုဆိုင်ရာတားဆီးကာကွယ်ရေးများ၊ မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေးများ၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှု မရှိစေရေးများကို မြစ်သားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်စိုးက လည်းကောင်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူးလှသန်းနိုင်က လည်းကောင်း၊ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့မှ ရဲအုပ်ထင်အောင် ရဲမြင့်က လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်ညီညီထက်ကလည်းကောင်း လာရောက်လေ့လာကြသော ပြည်သူများအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



## ချင်းတွင်းသကြၤန်ကျင်းပရန် ပြင်ဆင်နေသည့် သဲသောင်သို့ လာရောက်လေ့လာသူများနှင့် ရေချိုးရင်းရေကစားလိုသည့် ကလေးငယ်များ လာရောက်မှု များပြားလျက်ရှိ

**မုံရွာ မေ ၃**

ချင်းတွင်းသကြၤန်ကျင်းပရန် ပြင်ဆင်နေသည့် မုံရွာ ချင်းတွင်းမြစ်သဲသောင်သို့ လာရောက်လေ့လာသူများနှင့်ရေချိုးရင်းကစားလိုသည့်ကလေးငယ်များ လာရောက်မှု များပြားနေသည်ကိုတွေ့ရသည်။ အထူးသဖြင့် ချင်းတွင်းမြစ်မှသဲသောင်ပြင်ထဲသို့ အရှည်ပေ ၁၀၀၀ ကျော် ရေမြောင်းဖြင့်ရေချိုးရေကစားရန် ပြုလုပ်ထားသော ကန်ကြီးနှင့်ပြုလုပ်နေဆဲဖြစ်သော ရေလွှာလျှောစီးကို စိတ်ဝင်စားမှု မြင့်တက်နေကြောင်း သိရသည်။

"ကလေးတွေနဲ့အတူ လူကြီးတွေပါပျော်စေချင်တာ အဓိကပါ၊ အခုလို တိုင်းဒေသကြီးအစိုးရက ပြည်သူနဲ့အတူ စုပေါင်းပြီး လုပ်ဆောင်နေတာ အားလုံးဝိုင်းကူမှသာ အောင်မြင်မှာပါ၊ ချင်းတွင်းမြစ်ထဲကရေကို သကြၤန်မှာ ဖောဖောသီသီ သုံးနိုင်တာဟာ ချင်းတွင်းသကြၤန်ရဲ့ အားသာချက်ပါ၊ စက်အား အသုံးပြုပြီးရေပက်တာတွေ၊ လိုချင်တဲ့နေရာအရောက် ရေပို့ပေးတာတွေကိုလှည့်မကြည့်ရအောင်လူအား၊ ငွေအား၊ အကြံဉာဏ်အားတွေနဲ့ စုပေါင်းလုပ်နေတာပါ"ဟု ရေပိုင်းဆိုင်ရာတာဝန်ယူဆောင်ရွက်နေသော မုံရွာမြို့မိမြို့ဖ ဦးမျိုးဝင်းကပြောသည်။

ရေလွှာလျှောစီးကို ချင်းတွင်းကမ်းခြေဇုန် (Beach Zone)နှင့် တစ်ဆက်တစ်စပ်တည်း လုပ်ဆောင်နေပြီး ရေလွှာလျှောစီးကိုမြောက်ဘက်မှ ကွေ့ဝိုက်၍ မြောင်းတူးဖော်ကာရေကန်သို့ ဆက်သွယ်ရေယူထားပြီး ဗောကွင်းများဖြင့် ရေကစားနိုင်ရန် စီစဉ်လျက်ရှိသည်ကိုတွေ့ရသည်။ အဆိုပါဝန်းကျင်တွင်ထန်းလက်တဲအလုံး ၅၀ နှင့် ထန်းလက်ထီးအကြီးအလက် ၅၀ ကိုလည်း ဝါးအတတ်ပညာရှင်များက ဦးဆောင်လုပ်ကိုင်နေသည်။ ချင်းတွင်းသကြၤန်၏ စိတ်ဝင်စားမှုတွင် အဓိကပါဝင်သော စင်ကာပူပညာရှင် ထုလုပ်နေသည့် သဲပန်းပုသည်လည်း ပီပြင်လာပြီဖြစ်ရာ ရောက်လာကြသူအများစုစိတ်ဝင်စားမှုကိုတွေ့ရသလို စင်ကာပူ နိုင်ငံသား၏ထုလုပ်နေမှုကိုစိတ်ဝင်တစားလေ့လာ သူလည်းများလာနေကြောင်းသိရသည်။

ထို့ပြင်ချင်းတွင်းသကြၤန်သို့လာသူများသွားလာမှု အဆင်ပြေစေရန် အထူးပြုလုပ်ထားသော မြေလမ်းမှာလည်း ပြီးသလောက်ရှိနေပြီဖြစ်သလို သကြၤန်ကွင်းကြီးတစ်ခုလုံးလျှပ်စစ်မီးများအသုံးပြုနိုင်ရန် လျှပ်စစ်ဌာနမှ လျှပ်စစ်ဓာတ်တိုင် ၆၀ ကျော်ကို တပ်ဆင်လျက်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

စာမျက်နှာ ၁၅ မှ

ဇယား(၁)

### ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၁,၂၆၉,၃၃၀. ၉၄၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၆၂၆. ၈၄၃ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၆၉၂,၃၀၇. ၈၅၀ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၃,၀၀၀. ၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၀,၀၀၀. ၀၀၀ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၇၃,၂၅၇. ၅၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၂၇,၉၈၇. ၃၀၀ |
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၂၅၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၃၃. ၉၅၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၄၃၁,၄၆၇. ၅၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | **၈၆၃,၁၇၅. ၅၉၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၈၆၃,၁၇၅. ၅၉၈ |
| ၃ | | | **အကောက်ခွန်** | **၂၄၅,၀၀၀. ၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၂၄၅,၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | **၄၁၄,၃၉၀. ၂၂၂** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၂. ၀၁၄ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၄၅. ၈၂၄ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက်ကောက်ခံသည့် သစ်တောခွန်၊ | ၂,၆၀၅. ၄၂၈ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၃၅. ၂၀၀ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၁,၀၅၃. ၈၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၈၁,၈၅၆. ၈၇၉ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၁,၆၈၉. ၇၇၂ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၂၁၁,၀၀၀. ၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ။ | ၆,၁၀၁. ၂၈၀ |
| | | | **စုစုပေါင်း** | **၂၇၉၁၈၉၆. ၇၆၃** |

## မယ်စဲ့ဒေသထွက်ကြက်သွန်ဖြူဈေးနှုန်းကျ၍တောင်သူများအရှုံးပေါ်

**မယ်စဲ့ ဧပြီ ၃**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ဆောင်းသီးနှံအဖြစ်ကြက်သွန်ဖြူကို အများအပြား စိုက်ပျိုးလျက်ရှိကြရာ ယခုအခါ ကြက်သွန်ဖြူပေါ်ချိန်တွင် ဈေးနှုန်းများ ကျဆင်းနေ၍ ကြက်သွန်စိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ကြက်သွန်ဖြူစတင်စိုက်ပျိုးပြီး အပင်ထောင်စဉ်မှာ အခါလွန်မိုးရွာသွန်းမှုကြောင့် အပင်တွေမှာ မှိုရောဂါပိုးကျရောက်တဲ့အတွက်ဥသေးတာတွေများတယ်၊ မနှစ်က ထိုင်းနိုင်ငံမှ ကြက်သွန်အစို တစ်ကီလိုကို ထိုင်းဘတ် ၃၀ မှ ၃၅ ဘတ်အထိပေးဝယ်တဲ့အတွက် တောင်သူတွေတော်တော်အဆင်ပြေကြတယ်၊ ဒီနှစ်ကတော့ ဥသေးရင် ထိုင်းဘတ် ၁၃ ဘတ်နဲ့ ဥကြီးရင်ထိုင်းဘတ် ၁၅ ဘတ်ပဲပေးဝယ်တယ်၊ ဒါတောင် ဝယ်သူမရှိသလို ဈေးကွက်လည်း မရှိတဲ့အတွက် တောင်သူတွေ အခက်ကြုံနေတယ်၊ ကြက်သွန်စိုက်ချိန်မှာ အလုပ်သမားတစ်ဦးကို ကျပ် ၅၀၀၀ နဲ့ ငှားရမ်းလုပ်ကိုင်ရပြီး မှိုသတ်ဆေး၊ ဓာတ်မြေသြဇာဖိုးတွေပေါင်းရင် ကြက်သွန်နုတ်ပြီး ရောင်းချချိန်တော်တော်အရှုံးပေါ်တယ်" ဟု နန့်မန်းကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒီဇင်ဘာနဲ့ ဇန်နဝါရီလတွေမှာ အခါလွန်မိုး ရွာသွန်းမှုကြောင့် ကြက်သွန်ခင်းတွေ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် မြေမျိုး၊ ပိုးနဲ့ပတ်သက်တာတွေ၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာသုံးစွဲနည်းနဲ့ ပတ်သက်တာတွေ အသိပညာပေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ခဲ့ပေမယ့် တောင်သူတွေဘက်က လိုက်နာမှုအားနည်းခဲ့တယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက ပြောသည်။

မယ်စဲ့မြို့နယ်တွင် ကြက်သွန်ဖြူစိုက်တစ်ဧကလျှင် ကီလို ၅၀၀၀ မှ ၇၀၀၀ အထိ ထွက်ရှိပြီး အိမ်နီးချင်းထိုင်းနိုင်ငံမှ မယ်စဲ့ဒေသထွက် ကြက်သွန်ဖြူများကို ကြိုက်နှစ်သက်သည့်အတွက် မျိုးအနေဖြင့် နှစ်စဉ်ဝယ်ယူလျက်ရှိရာ ယခုအချိန်တွင် ထိုင်းနိုင်ငံဘက်မှလည်း ကြက်သွန်ဖြူပေါ်ချိန်ဖြစ်၍ ၎င်းတို့ဒေသထွက် ကြက်သွန်ဖြူများ ကုန်မှသာ မြန်မာကြက်သွန်ဖြူများကို ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ဧပြီလကုန်တွင် မယ်စဲ့မြို့၌ ဖွင့်လှစ်မည့် နှစ်နိုင်ငံနယ်စပ်ဈေး (ယာယီဈေး)တွင် ဒေသထွက် ကြက်သွန်ဖြူများကိုတစ်နိုင်တစ်ပိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်းနယ်စပ်ဈေးဖွင့်လှစ်ရေးတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်း တွံတေးမြို့နယ်၌ဖွင့်

**တွံတေး ဧပြီ ၃**

မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (ဗဟို)၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တွံတေးမြို့နယ် ပရဟိတအသင်းအဖွဲ့များ ဦးဆောင်ကျင်းပသော နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်း (၅/၂၀၁၈) ကို ဧပြီ ၁ ရက် နံနက် ၉ နာရီက ဓမ္မလင်္ကာရ ပရဟိတကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (ဗဟို) ဥက္ကဋ္ဌ ဦးလှထွန်းက "အဓိက ကတော့ ယာဉ်တိုက်မှု သဘာဝဘေးအန္တရာယ်တွေမှာ ကယ်ဆယ်တဲ့အခါ နည်းစနစ်ကျကျ ကယ်ဆယ်ပြီး ပြည်သူတွေရဲ့ အသက်မဆုံးရှုံးစေရန်ရည်ရွယ်ပြီးတော့ သင်တန်းပို့ချတာပါ၊ ခြောက်နှစ်အတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာ သင်တန်းသားပေါင်း ၇၀၀၀ ကျော်သင်တန်းပေးပြီးပါပြီ၊ လူငယ်တွေရဲ့ အင်အားနဲ့ ပြည်သူ့ရဲ့လက်တစ်ဖက်၊ နိုင်ငံတော်အတွက် လက်တစ်ဖက်ဖြစ်အောင် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်းတွေ ပို့ချနေပါတယ်၊ ယာဉ်တိုက်မှုဖြစ်တာနဲ့ အချိန်နဲ့တစ်ပြေးညီ ကူညီနိုင်အောင် ဆောင်ရွက်ထားပါတယ်" ဟု ပြောကြားခဲ့သည်။



ဆက်လက်၍ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး (ဗဟို) မှ သင်တန်းနည်းပြဆရာများက လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ပြီး တွံတေးမြို့ စိတ္တသုခကုသိုလ်ပြုအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုရွှေက အသင်းကို ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့အချိန်ထိ လူနာပေါင်း ၈၀၀၀၀ ကျော်ကို အသက်ကယ်နိုင်ခဲ့ကြောင်း၊ အရေးပေါ်ယာဉ် ၁၅ စီး၊ အသင်းခွဲသုံးခုနှင့် မီးသတ်ယာဉ် တစ်စီးတို့ဖြင့် ကူညီဆောင်ရွက်ပေးနေပြီး အောက်စီဂျင် ၂၄ နာရီ သွေးတို့ကိုလည်း အခမဲ့ကူညီဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့သည်။

ယင်းနေ့ကျင်းပသော နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းသို့ အနယ်နယ်အရပ်ရပ်မှ ပရဟိတ မောင်မယ် ၂၀၀ ကျော် တက်ရောက်ပြီး သင်တန်းကိုဧပြီ ၁ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **မျိုးလှိုင် (တွံတေး)**




# ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ ကရင်ပြည်နယ်သို့ရောက်ရှိ

**ဘားအံ ဧပြီ ၃**

ငြိမ်းချမ်းရေးလိုလားသူများ၏ အင်အားစုများကို စုစည်းနိုင်ရန် ကော့သောင်းမြို့မှ စတင်ထွက်ခွာလာသည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ကို ဖြတ်ကျော်၍ ဧပြီ ၂ ရက် နံနက် ၈ နာရီက ဂျိုင်း(ဇာသပြင်) ကြိုးတံတားကိုဖြတ်သန်းပြီး ကရင်ပြည်နယ်အတွင်းသို့ ရောက်ရှိလာရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးဇော်မင်းနှင့်ဝန်ထမ်းများ၊ ဇာသပြင်ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

"ဒီကနေ့တော့ ကျွန်တော်တို့ ကော့ကရိတ်အထိသွားမှာဖြစ်ပါတယ်၊ အဲဒီမှာတစ်ညအိပ်ပြီးတော့ ငြိမ်းချမ်းရေးတေးဂီတဖျော်ဖြေပွဲအနေနဲ့ The Bline Reality Band နဲ့ ဖျော်ဖြေမှာဖြစ်ပြီး ငြိမ်းချမ်းရေးလိုလားသူတွေရဲ့ လက်မှတ်တွေခံယူပါမယ်၊ နောက်နေ့မနက်မှာ ငြိမ်းချမ်းရေးပိုစတာကိုစိုက်ထူပြီးတဲ့အခါမှာ မြဝတီကိုဆက်လက်ထွက်ခွာမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ခရီးစဉ်က ဧပြီ ၈ ရက်အထိ ရန်ကုန်အရောက်ခရီးစဉ်ဖြစ်ပါတယ်၊ မြဝတီပြီးရင် ဘားအံ၊ သထုံ၊ ကျိုက်ထို၊ ပဲခူးနဲ့ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ခရီးစဉ်ပြီးဆုံးမှာဖြစ်ပါတယ်၊ တစ်ညစီအိပ်ပြီးတော့ တေးဂီတဖျော်ဖြေပွဲနဲ့အတူ ငြိမ်းချမ်းရေးလိုလားသူတွေရဲ့ အင်အားစုများကို စုစည်းမှာဖြစ်ပါတယ်" ဟု အဖွဲ့၏ Organizer ဖြစ်သူ မောင်ဝံသက ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့တွင် မသန်သော်လည်း စွမ်းသည့် Wheel Chair သမား ၁၀ ဦး၊ အမြင်အာရုံမသန်စွမ်းသူ ၁၀ ဦး၊ အခြားမသန်စွမ်းသူများနှင့် ဝိုင်းဝန်းကူညီသူများ၊ အုပ်ချုပ်ရေးအဖွဲ့များ စုစုပေါင်း ၆၅ ဦး ပါဝင်ပြီး ခရီးစဉ်အစမှအဆုံး မိုင်ပေါင်း ၈၅၀ ကျော်ကို ဖြတ်သန်းကြမည်ဖြစ်ကြောင်း သိရသည်။

"ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ ခက်ခဲမှုတွေ အတားအဆီးတွေရှိတယ်၊ ကျွန်တော်တို့ Wheel Chair ညီအစ်ကိုတွေဟာ ကော့သောင်းကနေ ဇာသပြင်ထိ မိုင် ၆၀၀ ကျော် ခရီးကို Wheel Chair နဲ့သွားတယ်ဆိုတာ မလွယ်ပါဘူး၊ လမ်းတစ်လျှောက်မှာ အခက်အခဲတွေရှိတယ်၊ ကျော်ဖြတ်ရမှုတွေ အများကြီးရှိတယ်၊ သွားရင်းလာရင်းနဲ့ သူတို့ Wheel Chair ကို သူတို့ကိုယ်တိုင်ပြင်တယ်၊ သူတို့ကိုယ်တိုင် ပြန်လည်မွမ်းမံပြီးတော့ ခရီးတစ်ခုကို ထွက်တာ ခရီးတစ်ဝက်ကို ရောက်နေပြီ၊ အရာရာ ခက်ခဲမှုတွေကို ကျော်လွှားရမယ်၊ မကျော်လွှားဘဲနဲ့ ပိတ်နေတဲ့နေရာမှာ ရပ်နေရင် ကျွန်တော်တို့ တစ်သက်လုံး ငြိမ်းချမ်းရေးရတော့မှာမဟုတ်ဘူး၊ ငြိမ်းချမ်းရေးကို တကယ်လိုချင်တဲ့ဆန္ဒနဲ့ ဆက်ပြီးတော့ဆောင်ရွက်ကြပါလို့ ပြည်သူလူထုကို တိုက်တွန်းပါတယ်" ဟု ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ ခေါင်းဆောင် ဦးသိန်းလွင်က ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့သည် ကရင်ပြည်နယ်အတွင်း ကော့ကရိတ်မြို့၊ မြဝတီမြို့နှင့် ဘားအံမြို့တို့ကို ဖြတ်သန်း၍ တစ်ညစီ ညအိပ်ရပ်နားပြီး ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ငြိမ်းချမ်းရေး လိုလားသူများ၏ လက်မှတ်များရယူခြင်းနှင့် လူစည်ကားရာနေရာများတွင် ငြိမ်းချမ်းရေးပိုစတာ စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြဝတီခရိုင်အတွင်းရှိမသန်စွမ်း ၄၉၄ ဦးကို ထောက်ပံ့ငွေပေးအပ်

**မြဝတီ ဧပြီ ၃**

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီက သောင်ရင်းခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းသည် နိုင်ငံတော်အဆင့်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ်တစ်ပြည်နယ်လုံးမှာရှိသည့် မသန်စွမ်းမိသားစုဝင်များအတွက် စုစုပေါင်း သိန်း ၆၀၀၀ ခန့် ထောက်ပံ့ပေးသွားမှာဖြစ်ပါကြောင်း၊ အစိုးရသစ်အနေဖြင့် အခုလိုထောက်ပံ့ပေးမှုမျိုးကို တစ်နှစ်ကို တစ်သိန်း ထောက်ပံ့ပေးရန် အစီအစဉ်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကား ပြောကြားပြီး ကရင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က မသန်စွမ်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထိုသို့ ထောက်ပံ့ပေးရာ၌ အမြင်အာရုံချို့တဲ့သူ၊ အကြားအာရုံချို့တဲ့သူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူနှင့် ဉာဏ်ရည်နိမ့်ပါးသူ လေးမျိုးအား ထောက်ပံ့ပေးခြင်းဖြစ်ကာ မြဝတီမြို့နယ်မှ မသန်စွမ်းသူ ၄၀၀၊ ဝါလေမြိုင်နှင့် စုကလိ မြို့တို့မှ ၉၄ ဦး စုစုပေါင်း ၄၉၄ ဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ရာမှ ဓာတ်တိုင် ၂၅ တိုင်ကျိုးကျ

**ပေါင် ဧပြီ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်တွင် ဧပြီ ၂ ရက် မွန်းလွဲ ၁၂နာရီ ၄၅ မိနစ်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ရာမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀ မီတာ တိုင်အမှတ် ( ၂ မှ ၁၇ )အထိ စုစုပေါင်း ဓာတ်တိုင် ၁၆ တိုင်နှင့် ပေါင်းရပ်ကွက် မီးသတ်လမ်းကြားတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ကိုးတိုင်ကျိုးကျသွားကြောင်း သိရသည်။

ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ သွားလာရလွယ်ကူစေရန်အတွက် တာဝန်ရှိသူများက လမ်းကြောင်းရှင်း ကူညီပေးလျက်ရှိပြီး လမ်းမပေါ်သို့ ကျိုးကျနေသော ဓာတ်မီးတိုင်များအား မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက စုပေါင်းကာ ကူညီရှင်းလင်းပေးခဲ့ပြီး အဆိုပါဖြစ်စဉ်တွင် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျောက်တန်း**

ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်၊ အမှတ် (၅၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ညီညီအောင်၊ မူးယစ်တပ်ဖွဲ့စု ၄၀ မှ တင်သိန်း၊ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့စု (၆) မှ တပ်ကြပ်ကြီး ဇော်မင်းလွင်တို့ လိုက်ပါလျက် ပါဒကြီးကျေးရွာလမ်းဆုံတွင် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မတ် ၃၁ရက် နံနက် ၉ နာရီက မူခင်းပညာပေး ဟောပြောပြသခဲ့ကြသည်။ **၆၈၉**

**တိုက်ကြီး**

တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဦးသည် ဧပြီ ၁ ရက် ည ၈ နာရီက အုပ်ပုံစုရပ်ကွက်ရှိ အုတ်ကွင်း၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုတ်လုပ်သားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# နိုင်ငံတိုးတက်ဖို့ ဝန်ထမ်းများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံ့ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် နိုင်ငံ့ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများကို“ရာထူးအဆင့်နှင့်လျော်ညီစွာ အရည်အချင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ကြရန်နှင့်တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုသည်” ဆိုသောစကားကို မကြာခဏ ပြောဆိုလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း အဆင့်ဆင့်သော ဝန်ထမ်းများသည် တာဝန်ရှိသူများတိုက်တွန်းထားသည့် အတိုင်း ကြိုးပမ်းမှု ရှိ၊ မရှိကိုမူ ကာယကံရှင်များ ကိုယ်တိုင်သာ သိရှိကြမည်ဖြစ်သည်။

### ကိုယ်စီ ဝမ်းစာဖြည့်ရန်လို

မြန်မာနိုင်ငံ ဝန်ထမ်းလောကတွင် ရာထူး၊ အဆင့်နှင့်လျော်ညီစွာဝမ်းစာဖြည့်ထားသူများကိုတွေ့ရ၊ ကြုံရခဲ့သည်။ ရှိမည်ဆိုလျှင်တောင် ၁၀ ရာခိုင်နှုန်းကျော်မည် မထင်ပေ။ မည်သည့်အတွက်ကြောင့် အရာထမ်းများ၏စွမ်းဆောင်ရည်ကျဆင်းလာသနည်း။ များစွာရှိမည်ထင်ပါသည်။ သေချာသည့်အကြောင်းတစ်ရပ်မှာ အချိန်ကာလသတ်မှတ်ချက်(Timeline)ပြည့်လျှင်၊ ရာထူးနေရာလပ်ရှိနေမည်ဆိုလျှင်၊ အထက်လူကြီးများသဘောကျမည်ဆိုလျှင် ရာထူးတိုးပေးနေသောကြောင့်ဖြစ်သည်။ ထိုသို့ အချိန်ကာလသတ်မှတ်ချက်အရသာ ရာထူးတိုးပေးနေမည်ဆိုလျှင် မလုပ်၊ မရှုပ်လုပ်နေသူအရာထမ်းများလည်းပါရှိလာကြမည်ဖြစ်သည်။

ရာထူး၊အဆင့်နှင့်လျော်ညီစွာဝမ်းစာဖြည့်ဆည်းမထားသူများသည် ကြီးလေးသောတာဝန်များ ထမ်းဆောင်ရသည့်အချိန်တွင် ထိုသူ၏လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဒုက္ခလှလှ တွေ့ကြုံရတော့သည်။ ဝမ်းစာမပြည့်သော အရာထမ်းတစ်ဦးသည် မိမိလိုလားချက်ကိုလက်အောက်ဝန်ထမ်းများသို့ တိကျစွာလမ်းညွှန်မှုပေးနိုင်မည်မဟုတ်ချေ။ လက်အောက်ဝန်ထမ်းများကပြုစုတင်ပြလာမှသာလျှင် လိုလားချက်မဟုတ်သဖြင့် ပြန်လည်ပြင်ဆင်ခိုင်းလေ့ရှိကြသည်။ ထို့ကြောင့် လက်အောက်ဝန်ထမ်းများသည် လုပ်ငန်း တာဝန်တစ်ခုပြီးမြောက်ရေးအတွက် အချိန်နှင့်လုပ်အားများစွာပေးဆပ်ကြရသည်။

ထိုသို့ဆုံးရှုံးသွားသောအချိန်နှင့်လုပ်အားများသည် တန်ဖိုးမဖြတ်နိုင်သော တိုင်းပြည်၏အရင်းအမြစ်များဖြစ်ကြသည်။ စီမံခန့်ခွဲမှုညံ့ဖျင်းသောအရာထမ်းတစ်ဦးကြောင့်အောက်ခြေဝန်ထမ်းများသည် အချိန်ပိုဆင်းကြရတော့မည်ဆိုလျှင် ကိုယ်ပိုင်အချိန်များ၊ အထူးသဖြင့် မိသားစုနှင့်အတူ အနားယူရမည့် အချိန်ကိုဖဲ့၍ ပေးကြရတော့မည်ဖြစ်သည်။ ထိုဝန်ထမ်းများသည် လုပ်ငန်းခွင်တွင် ပျော်မွေ့တော့မည် မဟုတ်ချေ။ ရလဒ်အနေဖြင့် ထိုရုံး၊ ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များသည် အမှားအမှား အယွင်းယွင်းဖြစ်လာမည်။ ဝန်ထမ်းအချင်းချင်း စိတ်ဝမ်းကွဲပြားလာတော့မည်ဖြစ်သည်။ အချင်းချင်း နားလည်သည်းခံစိတ်နှင့်ခွင့်လွှတ်စိတ်လည်း ခေါင်းပါးလာကြမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ထိုရုံး၊ ဌာန၊ အဖွဲ့အစည်းအတွက် အန္တရာယ်ပင်ဖြစ်သည်။ နေ့မနား၊ ညမ အား မည်မျှပင်လုပ်နေစေကာမူ ရလဒ်ကောင်း မထွက်လျှင် ပေးဆပ်ရသောအချိန်နှင့် လုပ်အားများသည် သဲထဲရေသွန်သလိုပင်ဖြစ်နေမည်။

### ရာထူးတိုးစာမေးပွဲများပြုလုပ်သင့်

ဆိုခဲ့ပါတိမ်းစောင်းနေမှုများကို မည်သို့ဖြေရှင်းသွားသင့်သနည်း။ လွယ်ပါသည်။ ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးမည်ဆိုလျှင် သတ်မှတ်ရာထူးနှင့်ကိုက်ညီသည့် စာမေးပွဲများကျင်းပပေးသင့်ပါသည်။ စာမေးပွဲကျင်းပရာတွင်လည်း ပွင့်လင်းမြင်သာမှု၊ အဆင့်မီဖို့ လိုပါသည်။ သို့မှသာလျှင် အရာထမ်း၊ အမှုထမ်းများသည် သတ်မှတ်အဆင့်၊ ရာထူးအလိုက်သိသင့်သိထိုက်သောဗဟုသုတများ၊ ဝမ်းစာများကို စဉ်ဆက်မပြတ် လေ့လာ ဆည်းပူးဖြည့်ဆည်းကြမည်ဖြစ်သည်။ ဆိုလိုသည်မှာအဆင့်မီသောစာမေးပွဲများ ကျင်းပပြီး အောင်မြင်သည့်ဝန်ထမ်းများကိုသာလျှင်ရာထူးတိုးမြှင့်ပေးသင့်ပါသည်။ စာမေးပွဲကျင်းပရေး ဘုတ်အဖွဲ့များသည်လည်း နာယကဂုဏ်နှင့်ညီဖို့လိုပါသည်။ အဂတိလိုက်စားနေမည်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် တဖြည်းဖြည်း ကျဆင်းလာမည်ဖြစ်သည်။

### အရည်အချင်းမှန်ရန်လို

ဝန်ထမ်းတစ်ဦးကို သတ်မှတ်သင်တန်းတစ်ခုတက်ပြီးရုံဖြင့် ရာထူးတိုးပေးခြင်းသည် ပြည့်စုံမှန်ကန်မှုရှိမည်မဟုတ်ချေ။ တချို့သောအရာထမ်း၊ အမှုထမ်းများသည် သင်တန်းဆင်း အရည်အချင်း မြင့်မားကြသော်လည်း လက်တွေ့လုပ်ငန်းခွင်တွင်မူ အသုံးမတည့်ကြပေ။ ထို

> နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့အခွန်အခကို စားသုံးနေသူများဖြစ်သည်။ ထို့ကြောင့် အဆင့်၊ ရာထူးအလိုက် တာဝန် ကျေပွန်ဖို့လိုပါသည်။ အဆင့်ဆင့်သော ရာထူး တာဝန်များကို ပေါ့ပါးစွာ ဖြတ်သန်းလာသူအချို့သည် ကြီးလေးသောတာဝန်ထမ်းဆောင်ရသည့် အချိန်တွင် အခက်ကြုံတွေ့ရ . . .

အရာထမ်းများသည် ကိုယ်တိုင်စွမ်းဆောင်ရည် မပြည့်ဝမှုကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု၊ သို့မဟုတ်မှားယွင်းမှု ဖြစ်ပေါ်သည့်အခါ လက်အောက်ဝန်ထမ်းများကို အပြစ်ဖို့လေ့ရှိကြသည်။ စာရေးသူတာဝန်ထမ်းဆောင်မှုကာလ ၂၆ နှစ်တာကာလအတွင်း ထိုသို့သော အရာထမ်းအချို့ကို ကြုံတွေ့ဖူးပါသည်။ မည်သို့ပင်ဆိုစေကာမူ သင်တန်းဆင်း အရည်အချင်းကို လုပ်ယူ၍ ရနိုင်ပေသည်။ သာဓကအနေဖြင့် အချို့သော သင်တန်းတာဝန်ခံများ၏ပိုင်ဆိုင်မှုကို စစ်ကြည့်လျှင်သိနိုင်ပါသည်။ ရှိသင့်ရှိထိုက်သည်ထက် ပေါကြွယ်ဝနေသည်ကိုတွေ့ရမည်ဖြစ်သည်။ မည်သည့်အတွက်ကြောင့်နည်း။ ရှင်းပါသည်။ သင်တန်းသားများက မျက်နှာလုပ်ထားသောလက်ဆောင်များ၊ လာဘ်လာဘများကြောင့်ဖြစ်သည်။

### ချင့်ချိန်တာဝန်ပေးရန်လည်းလို

အောက်ခြေဝန်ထမ်းများအား တာဝန်ပေးအပ်ရာတွင်လည်း “ဝန်နှင့်အား၊ လေးနှင့်မြား၊ အိုးနှင့်ဆန်” တန်သလောက်ကိုသာ ချင့်ချိန်ပေးသင့်သည်။ လူတစ်ဦးကို မနိုင်သည့်တာဝန်အား ထမ်းဆောင်ခိုင်းခြင်းသည် စိတ်ပင်ပန်းမှုကိုဖြစ်စေနိုင်သည်။ ထိုဝန်ထမ်းသည်အလုပ်တွင် မပျော်နိုင်ဘဲစိတ်ထွက်ပေါက်ရှာတတ်သည်။ သာဓကအနေဖြင့် လောင်းကစားပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းနှင့် အပျော်အပါးလိုက်စားခြင်းတို့ရှိလာနိုင်သည်။ အချို့သောဝန်ထမ်းငယ်များသည် မိမိအသက်ကိုပင် စတေးသွားကြသည်။ ကာယကံရှင်နှင့်မိသားစုများအတွက်များစွာဆုံးရှုံးနစ်နာစေပါသည်။ ထိုသို့ဆိုလျှင် ရုံး၊ ဌာန၊ အဖွဲ့အစည်းများသည် အနုတ်လက္ခဏာသာ ဆောင်လာမည်ဖြစ်သည်။ အထက်နှင့်အောက် နွေးထွေးသောဆက်ဆံရေးသာရှိနေမည်ဆိုလျှင် လုပ်ငန်းတိုးတက်မှု များစွာရှိနေမည်ဖြစ်သည်။

### အပြန်အလှန်လေးစားသင့်

လုပ်ငန်းခွင်၌အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ကူညီရိုင်းပင်းမှုများသာရှိနေမည်ဆိုလျှင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလာမည်ဖြစ်သည်။ စာရေးသူတို့သည်မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတများကို အုတ်ဂူထဲသို့ တစ်ပါတည်းယူသွားနိုင်မည် မဟုတ်ချေ။ ထိုအတွေ့အကြုံနှင့် ဗဟုသုတများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းသွားရန်လိုအပ်ပါသည်။ မျိုးဆက်သစ်များကလည်း ကောင်းမွန်သော အမွေများကို လက်ဆင့်ကမ်း သင်ယူထားရန်လိုအပ်သည်။ လူကြီးနှင့်လူငယ်၊ အထက်နှင့် အောက်အပြန်အလှန် လေးစားပြီး သင်ကြားခြင်း၊ သင်ယူခြင်း၊ ကူညီခြင်း၊ ထောက်ပံ့ခြင်းနှင့်ကျေးဇူးသိတတ်ခြင်းဆိုသော “ဂါရဝတရားနှင့် နိဝါတတရား” များသာရှိနေမည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ သဟဇာတရှိသော လူ့အသိုက်အဝန်းကြီးဖြစ်လာမည်ဖြစ်သည်။ ပျော်ရွှင်ဖွယ်ရာ ကောင်းလာမည်ဖြစ်သည်။

### တရားမျှတမှုရှိရန်လို

ထိုသို့သာယာသော လူ့အသိုက်အဝန်းကိုတည်ဆောက်နိုင်ရန်သည် ကိုယ်စီတာဝန်ကျေပွန်ရန်လိုအပ်ပါသည်။ မိသားစုတစ်စုတွင် မိဘများသည်သားသမီးများ၏စံပြပုဂ္ဂိုလ်များဖြစ်နေရန်လိုအပ်သည်။ ထိုသို့မကျင့်သုံးဘဲ မိဘများသည်နေချင်သလိုနေပြီး သား၊ သမီးများကိုသာ စည်းကမ်းတင်းကျပ်နေလို့ရမည် မဟုတ်ချေ။ ထိုနည်းတူစွာပင် ရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင်လည်းအထက်အကြီးအကဲများသည် လက်အောက်ငယ်သားများကို “ငါပြောသလိုလုပ်၊ငါလုပ်သလိုမလုပ်နဲ့” ဟုဆိုနေလို့ရမည်မဟုတ်ချေ။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်တစ်ခုခုကိုထုတ်ပြန်မည်ဆိုလျှင်ထုတ်ပြန်သူကိုယ်တိုင်လည်း လိုက်နာကျင့်သုံးဖို့လိုပါသည်။ သို့မှသာလျှင် တရားမျှတမှုရှိနေမည်ဖြစ်သည်။

### မေတ္တာသည်သာအခရာ

ပွင့်လင်းမြင်သာမှုရှိလာသောဒီမိုကရေစီခေတ်တွင် လူ့အသိုက်အဝန်းသည် မတရားမှုများကို လက်မခံတော့ပေ။မတော်သြဇာကျင့်သုံးသူများကိုကြဉ်ဖယ်လာကြသည်။ မိမိကိုယ်တိုင်ကအခြားသူများ၊ အထူးသဖြင့် လက်အောက်ငယ်သားများအပေါ် မေတ္တာထားမှသာလျှင် တူညီသည့်နွေးထွေးသောမေတ္တာဓာတ်ကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကိုအကြောက်တရားနှင့်ခိုင်းနေမည်ဆိုလျှင် ရာနှုန်းပြည့် အောင်မြင်မှုရရှိနိုင်မည်မဟုတ်ချေ။ အခိုက်အတန့်သာလျှင် အလုပ်ဖြစ်နိုင်ပါသည်။ ရေရှည်တွင် နာကြည်းမုန်းတီးမှုများနှင့်အာဃာတများကိုသာ ဖြစ်တည်လာစေနိုင်ပါသည်။ မေတ္တာတရားသည်သာလျှင် လူတစ်ဦးနှင့်တစ်ဦးကြားတွင် ဖြစ်တည်နေသော အဖုအထစ်များ၊ နာကြည်းမုန်းတီးမှုများနှင့်အာဃာတများကို ပြေပျောက်စေမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့အခွန်အခကို စားသုံးနေသူများဖြစ်သည်။ ထို့ကြောင့် အဆင့်၊ ရာထူးအလိုက် တာဝန်ကျေပွန်ဖို့လိုပါသည်။ အဆင့်ဆင့်သောရာထူးတာဝန်များကို ပေါ့ပါးစွာ ဖြတ်သန်းလာသူအချို့သည် ကြီးလေးသောတာဝန်ထမ်းဆောင်ရသည့်အချိန်တွင် အခက်ကြုံတွေ့ရတတ်သည်။ ငယ်စဉ်ကတည်းက လေ့လာဆည်းပူးထားမှသာလျှင် တာဝန်ကျေပွန်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ရာထူးငယ်စဉ်ကာလကတည်းက ဝမ်းစာဖြည့်လာရန် လိုအပ်သည်။ ဝမ်းစာပြည့်ရန်အတွက် စာများများ ဖတ်ရန်လိုအပ်ပါသည်။ ကြီးလေးသော တာဝန်ယူသည့်အချိန်တွင်သိလိုသမျှအရာအားလုံးကို လက်အောက်ဝန်ထမ်းများအား ပြုစုတင်ပြခိုင်းနေမည်ဆိုလျှင် သင့်တော်မည်မဟုတ်ချေ။ တစ်ခါတစ်ရံ မိမိ၏အတွေ့အကြုံအတွေးအခေါ်နှင့် ဝမ်းစာပြည့်သော လက်အောက်ဝန်ထမ်းများ၏အတွေ့အကြုံသည် အံဝင်ခွင်ကျ (Match) ဖြစ်နိုင်မည်မဟုတ်ချေ။

မည်သို့ပင်ဆိုစေကာမူ အနာဂတ်တွင်ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများ၊ အထူးသဖြင့် ကြီးလေးသော တာဝန်ထမ်းဆောင်ကြမည့်သူများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးသွားကြပါစို့ဟု အကြံပြုတိုက်တွန်းပါရစေ။ ။

---

## မူခင်းအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်

**ကွမ်းခြံကုန်း**

ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်းသိန်းမောင်သည် မေ ၁ ရက် မွန်းတည့် ၁၂ နာရီက ဝါးကောက်တောကျေးရွာ ရွှေပြည်အေးဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုလျော့နည်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့သည်။ **ကြေးမုံ**

**ခရမ်း**

ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် မတ် ၃၁ ရက် ညနေ ၄ နာရီက အုတ်ဖိုကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစု တဲတန်း ဦးအေးသန်းအိမ်ရှေ့၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**

## လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ထုတ်ပေး

**အလုံ မေ ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် အလုံမြို့နယ် လူမှုဖူလုံရေးဝင်းလေးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံ အရာရှိ ဦးစိန်သန်းမြင့်က အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား နှစ်ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း)နှင့် နာရေးစရိတ် ငွေကျပ် ၁၂၆၄၃၈၂၄ ဒသမ ၉၆ အားခွင့်ပြုထုတ်ပေးခဲ့ပြီး အကျိုးခံစားခွင့်ရရှိသူများ၏ ကိုယ်စား Ace cook Myanmar Co., Ltd. အလုပ်ဌာန ကိုယ်စားလှယ် ဒေါ်အိအိသော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **မောင်ဇော်**



# Stranger Things ရာသီသစ်အတွက် အနုပညာကြေးတိုးမြှင့်ပေးခြင်းခံခဲ့ရတဲ့ မီလီဘော်ဘီဘရောင်း

ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်လာတဲ့ မင်းသမီး မီလီဘော်ဘီဘရောင်းဟာ ရုပ်သံဇာတ်လမ်းတွဲအမျိုးအစားဖြစ်တဲ့ "Stranger Things"မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ လာမယ့် ရာသီသစ်ဖြစ်တဲ့ တတိယမြောက်ရာသီမှာတော့ မီလီဘော်ဘီဘရောင်း ပါဝင်သွားမှာဖြစ်ပြီး ယင်းဇာတ်လမ်းတွေကို ရိုက်ကူးခဲ့ရာမှာ မီလီဘော်ဘီဘရောင်းဟာ ယခင်ဇာတ်လမ်းတွဲတွေကို ရိုက်ကူးခဲ့ရာမှ ရရှိခဲ့တဲ့ အနုပညာကြေးထက် ပိုမိုရရှိခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မီလီဘော်ဘီဘရောင်းရဲ့ လက်ရှိရရှိနေတဲ့ အနုပညာကြေးဟာ ဒီဇာတ်လမ်းတွဲတွေကို စတင်ရိုက်ကူးခဲ့စဉ်က ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါလစာထက် အတော်လေးပိုလာတာကို တွေ့ရပါတယ်။ လာမယ့် ရာသီသစ်မှာတော့ သူ့ရဲ့ လုပ်ခလစာဟာ အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းကျော် ရရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက် ၁၄ နှစ်အရွယ်သာရှိသေးတဲ့ မီလီဘော်ဘီဘရောင်းရဲ့ လစာဟာ အတော်လေးများနေတာကို တွေ့ရမှာပါ။ ဒါပေမယ့် မီလီဘော်ဘီဘရောင်းဟာ ထူးချွန်ဆုတွေကို သိမ်းပိုက်ထားနိုင်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့အပြင် သူနဲ့ သက်တူရွယ်တူ အခြားသောသရုပ်ဆောင်တွေနဲ့ နှိုင်းယှဉ်ပါကလည်း သူ့ရဲ့အရည်အချင်းဟာ သာလွန်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ အပြိုင်သရုပ်ဆောင်တွေအကြား သိသာကွဲပြားတဲ့ လစာနှုန်းထားရရှိနေတာလည်း ဖြစ်ပါတယ်။

အောင်မြင်တဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်တာကြောင့် "Stranger Things"ရဲ့ တတိယမြောက်ရာသီကို ဆက်လက်ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲသစ်မှာတော့ အပိုင်းကိုးပိုင်း ပါဝင်မှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲတစ်ခုလုံးအတွက် အနုပညာကြေး စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသန်းကျော်ရရှိမှာဖြစ်ပါတယ်။ မူလစာချုပ်မှာတော့ မီလီဘော်ဘီဘရောင်းရဲ့ အနုပညာကြေးဟာ အမေရိကန်ဒေါ်လာ ၂၂၅၀၀၀ ဖြစ်ပေမယ့် လစာတိုးမြှင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ "Stranger Things"ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ ဒုတိယမြောက်ရာသီအတွက် ဇာတ်ဆောင်မင်းသမီးအဖြစ်ပါဝင်ခဲ့တဲ့ မီလီဘော်ဘီဘရောင်းဟာ ယခုနှစ်ရဲ့ "Kids' Choice Awards" ဆုပေးပွဲမှာ အကောင်းဆုံးရုပ်သံသရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

မီလီဘော်ဘီဘရောင်းဟာ "Kids' Choice Awards" ဆုပေးပွဲကို တက်ရောက်ခဲ့ရာမှာတော့ ပြီးခဲ့တဲ့လအတွင်း ဖြစ်ပွားခဲ့တဲ့ ပါ့ခ်လန်းအထက်တန်းကျောင်း ပစ်ခတ်တိုက်ခိုက်ခံရမှုအတွင်း သေဆုံးခဲ့ရတဲ့သူတွေရဲ့ အမည်တွေကို အင်္ကျီပေါ်မှာရေးသားဖော်ပြခဲ့ကာ အမှတ်တရဂုဏ်ပြုခဲ့တာ တွေ့ရပါတယ်။

မီလီဘော်ဘီဘရောင်းဟာ သေနတ်နဲ့ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုမှာ အသက်ပေးသွားခဲ့ရတဲ့ ကျောင်းသား ၁၇ ဦးရဲ့အမည်တွေကို ဆုပေးပွဲကိုဝတ်ဆင်လာတဲ့ အင်္ကျီရဲ့နောက်ကျောမှာ ရေးသားဖော်ပြဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါတိုက်ခိုက်မှုအပြီးမှာ အထက်တန်းကျောင်းသားတွေက လက်နက်ထိန်းချုပ်မှုအတွက် လှုပ်ရှားဖို့ရာ ဖွဲ့ထားတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Never Again"ရဲ့ အမည်ကို အင်္ကျီရဲ့ရှေ့မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# အေဂျင်စီသစ်နဲ့ စာချုပ်ချုပ်ဆိုလိုက်တဲ့ လီဂျွန်ဆပ်



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဆပ်ဟာ လက်ရှိမှာတော့ အေဂျင်စီသစ်ဖြစ်တဲ့ ဝိုင်အန်ကေအန်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၃ ရက်မှာ အဆိုပါအေဂျင်စီက လီဂျွန်ဆပ်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်တာကြောင့် ပြည်တွင်းမှာသာမက ပြည်ပမှာပါ လီဂျွန်ဆပ်ရဲ့ အနုပညာလှုပ်ရှားမှုတွေကို ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဝိုင်အန်ကေအန်တာတိန်းမန့်နဲ့ လက်တွဲလုပ်ဆောင်နေကြတဲ့ အခြားသော တောင်ကိုရီးယားကြယ်ပွင့်တွေကတော့ ကမ်ဟွန်ဂျိုး၊ ရှင်ဟေဆန်း၊ စတက်ဖန်နီလီ စတဲ့နာမည်ကျော်တွေဖြစ်ကြကြောင်းလည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

# မြောက်ကိုရီးယားမှာ အားပေးမှု အထူးရရှိခဲ့တဲ့ ဆိုးဟွန်



တောင်ကိုရီးယား ကေပေ့ါပ်တေးဂီတအဖွဲ့တွေရဲ့ မြောက်ကိုရီးယားဖျော်ဖြေရေးခရီးစဉ်မှာ လိုက်ပါဖျော်ဖြေခဲ့တဲ့ ဆိုးဟွန်ဟာ မြောက်ကိုရီးယားပရိသတ်တွေရဲ့ အထူးအားပေးမှုကို ရရှိခဲ့ပါတယ်။ မြောက်ကိုရီးယားပရိသတ်တွေက ဆိုးဟွန်ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရာမှာတော့ အလွန်ချစ်ခင်နှစ်သက်ခဲ့ကြကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆိုးဟွန်ဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မကြာသေးမီက အဖွဲ့က နုတ်ထွက်ခဲ့ကာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပါတယ်။ "Girls' Generation"ဟာ မြောက်ကိုရီးယားတွေ အလွန်နှစ်သက်တဲ့ တေးဂီတအဖွဲ့ဖြစ်တာကြောင့် ဆိုးဟွန်ကိုလည်း မြောက်ကိုရီးယားပရိသတ်တွေက အထူးအားပေးခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကန်းထရီးသီချင်းနဲ့ ပရိသတ်ကိုဖျော်ဖြေခဲ့တဲ့ တေလာဆွစ်

ကျေးလက်ရိုးရာတေးသီချင်းတွေကို သီဆိုတဲ့ ကန်းထရီးတေးသံရှင်တစ်ဦးအဖြစ် အနုပညာခရီးစတင်ခဲ့တဲ့ တေလာဆွစ်ဟာ နောက်ပိုင်းမှာတော့ ကန်းထရီးတေးသံရှင်တစ်ဦးအဖြစ်ထက် ပေါ့ပ်တေးသံရှင်အဖြစ် ရှင်သန်လှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။ ဒီလို ပေါ့ပ်တေးသီချင်းတွေကို တစိုက်မတ်မတ် သီဆိုခဲ့ရာမှာ မကြာသေးမီက တေလာဆွစ်ဟာ ကဖေးဆိုင်တစ်ဆိုင်ကို လာရောက်ဖျော်ဖြေခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ တေလာဆွစ်ဟာ ကန်းထရီးတေးသီချင်းတွေကို ထည့်သွင်းသီဆိုဖျော်ဖြေခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ အီစတာနေ့ပိတ်ရက်အတွင်းမှာ တေလာဆွစ်ဟာ နက်ရှ်ဗေးလ်မှာရှိတဲ့ ဘလူးဘာ့ဒ်ကဖေးမှာ သွားရောက်ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ တေးရေးတစ်ဦးဖြစ်တဲ့ ခရက်ရှ်ဝိုက်စ်မန်းရဲ့ မိတ်ဆက်ပေးမှုအပြီး တေလာဆွစ် ဖျော်ဖြေရေးစင်ပေါ်ကို ရောက်ရှိလာခဲ့ချိန်မှာ ပရိသတ်တွေ အထူးအံ့အားသင့်ခဲ့ရပါတယ်။

ခရက်ရှ်ဝိုက်စ်မန်းဟာ တေလာဆွစ် ဆယ်ကျော်သက်ဘဝက လှူဒါန်းပွဲတစ်ခုမှာ စတင်တွေ့ဆုံရင်းနှီးခဲ့ရသူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဖျော်ဖြေရာမှာ တေလာဆွစ်ဟာ ယခင်တွေ့မြင်နေကျပုံစံမဟုတ်ဘဲ ဆံပင်ကိုစည်းထားကာ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး ဂစ်တာကို ကိုယ်တိုင်တီးကာ ဖျော်ဖြေခဲ့ပါတယ်။

အဆိုပါကဖေးမှာ တေလာဆွစ်က သူ့ရဲ့ ကျော်ကြားတဲ့ တေးသီချင်းဖြစ်တဲ့ "Shake It Off "နဲ့ "Love Story"တို့ကို ဂီတာတီးကာ သီဆိုခဲ့ပါတယ်။ ဒါ့အပြင် "Little Big Town" ရဲ့ တေးသီချင်းဖြစ်ပြီး သူကိုယ်တိုင်ရေးသားထားတဲ့ တေးသီချင်းဖြစ်တဲ့ "Better Man"ကို သီဆိုပေးခဲ့ကြောင်းလည်း သိရပါတယ်။

တေလာဆွစ်ရဲ့ဖျော်ဖြေမှုတွေအားလုံးကို အမှတ်တရဗီဒီယိုရိုက်ကူးထားပြီး ယင်းကဖေးရဲ့ (၃၅)နှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ထားကြောင်းလည်း သိရပါတယ်။



© Getty Images for 13 Management

# နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ နွေရာသီရေကူးသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစားသင်တန်းများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၈ ခုနှစ် နွေရာသီရေကူးသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပခဲ့သည်။



အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာစေရေးနှင့် ပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုများစွာရရှိရေးအတွက် တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာပြီး နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်၊ မယ်များ ထွက်ပေါ်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းကို အခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားကာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာအောင် ကြိုးစားသွားကြရန် ပြောကြားခဲ့သည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုဆုငွေများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံရေကူးသင်တန်းကို မတ် ၄ ရက်မှ ဧပြီ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် သင်တန်းသား သင်တန်းသူ ၁၂၈ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# မြောင်းမြဇက်ဆိပ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နေ

**မြောင်းမြ ဧပြီ ၃**
မြောင်းမြကြိုးတံတား ဧပြီ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က ကျိုးကျသွားမှုကြောင့် လပွတ္တာ-ရန်ကုန်၊ မြောင်းမြ-ရန်ကုန်၊ မြောင်းမြ-ပုသိမ် ခရီးသွားများ အခက်အခဲနှင့်ကြုံတွေ့လျက်ရှိနေပြီး ခရီးသွားလာမှု လွယ်ကူမြန်ဆန်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ကွယ်လွယ်ဘက်ခြမ်း ကားကူး ဇက်ရေယာဉ်ကူးတို့ဆိပ်နှင့် မြောင်းမြဘက်ခြမ်း ဇက်ရေယာဉ်ကူးတို့ဆိပ်တို့ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြောင်းမြတစ်ဖက်ကမ်း ကွယ်လွယ် (ယခင်ဇက်ဆိပ်အဟောင်း)ကို ပြုပြင်ခြင်း၊ မြောင်းမြဘက်ကမ်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့ အုတ်သဲကျောက် လုပ်ငန်းများကိုရှင်းလင်းဆောင်ရွက်ကာ ဇက်ရေယာဉ်ကူးတို့ဆိပ်သစ်တည်ဆောက်လုပ်ကိုင်လျက်ရှိရာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဌာနတို့မှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

"လောလောဆယ် ဇက်ရေယာဉ်ကြီးတွေ မဆိုက်ကပ်နိုင်သေးခင်မှာ မော်တော်ဆိုင်ကယ်၊ စက်ဘီး ခရီးသွားတွေ အဆင်ပြေအောင် ဇက်အသေးတစ်စင်းနဲ့ ကနဦး သယ်ပို့လို့ရအောင် စီစဉ်နေပါတယ်၊ အဲဒီအတွက်လည်း အခကြေးငွေမယူဘဲ အခမဲ့ ဆောင်ရွက်ပေးသွားမှာပါ" ဟု ပရဟိတ လုပ်ငန်းဆောင်ရွက်နေသူ ဦးလင်းလင်းက ပြောသည်။

"ခရီးသွားနဲ့ လိုင်းကားတွေ အဆင်ပြေအောင် လပွတ္တာဘက်သွားမယ့်ယာဉ်ကို လက်ဝဲဘက်လမ်း၊ ဇက်ကူးမယ့်ယာဉ်က လက်ယာဘက်ခြမ်း တစ်လမ်းမောင်းစနစ်နဲ့ ဆောင်ရွက်ပေးသွားပါမယ်" ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ပြောသည်။

ထို့ပြင် ရေထဲထိုးကျ ပျောက်ဆုံးနေသော ကုန်ကားယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ သေဆုံးခဲ့ရမှုအပေါ် ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ဧပြီ ၂ ရက် ညနေ ၄ နာရီက မြောင်းမြခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေကျပ် ခြောက်သိန်းတို့ကို ကျန်ရစ်သူမိသားစုများအား တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ဌာနဆိုင်ရာများ၊ သေဆုံးသူ ကုန်ကားယာဉ်မောင်း မိသားစုများ၊ သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**



## ကျိုင်းလပ်မြို့၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန်ပျက်စီးမှုဖြစ်ပွား

**ကျိုင်းလပ် ဧပြီ ၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် ဧပြီ ၂ ရက် ည ၉ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မိုးသီးများကြွေကျကာ နမ့်ဆီးကျေးရွာရှိ လူနေအိမ် သုံးလုံး အမိုးလန် ပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျိုင်းလပ်မြို့ ဝမ်းကျင်းရပ်ကွက်ရှိ မြန်မာ-လာအိုချစ်ကြည်ရေးတံတား၊ တိုးဂိတ် (BCF)မှ အလျား ၁၂ ပေ၊ အနံ ၆ ပေရှိ စစ်ဆေးရေးကောင်တာနှစ်လုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

အလားတူ မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ဆီး(လားဟူ)ကျေးရွာတွင် ပျဉ်ထောင်အိမ် နှစ်လုံး၊ ဝါးထရံကာ နေအိမ်တစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းသိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့နယ် အတွင်းရှိ ကြာကန်ကျေးရွာတွင် အိမ်ခြေ ၁၄၀ ပျက်စီး

**မကွေး ဧပြီ ၃**
ဧပြီ ၁ ရက် ည ၈ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မကွေး-နတ်မောက်လမ်းမမြောက်ဘက် မကွေးမြို့နယ်အတွင်းရှိ ကြာကန်ကျေးရွာတွင် အိမ်ခြေ ၁၄၀ ပျက်စီးပြီး CB ကြက် ၈၂ ကောင်သေဆုံးသည်ဟု ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပရဟိတလုပ်ငန်းများဆောင်ရွက်နေသူ ကိုဇော်မင်းထိုက်က ဆိုသည်။

ကြာကန်အုပ်စု လေပြင်းတိုက်ခတ်မှုကြောင့် ထန်းပင်များလဲကျပြီး လူနေအိမ်များနှင့် ကြက်မွေးမြူရေးခြံများအပေါ် ပိကျခဲ့သည်။ **ခွဲထက်ရှင်**

## တနင်္သာရီမြို့နယ် အရှေ့သာရဖုံကျေးရွာ၌ မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးပြိုကျ

**တနင်္သာရီ ဧပြီ ၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သာရဖုံကျေးရွာအုပ်စု အရှေ့သာရဖုံကျေးရွာရှိ လူနေအိမ်တစ်လုံး ဧပြီ ၂ ရက် ညနေ ၅ နာရီခန့်က ရုတ်တရက်မိုးသက်လေပြင်းကျရောက်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်တစ်လုံးပြိုကျမှုဖြစ်ပွားခဲ့သည်။

အလားတူဧပြီ ၁ ရက် ညနေ ၃ နာရီ ၃၀ မိနစ်ခန့်က ပုလောမြို့နယ် ပလမြို့ အမှတ် (၁/၂/၃/၄)ရပ်ကွက်နှင့် ဇရပ်ဆိပ်ကျေးရွာတို့တွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျကာ လူနေအိမ်ကိုးလုံး ပြိုကျပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မုံရွာမြို့နယ်နှင့် ကသာမြို့တွင် နွေရာသီအားကစားသင်တန်းများဆင်းပွဲကျင်းပ

**မုံရွာ ဧပြီ ၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၁၈ ခုနှစ် နွေရာသီအတွင်း ဖွင့်လှစ်သင်ကြားပေးခဲ့သော အခြေခံသင်တန်းများဆင်းပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်း ကျင်းပသည်။

နွေရာသီသင်တန်းများအဖြစ်ဖွင့်လှစ်ခဲ့သော ဘောလုံး၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်း၊ ရိုးရာခြင်းလုံး၊ ဘတ်စကက်ဘော၊ စစ်တုရင်နှင့် ဖူဆယ်သင်တန်းတို့တွင် တိုင်းဒေသကြီး အားကစားကွင်းအတွင်း သင်တန်းသား ၁၁၀၊ သက္ကယ်ကျင်းလယ်ဇင်ကျေးရွာ မြန်မာ့သိုင်း သင်တန်းသား ၁၂၅ ဦး၊ မုံရွေးကြေးမုံကျေးရွာ နေသူရိန်အားကစားကွင်းတွင် သင်တန်းသား ၈၅ ဦး၊ ကျောက္ကာမြောက်ကျေးရွာ အားကစားကွင်းတွင် သင်တန်းသား ၆၅ ဦး စုစုပေါင်း ၃၈၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် သင်တန်းအလိုက် ထောက်ပံ့ပစ္စည်းများ၊ ဝတ်စုံများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်၊ မုံရွာအားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြခြင်းနှင့် မြန်မာ့ရိုးရာသိုင်းပညာ အခြေခံ (၆၃) မောင်း သရုပ်ပြသခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



အလားတူ ကသာမြို့တွင် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီတိုက်ကွမ်ဒိုသင်တန်းဆင်းပွဲအား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းအောင်တို့ တက်ရောက်ကာ သင်တန်းသားများ၏ တိုက်ကွမ်ဒိုစွမ်းရည် သရုပ်ပြသမှုများအား ကြည့်ရှုအားပေးခဲ့ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# အညာဒေသအတွက် အသုံးဝင်သည့်ထန်းပင်များ မပြုန်းတီးစေချင်

ဖွဲ့ထက်ရှင်



ထန်းပင်သည် ကျေးလက်ဒေသ တောသဘာဝများ၏ အလှတရား၊ စာဆိုရှင်တို့၏ အနုပညာ၊ ကျေးလက်ဒေသနေ ပြည်သူတို့၏ တန်ဖိုးထားရာဖြစ်သည်။အသီး၊ အရွက်၊ အလက်၊အပင်၊အမြစ်မှစ၍ အသုံးဝင်လှသည်မှာ ထန်းပင် ဖြစ်သည်။ “ထန်းပင် ထန်းလက် ထန်းရွက်တွေက တစ်မျှော်တစ်ခေါ်ပါ၊ မောင်ရယ်. . . ကြက်သွန်ခင်းရဲ့ အလယ် ညီညွတ်ရင်းနဲ့ အသက် ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေ့ကထက် ပိုချစ်ကြမယ်” ဆိုသည့်အတိုင်း အညာမြေဒေသ၏ ဂုဏ်ယူဖွယ်ရာသင်္ကေတဖြစ်သည့် ထန်းပင်၊ ထန်းတောကြီးများကို အေးမြစိမ်းစိုစွာ အစုလိုက် အတန်းလိုက် မြင်တွေ့ရမည်ဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသနှင့် မြို့ပေါ် ရပ်ကွက်များတွင် လူနေအိမ်များနှင့် အရောင်းဆိုင်ခန်းများ ဆောက်လုပ်ရာတွင် တန်ဖိုးကြီးသစ်များအစား အပင်ရင့်ထန်းခွဲသားများအား တွင်ကျယ်စွာအသုံးပြုလျက်ရှိပြီး ထန်းခွဲသားဈေးကွက် အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အပြင် ထန်းပင်ကို ကုန်ချောပြုလုပ်၍ ပရိဘောဂလုပ်ငန်းအဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လာကြသည်။

“ပင်ရင့် ထန်းခွဲသားက အခြားသစ်မာအမျိုးအစားတွေထက် ပိုမာကျောပြီး အကြမ်းခံတယ်၊ ရေမစိုရင် နှစ်ပေါင်းအတော်ကြာတဲ့ အထိအောင် ပိုးထိုး ဆွေးမြည့်တာမျိုးမရှိဘူး၊ အဘိုး ဆောက်တဲ့အိမ် မြေးတစ်သက်နေလို့ ရတယ်”ဟု မြင်းကင်းကျေးရွာမှ အသက် ၆၀ ကျော်ရှိ လက်သမားဆရာ တစ်ဦးက ပြောသည်။

**သစ်ဝါးအစားထိုး အသုံးပြု**

ထန်းသားကို မြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့်ဟိုတယ်များတွင် (Country Style) အဖြစ် အသုံးပြု တည်ဆောက်ကြလာကြကြောင်း၊ ကျေးရွာများတွင် ထန်းသားကို အိမ်တိုင်၊ ထုပ်တန်း၊ လျှောက်တန်းတွေအတွက် သစ်ဝါးအစားထိုး အသုံးပြုကြကြောင်း၊ နှစ် ၇၀ သက်တမ်းရင့် အပင်တွေကို ခုတ်လှဲပြီး အသုံးပြုကြကြောင်း ၎င်းက ဆိုသည်။

မကွေးမြို့မှဒေသခံတစ်ဦးက “သစ်တွေကဈေးကြီးလာသလို တန်ဖိုးကြီးတဲ့သစ်ဝါးတွေအစား အပင်ရင့်ထန်းခွဲသားတွေ အစားထိုး သုံးစွဲမှုများပြားလာတော့ ထန်းသားဈေး ထန်းပင်ဈေးလည်း ဈေးနှုန်းမြင့်တက်လာတယ်” ဟု ပြောသည်။

ထန်းသား ၅×၂ ပေအရှည် ၁၆ ပေ တစ်ချောင်းကို ကျပ် ၇၀၀၀ ပေးရပြီး ထန်းတစ်ပင် ကျပ် ၁၀၀၀၀ ရှိသည်။ ထန်းတစ်ပင် ခုတ်လှဲပြီး ၄×၂ ပေအရှည် လေးချောင်းနှင့် ၅×၂ ပေအရှည် လေးချောင်းရရန် လက်ခကျပ် ၄၀၀၀၀ ပေးရသည်။ ထန်းတစ်ပင်ကို ခုတ်လှဲခွဲစိတ်လျှင် အိမ်တိုင်ငါးလုံးနှင့် လေးပေ နှစ်လက်မချောင်း ခုနစ်ချောင်းရရှိကြောင်း၊ သုံးပင်၊ လေးပင်နေအိမ်တစ်လုံးဆောက်လျှင် ထန်း ငါးပင်ခန့် ခုတ်လှဲရကြောင်း ၎င်းက ဆက်လက် ပြောပြသည်။ ထို့ပြင် မကွေးမြို့အနီးရှိ ထုံးပေါက်တော၊ ကင်း၊အုတ်ဖို၊ ကံပြား၊ ဇီးကျွန်းနှင့် အနီးဝန်းကျင် ကျေးရွာများတွင်လည်း ထန်းတောများကို ခပ်စိပ်စိပ်တွေ့မြင်ရပြီး ခုတ်လှဲရမည့် သက်ရင့်ပင်များကို ပင်ပြတ်ဈေးနှုန်းအဖြစ် ယခင်က ငွေကျပ် ၁၅၀၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ငွေကျပ် ၃၅၀၀၀ ဝန်းကျင်အထိ ဈေးပေါက်လျက်ရှိသည်ဟု သိရသည်။

ထန်းပင်တို့၏ ပျမ်းမျှအမြင့်မှာ ပေ ၆၀ မှ ၈၀ ဝန်းကျင်ဖြစ်ပြီး ထိုထက်မြင့်သည့် အပင်များလည်း ရှိတတ်သေးသည်။ ထန်းပင်တို့၏ သက်တမ်းမှာ နှစ် ၁၅၀ မှ ၂၀၀ အထိရှိသည်။ ယခုအခါ ထန်းပင်တက် လုပ်သားရှားပါးခြင်း ထန်းလုပ်ငန်း လုပ်ကိုင်လာသူလည်း နည်းပါးလာသည်ဟု ဆိုကြသည်။

“မကွေးမြို့နယ်အတွင်းက ကျေးလက်ဒေသတွေမှာ ထန်းပင်အခြေကို ဖင်ထိုင်ခုံတွေအဖြစ်အသုံးပြုကြပြီး ထန်းပင်ရဲ့ ပင်စည်ကိုတော့ တံတားထိုးခြင်းနဲ့အဆောက်အအုံတွေ ဆောက်လုပ်တဲ့နေရာမှာ အသုံးပြုကြပါတယ်၊ ဒါ့အပြင် ထန်းရွက်ကိုတော့ အိမ်ခေါင်မိုးများနဲ့ ကာဖို့အတွက် အသုံးပြုကြပြီး ထန်းလက်ကိုတော့ ကုလားထိုင်များ ပြုလုပ်တဲ့နေရာမှာ အသုံးပြုလာကြပါတယ်” ဟု သဲရင်းတောကျေးရွာမှ ဦးကြည်ခိုင်က ပြောသည်။

မကွေးမြို့ရှိ ဗိုလ်ချုပ် ကြေးရုပ်ပန်းခြံနှင့် လွတ်လပ်ရေး ပန်းခြံကြား လမ်းတို့တွင်ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ အသေးစား စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော နိုင်ငံတော် အသိအမှတ်ပြု ဒေသဆိုင်ရာ MSME ထုတ်ကုန်များ ပြသရောင်းချပွဲကို သုံးရက်ကြာ ကျင်းပလျက်ရှိသည်။ ထိုပွဲ၌ ပခုက္ကူမြို့ စက်မှုဇုန်မှ ထန်းပင်၏ ခုတ်ဖြတ်ထားသော ထန်းသားများကို ပေါင်းပြီးသား ထန်းပါကေး ကုန်ချောပစ္စည်းများကို လာရောက် ပြသပေးလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို က “ဒီလိုပွဲမျိုးကို ဆက်လက်လုပ်ဆောင်မယ့် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ကပါ လာရောက် လေ့လာကြပါတယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးတဲ့ ပြပွဲတစ်ခုဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုကိုပြသတဲ့ အောင်ပွဲလို့လည်း ပြောလို့ရပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၉၉ ဒသမ ၉ ရာခိုင်နှုန်းဟာ MSMEs များဆိုပေမယ်လို့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး မှာတော့ MSMEs လုပ်ငန်းက ရာနှုန်းပြည့်လို့ ပြောရမှာပါ၊ ဒါ့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ MSMEs များကို စနစ်တကျ ကူညီပံ့ပိုးပေးနိုင်တာနဲ့အမျှ တိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝတွေဟာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ပြပွဲ ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ထွက်ကုန်ပစ္စည်းများဖြစ်သည့် နှမ်း၊ မြေပဲ၊ ဆီ၊ စလင်း ဝက်သည်းကန်မှ ပဒုမ္မာကြာဖြင့် ပြုလုပ်သည့်ပစ္စည်းများ၊ ထန်းပင်နှင့် ပြုလုပ်သည့် ပရိဘောဂ ပစ္စည်းများ၊ မကွေးနည်းပညာတက္ကသိုလ်မှ တီထွင်မှုပစ္စည်းများနှင့် ဒေသ ထွက်ကုန်များ၊ ချင်းပြည်နယ်မှ ဒေသထွက်သီးနှံများနှင့် ရိုးရာယဉ်ကျေးမှုထုတ်ကုန်ပစ္စည်းများ၊ ရခိုင်ပြည်နယ်မှ ရေထွက်ပစ္စည်းများဖြစ်သည့် ပုစွန်ခြောက်၊ ငါးခြောက်စသည်တို့နှင့် ရိုးရာထုတ်ကုန်ပစ္စည်းများ၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ဒေသထွက်အစားအစာနှင့် ဖျော်ရည်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ပြသရောင်းချလျက်ရှိသည်။

ပခုက္ကူ စက်မှုဇုန်မှ SEIN SOE SAN COMPANY LTD. သစ်အချောထည်စက်ရုံမှ Production မန်နေဂျာ ဦးဆန်းဝင်းက “ကျွန်တော်တို့ အရင်တုန်းက သစ်လုပ်ငန်းလုပ်တယ်၊ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က သစ်လောကကိုဖြတ်သန်းလာတော့ အခု အညာဒေသကို ရောက်လာပြီး ကျွန်တော်တို့ အညာဒေသမှာ သယံဇာတတွေရှိတယ်၊ ပြီးတော့ ဒါလေးတွေကို စနစ်တကျ စည်းကမ်းရှိရှိနဲ့ အသုံးကျအောင်လို့ မန်နေဂျင်း ဒါရိုက်တာရယ် ကျွန်တော်ရယ် ပူးပေါင်းမိတော့ ထန်းသား၊ ထန်းမြစ် အလေအလွင့်တွေကို တန်ဖိုးမြင့်အောင်၊ တန်ဖိုးရှိအောင် လုပ်ချင်ပြီးတော့ ပခုက္ကူမှာပဲတွေ့ကြတယ်၊ အဲ့ဒီလိုတွေ့ကြပြီး သူ့ရဲ့အိပ်မက်နဲ့ ကျွန်တော်တို့ လက်တွေ့ အကောင်အထည်ဖော်ဖြစ်ကြတယ်၊ သူများနိုင်ငံကို ကုန်ကြမ်းအဖြစ် မရောင်းချင်ဘဲ ကုန်ချောအနေနဲ့ ကိုယ့်နိုင်ငံမှာ ကုန်ချောအဖြစ် ထုတ်လုပ်ချင်တဲ့ စိတ်နဲ့ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းအကောင်အထည်ဖော်မိတယ်၊ မရောင်းရလည်း ကိုယ့်ဘာသာကို သုံးမှာပါ” ဟု ပြောသည်။

**ပေါင်းပြီးသား ထန်းပါကေး**

သုံးထားပြီး စွန့်လွှတ်ထားသော ထန်းသား ထန်းမြစ်များကို ရေရှည်ခံ ရေစိုခံနိုင်ရန် ပေါင်းပြီးသား ထန်းပါကေးအဖြစ် SEASONS နဂါးဆက်တီ အကြီး၊ SEASONS ပန်းဆက်တီအကြီး၊ SEASONS EU ဆက်တီအကြီး၊ ကျောကော့အလတ်တို့ကို တစ်ယောက်ထိုင်ခုံလေးလုံး၊ သုံးယောက်ထိုင်ခုံ တစ်လုံးနှင့် Side Table၊ Center Table များ ထုတ်လုပ်ထားသည်။ အသေးဆုံး ဆေးလိပ်ခံခွက်၊ လည်ရှည်၊ လည်တို ပန်းအိုးများ၊ ရေနွေးအိုးအစုံ၊ ဝိုင်ခွက်၊ မြသပိတ်၊ ကလပ်၊ ထမင်းချိုင့်နှင့် ပွတ်လုံးကုလားထိုင်၊ ရိုးရိုးကုလားထိုင်၊ တံခါးပေါက်၊ အိပ်ခုတင်အထိ ထုတ်လုပ်ထားသည်။ အသေးဆုံးပစ္စည်း ကျပ် ၃၅၀၀ မှ ဆက်တီအစုံကျပ်သိန်း ၉၄ သိန်းကျော်အထိ ထုတ်လုပ်ထားသည်ဟု၎င်းထံမှ သိရသည်။

**ထန်းတောကြီးတွေထိန်းသိမ်းသင့်**

ခေတ်မီဖွံ့ဖြိုးလာသော အခြေအနေတွင် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ ဖွင့်ဖို့ရန်အတွက်လည်း စီးပွားရေးလုပ်ငန်းရှင်များက စားသုံးသူများကိုဆွဲဆောင်ဖို့ ရိုးရာဓလေ့ဆန်သည့် ထန်းပင်များကိုအသုံးပြုလာကြသည်။ အညာဒေသ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ မြို့နယ်အတွင်း သွားလေရာ ဒေသလမ်းတစ်လျှောက်တို့တွင်မြင်တွေ့ရသော လမ်းဘေးတဲကလေးများ၊ စားသောက်ဆိုင်အများစုဟာ အဆောက်အအုံတွေဆောက်လုပ်ဖို့ရန် ထန်းပင်ကို အရင်းအမြစ်အဖြစ် အသုံးပြုလာသည်ကို မြင်တွေ့နိုင်ကြသည်။ ကျေးလက်ဒေသများအထိ ထန်းသားတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းက သစ်အသုံးမပြုနိုင်သူတွေအတွက် ကောင်းကျိုးတွေဖြစ်လာနိုင်ပေမယ့်လည်း ထန်းပင်များကို တွင်တွင်ကျယ်ကျယ် ခုတ်လှဲရောင်းချလို့ ထန်းတောကြီးတွေ ပျက်သုဉ်းသွားနိုင်ခြင်းမရှိရန် ထိန်းသိမ်းသင့်သည်။ ဒီလိုဆိုရင်တော့ စိမ်းလန်းစိုပြည်ရေးကို ထိခိုက်စေနိုင်သလို သဘာဝရာသီဥတု ဂေဟစနစ်ကိုလည်း ပျက်စီးနိုင်တဲ့အတွက် ထန်းပင်၊ ထန်းတောကြီးများ မပျက်စီး၊ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်မှုတွေပြုလုပ်ဖို့လိုအပ်သည်ဟုလည်း ဆိုကြသည်။ ။

# တစ်ပတ်အတွင်း အားကစားသတင်း



## ကစားသမားဘဝထက် နည်းပြဘဝမှာ ဇီဒန်း ပိုမိုအောင်မြင်ပါတယ်

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းဟာ ကစားသမားဘဝမှာ နိုင်ငံအသင်းနဲ့ ကမ္ဘာ့ဖလား၊ ဥရောပဖလားတွေ ဆွတ်ခူးခဲ့ဖူးသူဖြစ်သလို ကလပ်အသင်းနဲ့ လာလီဂါဖလား၊ စီးရီးအေဖလား၊ ချန်ပီယံလိဂ်ဖလားတွေကို ရယူခဲ့ဖူးသူဖြစ်တာကြောင့် သူလို အောင်မြင်အောင် စွမ်းဆောင်နိုင်သူ အတော်ရှားတယ်လို့ ပြောလို့ရပါတယ်။ ဇီဒန်းနဲ့ တစ်ခေတ်တည်းလို့ ပြောလို့ရမယ့် ရာအူးလ်၊ ဖီဂို၊ ရိုနယ်လ်ဒိုတို့ဟာလည်း တစ်ဦးချင်း စံချိန်တွေ ရကောင်းရမယ်။ ချန်ပီယံဖလား ဆွတ်ခူးနိုင်မှုမှာ ဇီဒန်းကို လိုက်မမီခဲ့ပါဘူး။

ဒါ့အပြင် ပြင်သစ်အသင်း ၁၉၉၈ ကမ္ဘာ့ဖလား၊ ၂၀၀၀ ပြည့်နှစ် ဥရောပဖလားဆွတ်ခူးရာမှာ ဇီဒန်းက အဓိက ခြေစွမ်းပြနိုင်တဲ့ ကစားသမားဖြစ်ခဲ့သလို ၂၀၀၂ခုနှစ်ရီးယဲလ်အသင်းနဲ့ ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲမှာ လေဗာကူဆင်အသင်းဘက်ကို သွင်းယူခဲ့တဲ့ သူ့ရဲ့ မြေမကျကန်သွင်းချက်ဟာ ချန်ပီယံလိဂ်သမိုင်းရဲ့ အလှပဆုံး သွင်းဂိုးဖြစ်ခဲ့ပါတယ်။ ဇီဒန်းအနေနဲ့ ကစားသမားဘဝကို အောင်အောင်မြင်မြင်တည်ဆောက်ပြီး ၂၀၀၆ခုနှစ်မှာ ကစားသမားဘဝကနေ အနားယူသွားခဲ့ပါတယ်။ အဲဒီနောက် ၁၀နှစ်အကြာ ရီးယဲလ်အသင်းရဲ့ နည်းပြအဖြစ် ဘောလုံးဇာတ်ခုံပေါ် တစ်ကျော့ပြန် ဝင်ရောက်လာပါတယ်။ ရီးယဲလ်အသင်းကို ကိုင်တွယ်ခွင့် ရခဲ့တဲ့အပေါ် ကြိုဆိုသူထက် ဝေဖန်သူပိုများခဲ့ပါတယ်။

ဇီဒန်းဟာ ဘင်နီတက်ဇ်နေရာမှာ တာဝန်ယူဖို့ အစားထိုး ခန့်အပ်ခံရတာဖြစ်ပြီး ရာသီဝက်သာ ကိုင်တွယ်တဲ့ ကာလအတွင်း ရီးယဲလ်အတွက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးပြီး ဇီဒန်းက ဝေဖန်မှုတွေကို ရပ်တန့်အောင် စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။ နောက်ရာသီမှာလည်း ကမ္ဘာ့ဖလား၊ လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလား ထပ်မံဆွတ်ခူးပေးနိုင်ခဲ့တာကြောင့် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က ဇီဒန်းဆန္ဒရှိသလောက်ကိုင်တွယ်ခွင့်ပေးမှာဖြစ်ပြီး ဘယ်လိုအကြောင်းနဲ့မှ ထုတ်ပယ်မှာမဟုတ်ဘူးဆိုတဲ့ သီးသန့်အာမခံချက်ပေးထားခဲ့တယ်ဆိုတဲ့သတင်းတွေထွက်ခဲ့ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာတော့ ရီးယဲလ်အသင်း ရလဒ်တွေကျဆင်းလာခြင်းနဲ့အတူ ဇီဒန်းရဲ့ အနာဂတ်လည်း အကြိမ်ကြိမ် လှုပ်ခတ်ခဲ့ပြီး ဇီဒန်းကိုယ်တိုင်ကတောင် ပီအက်စ်ဂျီနဲ့ ချန်ပီယံလိဂ်ပွဲက သူ့ရဲ့ နည်းပြဘဝအတွက် အဆုံးအဖြတ်ပဲလို့ ဝန်ခံမှု ပြုခဲ့ရပါတယ်။

ဒါပေမယ့် ဇီဒန်းနဲ့ ဂျူဗင်တပ်မှာ တွဲဖက်ကစားဖူးခဲ့တဲ့ ကွင်းလယ်လူဟောင်း တက်ချီနာဒီက ဇီဒန်းဟာ ကစားသမားဘဝမှာထက် နည်းပြဘဝမှာ ပိုအောင်မြင်ပြီး အများထင်မြင်ချက်ကို ပြောင်းပြန်လှန်ပစ်နိုင်သူလို့ မှတ်ချက်ပြုလိုက်ပါတယ်။

တက်ချီနာဒီက "ဇီဒန်းဟာ ကစားသမားဘဝမှာထက် နည်းပြဘဝမှာ ပိုအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ သူဟာ ကစားသမားဘဝမှာတုန်းကတည်းက ညွှန်ကြားချက် သိပ်မလိုဘဲ ကစားနိုင်တဲ့သူဖြစ်ပါတယ်။သူဟာ နည်းစနစ်ကြွယ်ဝသူ တစ်ဦးဖြစ်ပြီး မှန်ကန်တဲ့ နည်းစနစ်ကို အမြဲလိုလို ရှာဖွေတွေ့ရှိတတ်သူပါ။ ခုတော့ နည်းပြ တစ်ဦးအနေနဲ့ ပိုမိုသန်မာလာပါပြီ။ သူဟာ ကစားသမားဘဝကတည်းက ထူးခြားတဲ့ ကစားသမားတစ်ဦးဖြစ်ခဲ့သလို နည်းပြဘဝနဲ့လည်း ခမ်းနားတဲ့ အောင်မြင်မှုတွေကို ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကစားသမားဘဝတုန်းက နောင်တစ်ချိန် ဇီဒန်း အောင်မြင်တဲ့ နည်းပြဖြစ်မယ်ဆိုရင် ဘယ်သူမှ ယုံမှာ မဟုတ်ပါဘူး" လို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဇီဒန်း ဂျူဗင်တပ်မှာ ကစားနေစဉ် ကိုင်တွယ်ဖူးတဲ့ နည်းပြ လစ်ပီကလည်း ဇီဒန်းကို နည်းပြတစ်ဦးဖြစ်လာမယ်လို့ သူဘယ်တုန်းကမှ မထင်ခဲ့မိဘူးလို့ ပြောကြားခဲ့ဖူးပါတယ်။

## အယ်လီဂရီအဝင် ကွန်တီအထွက်ဖြစ်မယ့် ချယ်လ်ဆီး



ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်အသင်းကြီးတွေထဲမှာ နည်းပြ အပြောင်းအလဲအများဆုံး အသင်းဖြစ်ပြီး ယခုလည်း ပြီးခဲ့တဲ့ရာသီက အသင်းကို ပရီမီယာလိဂ် ချန်ပီယံဖြစ်စေခဲ့တဲ့ နည်းပြ ကွန်တီကို ထုတ်ပယ်ဖို့ စီစဉ်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ချယ်လ်ဆီးဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ စပါးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လာမယ့်ရာသီ ချန်ပီယံလိဂ် ဝင်ခွင့်မျှော်လင့်ချက်ဟာ ကုန်သလောက်ဖြစ်သွားခဲ့ပါတယ်။ ဒီအချိန်မှာ ကွန်တီနဲ့ နီးစပ်သူတွေကလည်း ကွန်တီအနေနဲ့ ချယ်လ်ဆီးက ထွက်ဖို့ မစောင့်နိုင်လောက်အောင်ဖြစ်နေပြီ၊ လာမယ့်ရာသီ ပီအက်စ်ဂျီကို ကိုင်တွယ်မလား၊ အီတလီလက်ရွေးစင်အသင်းကို ရွေးချယ်မလား ဒီအပေါ်မှာလည်း ထင်မြင်ချက်တွေ အမျိုးမျိုးပေးခဲ့ကြပါတယ်။

ခုနောက်ဆုံးတော့ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်က ကွန်တီနေရာ ဂျူဗင်တပ်နည်းပြ အယ်လီဂရီနဲ့အစားထိုးဖို့ ညွှန်ကြားထားပြီး ကာယကံရှင် အယ်လီဂရီ ကိုယ်တိုင်ကလည်း ဒီကိစ္စရပ်အအပေါ် ဝန်ခံမှုပြုလိုက်တာကြောင့် ချယ်လ်ဆီးမှာ အယ်လီဂရီအဝင် ကွန်တီအထွက်ဖြစ်လာမှုကို မြင်ရဖွယ်ရှိနေပြီလို့ ယေဘုယျ အဖြေထုတ်နိုင်ပါပြီ။ အယ်လီဂရီကတော့ သူဟာ နိုင်ငံရပ်ခြားမှာရှိတဲ့ အသင်းတစ်သင်းကို ကိုင်တွယ်မှာဖြစ်ပြီး အီတလီနိုင်ငံတွင်း နည်းပြအဖြစ် ကိုင်တွယ်မှု အဆုံးသတ်ပြီလို့ ဝန်ခံမှုပြုလိုက်တာ တွေ့ရပါတယ်။



နည်းပြ ကွန်တီနဲ့ ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်များကြား ကစားသမား အပြောင်းအရွှေ့ကိစ္စရပ်မှာ သဘောထား ကွဲလွဲမှုဖြစ်ခဲ့ခြင်းက နှစ်ဦးနှစ်ဖက် ဆက်လက် လက်တွဲဆောင်ရွက်ဖို့ မဖြစ်နိုင်တော့တဲ့ အကြောင်းတရားဖြစ်ခဲ့တာပါ။ ကွန်တီ လိုချင်တဲ့ ကစားသမားအများစုကို ချယ်လ်ဆီး ဘုတ်အဖွဲ့ဝင်တွေက အကြောင်းပြချက်အမျိုးမျိုးပေး ပယ်ချတတ်သလို အသင်းက အဓိက ကစားသမားအချို့ ရောင်းချမှုမှာလည်း ကွန်တီကို တိုင်ပင်ခြင်းမရှိဘဲ ဆောင်ရွက်ခဲ့တာကြောင့် ကွန်တီက ဇန်နဝါရီ ဈေးကွက် ပိတ်သိမ်းအပြီးမှာပဲ ချယ်လ်ဆီးကနေ ထွက်ဖို့ ယတိပြတ်ဆုံးဖြတ်လိုက်တာလို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်လက်ထက်မှာ ခန့်အပ်ခဲ့တဲ့ နည်းပြတွေထဲမှာ ရာနီရေရီ၊ အန်စလော့တီ၊ ကွန်တီတို့ဟာ အီတလီလူမျိုးတွေ ဖြစ်ကြသလို အယ်လီဂရီကလည်း အီတလီလူမျိုးပဲဖြစ်တာကြောင့် အေဗရာမိုဗစ်ဟာ အီတလီတွေကို အတော် သဘောတွေ့ပုံရပါတယ်။


ယခုနောက်ပိုင်းနှစ်တွေမှာ ပရီမီယာလိဂ် ချန်ပီယံအသင်းတွေရဲ့ နည်းပြတွေဟာ နောက်ရာသီမှာ ထုတ်ပယ်ခံရတာက အစဉ်အလာဖြစ်နေပြီး မော်ရင်ဟို၊ ရာနီရေရီပြီးတော့ ခုလည်း ကွန်တီအလှည့်ရောက်လာချိန် နီးကပ်လာပြန်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဈေးကွက်ဖွင့်လှစ်ချိန် ဘွတ်ကီဒိုင်တွေက လာမယ့်ရာသီ ပရီမီယာလိဂ်က ထုတ်ပယ်ခံရမယ့် စာရင်းမှာ ကွန်တီအမည်ကို ထည့်သွင်းကြတော့ ဒီကိစ္စရပ်အပေါ် မီဒီယာတွေက အပန်းဖြေခရီးထွက်နေတဲ့ ကွန်တီကို မေးမြန်းခဲ့ကြပါတယ်။

ကွန်တီက သူဟာ ဂျူဗင်တပ်အသင်းမှာ လက်ရှိချန်ပီယံဘွဲ့ကို ဆက်တိုက်ဆိုသလို အောင်အောင်မြင်မြင်ကာကွယ်လာသူဖြစ်တာကြောင့် အောင်မြင်မှုကို ဘယ်လိုရေရှည်တည်မြဲအောင် ထိန်းသိမ်းရမယ်ဆိုတာ ကောင်းကောင်းသိတယ်လို့ ဖြေကြားခဲ့ပါတယ်။ ခုတော့ ကွန်တီကိုယ်တိုင်လည်း ပရီမီယာလိဂ်ဖလား ကျိန်စာအောက်ကနေ ရုန်းမထွက်နိုင်ပြန်ပါဘူး။

အသင်းပိုင်ရှင် အေဗရာမိုဗစ်လက်ထက်မှာ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ကြတဲ့ နည်းပြအများစုဟာ သုံးရာသီထက် ပိုကိုင်တွယ်ခွင့်မရဘဲ ထုတ်ပယ်ခံရတာကြောင့် ဂျူဗင်တပ်မှာ အောင်မြင်နေတဲ့ အယ်လီဂရီလည်းပဲ ချယ်လ်ဆီးကို ကိုင်တွယ်ရင် အောင်မြင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

## တစ်ပတ်လစာ ပေါင်သုံးသိန်းခွဲကြောင့် ဒီဂီယာ မန်ယူမှာ ဆက်နေဖွယ်ရှိ

ရီးယဲလ်မက်ဒရစ်အသင်းက မန်ယူဂိုးသမား ဒီဂီယာကို ကမ္ဘာ့ဖလားမတိုင်မီခေါ်ယူဖို့ ပြင်ဆင်နေပြီဆိုတဲ့ သတင်းတွေထွက်နေပေမယ့် တစ်ဖက်မှာလည်း မန်ယူအသင်းက သူတို့ဂိုးသမားကို အသင်းမှာ ဆက်ထိန်းရေးအတွက် လစာငွေတိုးပေးတဲ့နည်းနဲ့ စည်းရုံးခဲ့ရာမှာ အောင်မြင်မှု ရရှိခဲ့တယ်လို့ သိရပါတယ်။ မန်ယူက ဒီဂီယာကို တစ်ပတ်လုပ်ခ ပေါင်သုံးသိန်းခွဲနဲ့ ငါးနှစ်စာချုပ် ထပ်ချုပ်ဖို့ ကမ်းလှမ်းခဲ့တာကြောင့် ဒီဂီယာရဲ့ ရီးယဲလ်အသင်းကို ထွက်ခွာဖို့ ပြင်နေတဲ့ ခြေလှမ်းတွေ ရပ်သွားခဲ့တယ်လို့ မန်ယူနဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းက ဆိုပါတယ်။ ဒီစာချုပ်ကို ဒီဂီယာ လက်မှတ်ရေးထိုးဖြစ်မယ်ဆိုရင် ဆန်းချက်ဇ်ပြီးရင် မန်ယူရဲ့ ဒုတိယလစာအများဆုံးရတဲ့ ကစားသမားဖြစ်လာတော့မှာပါ။



ဒီဂီယာဟာ ၂၀၁၅ ခုနှစ် နွေဈေးကွက်အတွင်း ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ အနီးစပ်ဆုံးဖြစ်ခဲ့ပြီးမှ စာရွက်စာတမ်း မပြည့်စုံတာကြောင့် မန်ယူမှာ ဆက်နေခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်ကလည်း ဈေးကွက်တစ်ခုဖွင့်တိုင်းဖွင့်တိုင်း ဒီဂီယာကို ခေါ်ယူဖို့ ကြိုးပမ်းလာလေ့ရှိသလို မန်ယူကလည်း ခုထိ အောင်အောင်မြင်မြင်နဲ့ ထိန်းထားနိုင်ဆဲပါပဲ။ အမည်မဖော်လိုတဲ့ မန်ယူအသိုင်းအဝိုင်းထဲက လူတစ်ဦးကတော့ "ဒီဂီယာအနေနဲ့ ဘယ်ကိုမှ သွားမှာမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ပြောနိုင်တဲ့ ကိစ္စရပ်ပါ" လို့ သတင်းပေးခဲ့ပါတယ်။

ဒီဂီယာအနေနဲ့ မန်ယူအသင်းမှာ အောင်မြင်မှု သိပ်မရပေမယ့် နည်းပြ မော်ရင်ဟိုလက်အောက်မှာ ပျော်ရွှင်နေတာကြောင့် မန်ယူက အလွယ်တကူ စည်းရုံးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်ကလည်း ခေါ်ယူနိုင်ဖို့ ပိုမို လွယ်ကူနိုင်ဖွယ်ရှိတဲ့ ကော်တိုရစ်ကိုသာ ချိတ်ဆက်နေပြီလို့ သိရပါတယ်။ ဒီဂီယာရဲ့လက်ရှိ မန်ယူအသင်းမှာ တစ်ပတ်လုပ်ခ ပေါင် ၂၁၀၀၀၀ ရရှိနေပြီး လာမယ့်နှစ်နွေဈေးကွက်မှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။

**မေလွဲ့သင်း**
ရေးသားသည်။



# တောင်ငူလေတပ်စခန်းဌာနချုပ်မှ F7 လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ

**တောင်ငူ မေ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ချင်းကုန်းကျေးရွာနှင့် အနောက်ဇီးကုန်းကျေးရွာအကြား လယ်ကွင်းအတွင်းသို့ တောင်ငူလေတပ်စခန်းဌာနချုပ်မှ ပျံသန်းထွက်ခွာလာသော F7 လေယာဉ်တစ်စင်း မတ် ၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ပျက်ကျခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တောင်ငူလေတပ်စခန်းဌာနချုပ်မှ ပျံသန်းလာသော ဗိုလ်မှူးအာကာဝင်း မောင်းနှင်သည့် F7 လေယာဉ်သည် လေယာဉ်ကွင်း၏အနောက်ဘက် သုံးမိုင်ခန့်အကွာ (အရှေ့ဇီးကုန်းကျေးရွာပေါ်) အမြင့်မီတာ ၅၀၀ ခန့်အရောက်၌ စက်ချွတ်ယွင်းပြီး တောင်သူ ဦးမျိုး ချင်းကုန်းကျေးရွာနေသူပိုင်ဆိုင်သည့် လယ်ကွင်းထဲသို့ ပျက်ကျသွားခဲ့ကြောင်း သိရသည်။

"ကျွန်တော် အိမ်မှာနေတုန်း ဝုန်းဆိုတဲ့ အသံကြီးကြားလိုက်ရတာ အပြင်ထွက်ကြည့်လိုက်တော့ လေယာဉ်တစ်စင်း အရှေ့ဇီးကုန်းရွာပေါ်ကနေ အနောက်ဘက်ကို ထိုးကျသွားတာ မြင်လိုက်ရတယ်၊ ကျွန်တော်တို့ ရွာသားတွေ ပြေးကြတယ်၊ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ လေယာဉ်ကမီးလောင်နေပြီ၊ အပိုင်းပိုင်းတွေဖြစ်ကုန်တယ်၊

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖**

# KBZ Bank Women' League ပြိုင်ပွဲ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက အား/ကာသိပ္ပံအသင်းအား ဂိုးပြတ်နိုင်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၉) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက အား/ကာသိပ္ပံအသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ဇယားထိပ်ပိုင်းမှ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ကို ဆက်လက်ဖိအားပေးနိုင်ရန် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်ပါ ကြိုးပမ်းခဲ့ပြီး ဂိုးတစ်ဒါဇင်အထက် သွင်းယူခဲ့ခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် အား/ကာသိပ္ပံအသင်းကို တစ်ဖက်သတ်ဖိကစားပြီး ပထမပိုင်းမှာပင် ခုနစ်ဂိုးပြတ် အနိုင်ရနေသည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၈၊ ၂၅၊ ၅၅ မိနစ်တွင် ရီရီဦးက တစ်ဦးတည်း လေးဂိုးသွင်းယူခဲ့ပြီး ၃၊ ၁၇၊ ၂၇ မိနစ်တွင် ရွှေမိုးအေးနှင့် ၂၀၊ ၅၁၊ ၇၃ မိနစ်တွင် ခင်မာလာထွန်းတို့က သုံးဂိုးစီ၊ ၅၉၊ ၇၈ မိနစ်တွင် နုနုက နှစ်ဂိုး၊ ၆၆ မိနစ်တွင် သင်းသင်းယုက တစ်ဂိုး သွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ယခုပွဲအပြီးတွင် ခုနစ်ပွဲ နိုင်၊ နှစ်ပွဲ ရှုံး ၂၁ မှတ်ဖြင့် တတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ပွဲစဉ်(၉)ဒုတိယနေ့ကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YREO အသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၃**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် နှစ်ပေါင်း ၂၀ ကျော်အတွင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်မည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ယခင်က အောင်မြင်မှုများစွာရယူနိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်။ မြန်မာအသင်းသည် ၁၉၆၆ ပြိုင်ပွဲတွင် အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရခဲ့ပြီး ၁၉၇၀ ပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းနှင့် ဂိုးမရှိသရေကျကာ ပူးတွဲချန်ပီယံဖြစ်ခဲ့သည်။ အောင်မြင်မှုအစဉ်အလာကြီးမားခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများတွင် အောင်မြင်မှုအကြီးဆုံးဖြစ်သည့် မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်မည်ဖြစ်ရာ အောင်မြင်မှုရရန် ပြိုင်ပွဲအကြိုပြင်ဆင်မှုများ၊ ဖိတ်ခေါ်ပြိုင်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လဆန်းတွင် ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အာရှနှင့်အာဆီယံဒေသတွင်း ထိပ်သီးအသင်းများကို ဖိတ်ကြားမှုများ ပြုလုပ်ထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်းအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အာရှထိပ်သီး တောင်ကိုရီးယား၊ အာဆီယံထိပ်သီး အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ကို ဖိတ်ကြားထားသည်။ ပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲကျင်းပမည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း တွေ့ဆုံခဲ့စဉ်။



ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၄၊ ၂၀၁၈ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ

● မင်းမင်းဇော်(ကလေး)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒုတိယ (၁)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများအပါအဝင် လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**

**မေး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အဓိကဆောင်ရွက်ချက်ကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ နိုင်ငံတော်အစိုးရသစ်ရဲ့ နှစ်နှစ်တာသက်တမ်းကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေကြေးတည်ငြိမ်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှုလက်လှမ်းမမီတဲ့ ဒေသတွေက ပြည်သူတွေအတွက် (Unbanked People in remote areas) ငွေရေးကြေးရေးဝန်ဆောင်မှုတွေကို တိုးမြှင့်ရရှိစေဖို့ အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ခဲ့ပြီး အဓိကရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိရေးနဲ့ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီ ရည်မှန်းချက်နဲ့အညီ ငွေကြေးတည်ငြိမ်ရေး(Monetary Stability)၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး (Financial System Stability)နဲ့ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး (Payments and Settlement System Development) စတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ငွေကြေးတည်ငြိမ်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်တွေနဲ့ ဆောင်ရွက်မှုရလဒ်တွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေကြေးတည်ငြိမ်ဖို့အတွက် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာမှာ သီးသန့်ငွေကြေးပမာဏကို ရည်မှန်းချက် သတ်မှတ်ထားရှိတဲ့ ငွေကြေးမူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework)ကို ကျင့်သုံးလျက်ရှိပါတယ်။ ငွေကြေးမူဝါဒ နည်းလမ်းတွေဖြစ်တဲ့ အတိုးနှုန်းမူဝါဒ (Interest Rate Policy) ချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်(Minimum Reserve Requirement)သတ်မှတ်ခြင်း၊ ငွေရေးကြေးရေး ဈေးကွက်မှာ စာချုပ်များရောင်းဝယ်ခြင်း(Open Market Operation)နဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒ (Foreign Exchange Rate Policy) ချမှတ်ဆောင်ရွက်ခြင်းတွေကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ အတိုးနှုန်းမူဝါဒ ချမှတ်ဆောင်ရွက်ချက်နဲ့ ပတ်သက်လို့ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ အတိုးနှုန်းမူဝါဒအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ လျှော့နှုန်းကို ၁၀ ရာခိုင်နှုန်း၊ အပ်ငွေအပေါ်ပေးရမယ့် အနိမ့်ဆုံးအတိုးနှုန်းကို ရှစ်ရာခိုင်နှုန်းနဲ့ ချေးငွေတွေနဲ့ စာရင်းပိုထုတ် ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အမြင့်ဆုံး အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

> **အတိုးနှုန်းမူဝါဒအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ လျှော့နှုန်းကို ၁၀ ရာခိုင်နှုန်း၊ အပ်ငွေအပေါ်ပေးရမယ့် အနိမ့်ဆုံး အတိုးနှုန်းကို ရှစ်ရာခိုင်နှုန်းနဲ့ ချေးငွေတွေနဲ့ စာရင်းပိုထုတ် ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အမြင့်ဆုံး အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းနဲ့ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းတွေရဲ့ ဆက်စပ်ဖြစ်ပေါ်နေမှုတွေကို သေချာစွာ စိစစ်လေ့လာပြီး အတိုးနှုန်းကို မူဝါဒဆိုင်ရာအတိုးနှုန်းအဖြစ် သတ်မှတ်ခြင်းအစား ဈေးကွက်ကို ထင်ဟပ်စေမယ့် အတိုးနှုန်းဖြစ်စေဖို့အတွက် အတိုးနှုန်းဆိုင်ရာဖြေလျှော့မှုတွေကို ဆောင်ရွက်ပေးဖို့ အစီအစဉ်တွေထားရှိပါတယ်။

**မေး။ အပ်ငွေလေလံနဲ့ ချေးငွေလေလံ ခေါ်ယူခြင်း အကြောင်းကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ငွေကြေးမူဝါဒနည်းလမ်းတစ်ရပ်ဖြစ်တဲ့ အပ်ငွေလေလံနဲ့ ချေးငွေလေလံ ခေါ်ယူခြင်းတွေ ဆောင်ရွက်ရာမှာ စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏသည် ရည်မှန်းချက်ထားရှိတဲ့ ငွေကြေးပမာဏထက် ကျော်လွန်နေမယ်ဆိုရင် အပ်ငွေလေလံ(Deposit Auction) ခေါ်ယူပြီး ပိုလျှံတဲ့ ငွေကြေးပမာဏတွေ နှုတ်သိမ်းခြင်းကိုဆောင်ရွက်ပါတယ်။ အကယ်၍ စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏသည် ရည်မှန်းချက်ထားရှိသော ငွေကြေးပမာဏအောက် လျော့နည်းပါက ချေးငွေလေလံ ခေါ်ယူပြီး လိုအပ်တဲ့ ငွေကြေးပမာဏ ဖြည့်တင်းခြင်းကို ဆောင်ရွက်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိမေခရို စီးပွားရေးအခြေအနေအရ ပိုလျှံငွေကြေးပမာဏတွေ ဖြစ်ပေါ်တဲ့အတွက် အပ်ငွေလေလံ ခေါ်ယူခြင်းဖြင့် ပိုလျှံငွေကြေး နှုတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»



ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို တွေ့ရစဉ်။



ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးအဖွဲ့တို့အကြား ဘဏ်လုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်နှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။

အထူးကဏ္ဍ [ က ] မှ »»

**မေး။ ငွေဖောင်းပွမှုနှုန်းလျှော့ချနိုင်ခဲ့ခြင်းနဲ့ ပတ်သက်လို့လည်း သိချင်ပါတယ်။**

ဖြေ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ စုစုပေါင်းငွေကြေးပမာဏနဲ့ သီးသန့်ငွေကြေးပမာဏတွေကို ငွေကြေးပမာဏရည်မှန်းချက်တွေအဖြစ်ထားရှိပြီး သတ်မှတ်ထားတဲ့ ရည်မှန်းချက်ဘောင်အတွင်း ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငွေဖောင်းပွမှုနှုန်းဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းခဲ့ပါတယ်။

ဒါ့အပြင် ငွေဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်တဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြည့်ဆည်းပေးရခြင်းကို လျှော့ချနိုင်ဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဘဏ်တွေ အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို အစိုးရငွေတိုက် လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း (Treasury Bill Auction) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ပါတယ်။ ထို့ပြင် အစိုးရငွေတိုက် စာချုပ်တွေကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း (Treasury Bond Auction) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှစတင် ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့ ဆောင်ရွက်ချက်တွေကရော ခင်ဗျာ။**

ဖြေ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ Fixed Exchange Rate System ကို ကာလကြာရှည်စွာ ကျင့်သုံးခဲ့ရာက Managed Floating Exchange Rate System ကို ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်ကစပြီး ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံခြားငွေဈေးပြိုင်လေလံ (Foreign Exchange Auction)ကို နေ့စဉ်ဆောင်ရွက်ပြီး နေ့စဉ်ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate)ကို ထုတ်ပြန်လျက်ရှိပါတယ်။ နိုင်ငံခြားငွေကြေးဈေးကွက် (Interbank FX Market)ကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ စတင်တည်ထောင်နိုင်ခဲ့ပါတယ်။

ဘဏ်တွေရဲ့ နေ့စဉ်အရောင်း/ အဝယ်စာရင်းတွေ၊ ဘဏ်တွေနဲ့ Customer တွေအကြား နေ့စဉ်အရောင်း။ အဝယ်စာရင်းတွေကို တစ်နေ့လျှင် လေးကြိမ် Manual စနစ်နဲ့ သတင်းများပေးပို့ခြင်းအစား ၂၀၁၆ ခုနှစ် မတ်လကစတင်ပြီး Electronic Reporting System ကို သုံးစွဲကာ Online မှ သတင်းပေးပို့ရတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ပြည်တွင်းသုံး ကျပ်ငွေရဲ့ အခန်းကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်တွင်းမှာ ဒေါ်လာကျယ်ပြန့်စွာ အသုံးပြုမှု (Dollarization) မဖြစ်ပေါ်စေရေးနဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း (Foreign Exchange Rate) တည်ငြိမ်စေရေးတို့အတွက် ငွေပေးချေမှုတွေကို နိုင်ငံခြားသုံးငွေဖြင့် ဈေးနှုန်းသတ်မှတ်ခြင်းနဲ့ သုံးစွဲခြင်းကို မပြုလုပ်ဘဲ ပြည်တွင်းသုံး ကျပ်ငွေဖြင့်သာ ပြုလုပ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်တွေနဲ့ ဘဏ်မဟုတ်တဲ့ Money Changer ကောင်တာတွေရဲ့ ငွေလဲကောင်တာတွေမှာ နိုင်ငံခြားငွေ ငါးမျိုးဖြစ်တဲ့ အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်နဲ့ မလေးရှားရင်းဂစ်တို့ကို ရောင်းဝယ်ခွင့်ပြုထားပါတယ်။

၂၀၁၂ ခုနှစ် ဩဂုတ် ၁၀ ရက်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေအရ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းလိုင်စင် (Authorized Dealer License)နဲ့ နိုင်ငံခြားငွေ ဝယ်ယူ/ ရောင်းချလဲလှယ်ပေးခွင့် လိုင်စင် (Money Changer License)တွေကို ဘဏ်များအား ခွင့်ပြုထုတ်ပေးပြီး ဘဏ်မဟုတ်တဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေကိုလည်း Money Changer License တွေကို ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။

အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂) နှစ်တာကာလအတွင်း ဘဏ်မဟုတ်တဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေကို Money Changer License ၉၅ ခု ခွင့်ပြုခဲ့ပြီး ကောင်တာ ၁၃၁ ခု တိုးချဲ့ဖွင့်လှစ် ခွင့်ပြုခဲ့တဲ့အတွက် ၂၀၁၈ ခုနှစ် မတ် ၁၃ ရက်အထိ ကောင်တာစုစုပေါင်း ၄၂၅ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဘဏ်လုပ်ငန်းကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ချက်တွေကို သိလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဘဏ်မှာ ငွေအပ်နှံသူတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးရေးနဲ့ ငွေရေးကြေးရေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုတွေကို ထိန်းသိမ်းဖို့အတွက် နိုင်ငံတကာစံ သတ်မှတ်ချက်များနှင့်အညီ ဘဏ်တွေကို ထိရောက်စွာ ကြပ်မတ်ကွပ်ကဲခြင်းနဲ့ ကြီးကြပ်စစ်ဆေးခြင်းတွေကို ဆောင်ရွက်ရာမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရရန်ပိုင်ခွင့်များအမျိုးအစားသတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ

အထူးကဏ္ဍ [ ဂ ] သို့ »»



Container Data Center အတွင်းရှိ ICT System များ၏ အခြေအနေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ Monitoring Room အတွင်းမှတစ်ဆင့် IT ဌာနစိတ်၏ ဝန်ထမ်းများက စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ။

" မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ စုစုပေါင်းငွေကြေးပမာဏနဲ့ သီးသန့်ငွေကြေးပမာဏတွေကို ငွေကြေးပမာဏရည်မှန်းချက်တွေအဖြစ်ထားရှိပြီး သတ်မှတ်ထားတဲ့ ရည်မှန်းချက်ဘောင်အတွင်း ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငွေဖောင်းပွမှုနှုန်းဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းခဲ့ပါတယ်။ "

အထူးကဏ္ဍ [ ခ ] မှ »»
စည်းမျဉ်းနဲ့ ငွေကြေးလွယ်ကူမှု အချိုးသတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းတို့ကို ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီစည်းမျဉ်းတွေဟာ နိုင်ငံတကာဘဏ်များလိုက်နာရန် သတ်မှတ်ထားတဲ့ ဘာဆဲလ်စည်းမျဉ်းများ (Basel Principles)ကို လိုက်နာကျင့်သုံးဖို့ ကနဦး ဆောင်ရွက်ချက်ဖြစ်သော်လည်း စည်းမျဉ်းတွေကို လိုက်နာရာမှာ ပြည်တွင်းဘဏ်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အခက်အခဲမ ကြုံတွေ့စေဖို့ စည်းမျဉ်းများပါ သတ်မှတ်ချက်တွေကို အတိုင်းအတာတစ်ရပ်အထိ ဖြေလျှော့ပေးခဲ့ပါတယ်။

**မေး။ စည်းမျဉ်းတွေနဲ့ပတ်သက်လို့ ဖြေလျှော့ပေးထားတဲ့ အခြေအနေတွေကိုလည်း ဆက်လက်ရှင်းပြပေးပါ။**

ဖြေ။ စည်းမျဉ်းများလိုက်နာနိုင်ဖို့အတွက် ဖြေလျှော့ပေးမှုတွေအနေနဲ့ ၂၀၁၇ ခုနှစ်မှာ ရရန်ပိုင်ခွင့် အမျိုးအစားများသတ်မှတ်ခြင်းနဲ့ လျာထားခြင်းဆိုင်ရာစည်းမျဉ်းအရ ဘဏ်တွေရဲ့ စာရင်းရှိ စာရင်းပိုထုတ်ချေးငွေ (Overdraft)တွေကို တစ်ဆက်တည်း ဖြစ်တဲ့ ရက်သတ္တနှစ်ပတ်အတွင်း စာရင်းရှင်းလင်းပြီး အပြည့်အဝပြန်လည် ပေးဆပ်ခြင်းကို နှစ်စဉ်ဆောင်ရွက်ရန် သတ်မှတ်ချက်ကို သုံးနှစ်ကာလထက်မပိုသော ကာလသတ်မှတ်ချက်ချေးငွေ(Term Loan)များအဖြစ် ပြောင်းလဲပြင်ဆင် ခွင့်ပြုခဲ့ပါတယ်။

ငွေကြေးလွယ်ကူမှုအချိုး သတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းအရ ငွေကြေးလွယ်မှု အချိုးတွက်ချက်မှုဇယားမှာ ငွေဖြစ်လွယ်တဲ့ ရရန်ပိုင်ခွင့်များ တွက်ချက်မှုမှာ အရင်က တစ်နှစ်ထက်သက်တမ်းပိုရှိတဲ့ အစိုးရငွေတိုက်စာချုပ်တွေကို ထည့်သွင်းတွက်ချက်ခြင်းမပြုခဲ့ပေမယ့် ငွေတိုက်စာချုပ်များတန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းကို ထည့်သွင်းတွက်ချက် ခွင့်ပြုခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ်မှာ ရရန်ပိုင်ခွင့်များ အမျိုးအစား သတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာစည်းမျဉ်းအရ စာရင်းပိုထုတ်ချေးငွေများကို ကာလသတ်မှတ်ချက် ချေးငွေအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ရာမှာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့အတွက် အရင်းပြန်လည်ပေးဆပ်မှုကို ဆိုင်းငံ့ကာလ(Grace Period)အဖြစ် တစ်နှစ်အထိထားရှိဖို့ ပြင်ဆင်သတ်မှတ်တဲ့ ညွှန်ကြားချက်နဲ့ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာစည်းမျဉ်းအရ ပမာဏကြီးမားသော ကြွေးမြီတွေကို ကာလသတ်မှတ်ချက်ချေးငွေ သက်တမ်း သုံးနှစ်အတွင်း လျှော့ချမယ့် အစီအစဉ် တင်ပြရမယ့်ရက်ကို ပြင်ဆင်သတ်မှတ်တဲ့ ညွှန်ကြားချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။



၇-၄-၂၀၁၇ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးတွင် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**မေး။ Financial Inclusion နဲ့ စပ်လျဉ်းတဲ့ ဆောင်ရွက်ချက်တွေကို ပြောပြပေးပါ။**

ဖြေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နိုင်ငံတစ်ဝန်းရှိ ပြည်သူတွေအနေနဲ့ တိုးတက်ဖွံ့ဖြိုးလျက်ရှိတဲ့ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသစ်တွေကို လွယ်လင့်တကူ လက်လှမ်းမီစွာ အသုံးပြုနိုင်ဖို့အတွက် တိုင်းဒေသကြီးတွေနဲ့ ပြည်နယ် အသီးသီးမှာ ပုဂ္ဂလိကဘဏ်တွေရဲ့ ဘဏ်ခွဲများဖွင့်လှစ် ဆောင်ရွက်ခွင့်ပြုခြင်း၊ မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking)၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ (Mobile Financial Services)နဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းတွေကို ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ အများပြည်သူတွေအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများလွယ်ကူစွာရရှိနိုင်စေဖို့ ပုဂ္ဂလိကဘဏ်တွေကို ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာမှာ ၂၀၁၆ ခုနှစ် မတ်လကုန်မှာ ဘဏ်ခွဲပေါင်း ၁၂၄၇ ခုရှိခဲ့ရာက နှစ်နှစ်တာကာလအတွင်း ပုဂ္ဂလိကဘဏ် ၂၄ ခုမှ နိုင်ငံတစ်ဝန်း ဘဏ်ခွဲပေါင်း ၃၀၆ ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် လက်ရှိအချိန်မှာ ဘဏ်ခွဲပေါင်း ၁၆၅၃ ခုကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

ပြည်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတာနဲ့အမျှ ဘဏ်လုပ်ငန်းတွေ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေဖို့အတွက် ၂၀၁၅ ခုနှစ်မှာ နိုင်ငံခြားဘဏ် ကိုးခုကို ပြည်တွင်းမှာ ဘဏ်ခွဲဖွင့်လှစ်ခွင့်ပြုခဲ့ရာမှ ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံခြားဘဏ် လေးခုကို ဘဏ်ခွဲထပ်မံ ဖွင့်လှစ်ခွင့်ပြုခဲ့လို့ အခုအခါ ပြည်တွင်းမှာ နိုင်ငံခြားဘဏ်ခွဲစုစုပေါင်း ၁၃ ခုဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးလျက်ရှိပါတယ်။

ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဘဏ်နဲ့ငွေရေးကြေးရေး အဖွဲ့အစည်းတွေအပြင် မိုဘိုင်းကွန်ရက်အော်ပရေတာများကပါ ဝန်ဆောင်မှုပေးနိုင်ရေး ရည်ရွယ်ပြီး မိုဘိုင်းကွန်ရက်အော်ပရေတာ နှစ်ခုနဲ့ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုကို မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

**မေး။ ငွေကြေးခဝါချမှုအပါအဝင် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေတွေကို ပြောပြပေးပါ။**

ဖြေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး(Anti-Money Laundering/ Countering the Financing of Terrorism -AML/CFT)ဆိုင်ရာလုပ်ငန်းတွေကို မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲခြင်းနဲ့ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေပြင်ဆင်ရေးဆွဲခြင်း စတဲ့ကိစ္စရပ်တွေကို ဆက်စပ်ဝန်ကြီးဌာနတွေဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ငွေပေးချေမှုနဲ့စာရင်းရှင်းလင်းမှုစနစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာ စခဲ့တဲ့ CBM-NET (RTGS) System ကို International Standard နဲ့ အညီဖြစ်စေဖို့ နည်းပညာအကူအညီ ဒုတိယအဆင့် Second Phase ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ Japan International Cooperation Agency(JICA)တို့က ဆက်လက် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး အခွန်ထမ်းများအနေနဲ့ မည်သည့်ဘဏ်မှာ စာရင်းဖွင့်လှစ်ထားသည်ဖြစ်စေ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ ပြည်တွင်းအခွန်များဦးစီးဌာန စာရင်းသို့ CBM-NET System ရှိ Customer Credit Transfer Function ကိုအသုံးပြု၍ Online မှ အခွန်ပေးဆောင်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေတွေကို သိလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်အပါအဝင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (South East Asian Central Banks Centre-SEACEN Centre) တွေနဲ့ အထူးကဏ္ဍ [ ဃ ] သို့ »»



အပြီးသတ်ဖျက်ဆီးရေးဌာနစိတ်ခန်းရှိ ငွေစက္ကူဟောင်းများ ဖျက်ဆီးသည့်စက် SUGIYAMA ဖြင့် ဟောင်းနွမ်းငွေစက္ကူများကို ဖြတ်တောက်ဖျက်ဆီးနေပုံ။



ငွေစစ်ခန်းရှိ BPS.200 ငွေရေတွက်စစ်ဆေးသည့်စက်ဖြင့် စစ်ဆေးရေတွက်နေပုံ။







## မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် သုံးစွဲခဲ့သော ငွေကြေးများ၊ အာဆီယံငွေကြေးများနှင့် နိုင်ငံတကာငွေကြေးများ










အထူးကဏ္ဍ [ ၈ ] မှ »»
ဘဏ်လုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေး လုပ်ငန်းစဉ်နဲ့ အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား)ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို ဒေသတွင်းနိုင်ငံများနဲ့ အတူပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ Cryptocurrency ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးနိုင်ခြေတွေကို မဖြစ်ပေါ်စေတဲ့ ဆောင်ရွက်ချက်တွေကို သိလိုပါတယ်။**

ဖြေ။ Cryptocurrency သည် ရွှေ (သို့မဟုတ်)အခြားအရာတစ်ခုခုကို ကျောထောက်နောက်ခံထားပြီး ရိုက်နှိပ်ထုတ်ဝေတဲ့ ငွေကြေးမျိုးမဟုတ်ဘဲ သင်္ချာနည်းပညာ(Mathematical Algorithm)နဲ့ လျှို့ဝှက်သင်္ကေတသတ်မှတ်ခြင်းနည်းပညာ(Cryptography)အပေါ် အခြေခံထုတ်ဝေထားတဲ့ ဒစ်ဂျစ်တယ်ငွေကြေး (Digital Currency) ဖြစ်ပါတယ်။

Cryptocurrency အသုံးပြုခြင်းရဲ့ အားနည်းချက်တွေမှာ တရားဝင်အသိ အမှတ်ပြုထားတဲ့ငွေကြေးမဟုတ်တဲ့အတွက် ပေါ်ပေါက်လာတဲ့ဆုံးရှုံးမှုတွေကို အကာအကွယ်ပေးနိုင်မယ့် ဥပဒေဆိုင်ရာအာမခံချက်မရှိခြင်း၊ သုံးစွဲမှု၊ ဈေးကစားမှု မြင့်တက်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူတွေအတွက် ဆုံးရှုံးနိုင်ခြေမြင့်မားခြင်း၊ Cryptocurrency ဖြစ်တဲ့အတွက် Hackers များက အချိန်မရွေး နှောက်ယှက်ခိုးယူနိုင်သောကြောင့် လုံခြုံစိတ်ချရမှုမရှိခြင်းနဲ့ ငွေကြေးခဝါချမှု (Money Laundering)၊ အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့ခြင်း(Terrorist Financing)၊ အခွန်ရှောင်ရှားခြင်း (Tax Evasion)နဲ့ လိမ်လည်မှုကျူးလွန်ခြင်း (Fraud)များ ပေါ်ပေါက်နိုင်ခြင်းတွေဖြစ်ပါတယ်။

လက်ရှိ ထုတ်ဝေအသုံးပြုလျက်ရှိတဲ့ Cryptocurrency များစွာရှိတဲ့အနက် Bitcoin ဟာ အသုံးပြုမှုအများဆုံးဖြစ်ပါတယ်။ Bitcoin နဲ့ အခြား Cryptocurrency တွေသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးနိုင်ခြေကို ကာကွယ်ဖို့အတွက် နိုင်ငံအချို့က စည်းမျဉ်းသတ်မှတ်ချက်တွေ ထုတ်ပြန်ခဲ့ကြပါတယ်။ ဂျပန်နိုင်ငံဟာ Japan's Service Act (2016)အရ Bitcoin နဲ့ အခြား Cryptocurrencies များနဲ့ ပေးချေမှုတွေကို တရားဝင်ငွေကြေးမဟုတ်တဲ့ ပေးချေမှုများ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ သတ်မှတ်ခဲ့ပြီး တရုတ်နိုင်ငံဗဟိုဘဏ်သည် Bitcoin ရောင်းဝယ်ခြင်းကို ပုဂ္ဂလိကအဖွဲ့အစည်းတွေကို ခွင့်ပြုထားပေမယ့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်ကစပြီး ဘဏ်ကဲ့သို့သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား တားမြစ်ခဲ့ပါတယ်။

ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်က Virtual Currency အသုံးပြုသူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ Anti-money Laundering Law နဲ့ ငြိစွန်းသူအဖြစ်သတ်မှတ်ပြီး ပြစ်ဒဏ်ပေးခြင်းခံရမယ်လို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အိန္ဒိယဗဟိုဘဏ်ကလည်း Bitcoin အပါအဝင် Virtual Currency သုံးစွဲခွင့်ကို မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီကိုမှ လိုင်စင်ထုတ်ပေးထားခြင်းနဲ့ အာဏာပေးအပ်ထားခြင်းမရှိကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ အင်ဒိုနီးရှားဗဟိုဘဏ်က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှာ ငွေပေးချေမှုများပြုလုပ်ရာမှာ Bitcoin အပါအဝင် Virtual Currencies များသည် တရားဝင်ငွေကြေးများ မဟုတ်ကြောင်း၊ မလေးရှားနိုင်ငံ ဗဟိုဘဏ်က Bitcoin ကို တရားဝင်ငွေကြေးအဖြစ် အသိအမှတ်မပြုကြောင်း၊ စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့က Bitcoin သည် ငွေကြေးအစစ်အမှန်မဟုတ်သည့်အတွက် သတိထား ဆောင်ရွက်သင့်ကြောင်းနဲ့ Bitcoin ဖြင့် ရင်းနှီးမြှုပ်နှံမှုများသည် ဆုံးရှုံးနိုင်ခြေ မြင့်မားကြောင်းတွေကို သတိပေးချက် အသီးသီးထုတ်ပြန်ခဲ့ကြပါတယ်။

၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံရှိ ကုမ္ပဏီတစ်ခုဟာ S-Coin ကို ဝယ်ယူရင်းနှီးမြှုပ်နှံဖို့ အများပြည်သူကို စည်းရုံးဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိကြောင်းသိရှိမှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတိပေးဆောင်ရွက်ခဲ့ရာမှာ "IT နည်းပညာတိုးတက်လာခြင်းကြောင့် ကမ္ဘာအနှံ့၌ ငွေရေးကြေးရေးဆိုင်ရာနည်းပညာ (Financial Technology)များ အများအပြားပေါ်ပေါက်လာခဲ့ရာ online ဖြင့် ငွေကြေးအပေးအယူကိစ္စရပ်များအား Internet၊ e-banking၊ i-banking၊ Mobile Banking သုံး၍ဖြစ်စေ၊ Credit Card မှဖြစ်စေ ငွေကြေးထည့်ဝင်၍ ဘဏ်လုပ်ငန်းကဏ္ဍ (Banking Sector)ကို ဖြတ်သန်းနိုင်ပြီး တရားမဝင်ငွေကြေးစီးဆင်းမှုနှင့် ငွေကြေးခဝါချမှုများလည်းရှိလာနိုင်သောကြောင့် ဘဏ်များအနေဖြင့် မိမိဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence-CDD)ကို တိုးမြှင့်ဆောင်ရွက်ကြရန်" ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှာ ဘဏ်တွေကို သတိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဇွန် ၉ ရက်မှာ ဘဏ်များအနေဖြင့် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ လမ်းညွှန်ချက်များနှင့်အညီ AML/CFT လုပ်ငန်းစဉ်အား တိုးမြှင့်ဆောင်ရွက်ရန်၊ ငွေစာရင်းတစ်ခုအတွင်းသို့ ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲဆောင်ရွက်ကြောင်း တွေ့ရှိရပါက သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းမှု သတင်းပေးပို့ချက်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန်နှင့် ဘဏ်၏ပေါ့လျော့မှုကြောင့် AML/CFT နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ဘဏ်ဝန်ဆောင်မှုကို ကြိမ်ဖန်များစွာ အသုံးချနေကြောင်း စစ်ဆေးတွေ့ရှိရပါက စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတိပေး အကြောင်းကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ Bitcoin အပါအဝင်အခြားသော Cryptocurrencies များအပေါ် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ ပြည်သူများသို့ စည်းရုံးဆွဲဆောင်ခြင်းများ ပြုလုပ်ခြင်းကို တားမြစ်နိုင်ဖို့အတွက် Cryptocurrency အသုံးပြုခြင်းကို တားမြစ်ကာ တရားမဝင်ရောင်းဝယ်မှုသတ်မှတ်ပြီး AML/CFT စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရာရောက်ကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်သင့်ပါတယ်။ Cryptocurrency အသုံးပြုမှုများ ပြုလုပ်နိုင်တဲ့ Hardware သို့မဟုတ် Software ရောင်းဝယ်မှုတွေကို တားမြစ်ပိတ်ပင်ခြင်းနဲ့ Cryptocurrency အရောင်းအဝယ်ပြုလုပ်တဲ့ Website များ၊ မိုဘိုင်း Software များနဲ့ အခြားသော ကြားခံဝန်ဆောင်မှုပေးခြင်းများကို ထိန်းချုပ်တားမြစ်ခြင်းတွေ ဆောင်ရွက် သင့်ပါတယ်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှာ ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး (Board of Directors' Meeting)မှာ Cryptocurrency နဲ့ စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါတယ်။ ယခုအခါ မိမိတို့နိုင်ငံမှာ Cryptocurrency အမျိုးအစားများနဲ့ ဆက်စပ်တဲ့ကိစ္စများကြောင့် ပြည်သူများဆုံးရှုံးနစ်နာခဲ့တဲ့အတွက် အလားတူကိစ္စရပ်တွေ ထပ်မံမဖြစ်ပွားစေဖို့ Cryptocurrencies သုံးစွဲခြင်းကို အသိအမှတ်မပြုကြောင်း ညွှန်ကြားချက် ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက်တောင်းခံရယူပြီး ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ မိမိရဲ့ အဓိကရည်မှန်းချက်နဲ့အညီ ရည်ရွယ်ချက်များ အောင်မြင်စေဖို့အတွက် အဓိက လုပ်ငန်းတာဝန်တွေကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။


မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဝန်ထမ်းတို့၏ ကိုးကားမှီငြမ်းရာ စာကြည့်တိုက်နေရာ။

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*(ယမန်နေ့မှ အဆက်)*

(ည) ဤပုဒ်မအရညွှန်ကြားရေးမှူးချုပ်သို့ အခွန်ပေးဆောင်သော တတိယပုဂ္ဂိုလ်သည် ယင်းသို့ပေးဆောင်ခဲ့သည့် ငွေပမာဏအထိ တတိယပုဂ္ဂိုလ်ကပေးရန် ကြွေးမြီတာဝန်ကို ကင်းရှင်းပြေလည်အောင်ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ရှင်းလင်းချက်။ ဤပုဒ်မတွင် -

(၁) **“ငွေကြေး”**ဟု ဆိုရာ၌ ငွေကြေးတန်ဖိုးအားဖြင့် ဖော်ပြသည့် သို့မဟုတ် ငွေကြေးအားဖြင့်ပေးဆပ်ရမည့်ကြွေးမြီတာဝန်လည်း ပါဝင်သည်။

(၂) **“အခွန်ထမ်းနှင့်စပ်လျဉ်းသည့် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်”**ဆိုသည်မှာ အခွန်ထမ်းသို့ ငွေကြေးပေးဆပ်ရန်ရှိသည့်ပုဂ္ဂိုလ်ကို ဆိုသည်။

**အကြောင်းကြားစာကိုလိုက်နာဆောင်ရွက်ခြင်း**

၆၁။ (က) ပုဒ်မ ၆၀ အရ ညွှန်ကြားရေးမှူးချုပ်အား အခွန်ပေးဆောင်သည့် တတိယပုဂ္ဂိုလ်သည်-

(၁) အခွန်ထမ်းနှင့် အခြားသက်ဆိုင်သူအားလုံး၏ အခွင့်အာဏာဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်၊

(၂) ပေးဆောင်မှုနှင့်စပ်လျဉ်း၍ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းအားလုံးနှင့် တရားစီရင်ရေးလုပ်ငန်းစဉ် သို့မဟုတ် တရားစီရင်ရေးပြင်ပလုပ်ငန်းစဉ်များအားလုံးအတွက် ကင်းလွတ်ခွင့်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က)သည်ပြဋ္ဌာန်းဥပဒေ၊ စာချုပ် သို့မဟုတ် သဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်စေကာမူ သက်ရောက်မှုရှိစေရမည်။

(ဂ) ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာသည် ယင်းတွင်ဖော်ပြပါ အခွန် သို့မဟုတ် တာဝန်များကို ထမ်းဆောင်ပြီးလျှင်ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က ယင်းအကြောင်းကြားစာကို ရုပ်သိမ်းသင့်ကြောင်း လုံလောက်သောအကြောင်းရှိသည်ဟု ဆုံးဖြတ်လျှင်ဖြစ်စေ ဆက်လက်သက်ရောက်မှု မရှိစေရ။

(ဃ) ပုဒ်မ ၆၀ အရထုတ်ပြန်သည့် အကြောင်းကြားစာကို လက်ခံရရှိသည့် တတိယပုဂ္ဂိုလ်သည် အခွန်ထမ်းကို ပေးဆပ်ရမည့် သို့မဟုတ် အခွန်ထမ်းအတွက် ထိန်းသိမ်းထားသည့် ငွေကြေးမရှိဟူသည့် အကြောင်းကြောင့် ယင်းအကြောင်းကြားစာကို လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိပါက ယင်းပုဂ္ဂိုလ်သည် ညွှန်ကြားရေးမှူးချုပ်ထံသို့ စာဖြင့် အကြောင်းပြန်ကြားရမည်။

(င) တတိယပုဂ္ဂိုလ်၏အကြောင်းပြန်ကြားစာတွင် -

(၁) မစွမ်းဆောင်နိုင်သည့် အကြောင်းရင်းများကို ဖော်ပြရမည်၊

(၂) တတိယပုဂ္ဂိုလ်အနေဖြင့် ပေးဆောင်ရန်မစွမ်းဆောင်နိုင်ကြောင်းသိရှိပြီးနောက် ပုဒ်မ ၆၀ ပါအကြောင်းကြားစာတွင်ဖော်ပြထားသည့် ပေးဆောင်ရမည့်နေ့ရက်မတိုင်မီ ဆောလျှင်စွာပြန်ကြားရမည်။

(စ) ညွှန်ကြားရေးမှူးချုပ်သည် တတိယပုဂ္ဂိုလ်၏ အကြောင်းပြန်ကြားစာကိုလက်ခံရရှိလျှင် တတိယပုဂ္ဂိုလ်ထံ အကြောင်းကြားစာပေးပို့အတည်ပြု၍ -

(၁) တတိယပုဂ္ဂိုလ် အကြောင်းကြားစာကို လက်ခံပြီးနောက် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည် သို့မဟုတ်

(၂) တတိယပုဂ္ဂိုလ်အကြောင်းကြားစာကို ငြင်းပယ်နိုင်သည်။

(ဆ) တတိယပုဂ္ဂိုလ်၏အကြောင်းပြန်ကြားစာ တင်သွင်းခြင်းသည် ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၆၀ ပါ အကြောင်းကြားစာကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုသရွေ့ ပုဒ်မ ၆၀ အရ ပေးဆောင်ရမည့် ပမာဏများအတွက် ယင်းတတိယပုဂ္ဂိုလ်ကိုယ်တိုင်တာဝန်ရှိမှုအပေါ် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိစေရ။

ရှင်းလင်းချက်။ ဤပုဒ်မပါ **“တတိယပုဂ္ဂိုလ်”**ဆိုသည်မှာ ပုဒ်မ ၆၀ အရ အကြောင်းကြားစာဖြင့် ပေးအပ်အတည်ပြုခြင်းခံရသည့် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ကို ဆိုသည်။

**လက်တစ်ကမ်းမဟုတ်သည့်လွှဲပြောင်းလက်ခံသူများ**

၆၂။ (က) ညွှန်ကြားရေးမှူးချုပ်သိရှိသည့် အခွန်ထမ်းပိုင်ပစ္စည်းကို သိမ်းဆည်းထုခွဲရောင်းချပြီးသည့်နောက် အခွန်ထမ်း၏ ပေးဆောင်ရန်တာဝန်သည် ကျေပွန်ခြင်းမရှိသေးပါက ပစ္စည်းသိမ်းဆည်းသည့်နေ့ရက်မတိုင်မီ တစ်နှစ်အတွင်း အခွန်ထမ်း၏ ပိုင်ဆိုင်ပစ္စည်းကို အကျိုးစီးပွားဆက်နွှယ်မှုမရှိသော လုပ်ငန်းများ အချင်းချင်းအကြား လွတ်လပ်စွာသတ်မှတ်သည့် အဖိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းကဲ့သို့ မဟုတ်ပါက တစ်နည်းအားဖြင့် လက်တစ်ကမ်းလွှဲပြောင်းမှုမဟုတ်သည့် လွှဲပြောင်းမှုတစ်ခုဖြင့် လက်ခံရရှိခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ယင်းလက်ခံရရှိသည့် ပိုင်ဆိုင်ပစ္စည်း၏ တန်ဖိုးအတိုင်းအတာအထိပေးဆောင်ရန် တစ်ဆင့်ခံအားဖြင့် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် ပုဒ်မ ၄၂ အရ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပေးဆောင်ရန်တာဝန်ရှိသည့်ပမာဏအပေါ် သက်ရောက်ခြင်း မရှိစေရ။

**ပစ္စည်းထိန်း**

၆၃။ (က) ပစ္စည်းထိန်းသည် ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခံရကြောင်းကို ယင်းသို့ ခန့်အပ်ခံရပြီး ၁၄ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်အား အကြောင်းကြားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပစ္စည်းထိန်းလက်ဝယ်ရှိသည့် သို့မဟုတ် စောင့်ရှောက်ထားသည့် ပိုင်ဆိုင်ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်သူပုဂ္ဂိုလ်အနေဖြင့် ပေးဆောင်ရမည့် သို့မဟုတ် ပေးဆောင်ရန်ရှိလာမည့် အခွန်ပမာဏအတွက် လုံလောက်သည်ဟု ညွှန်ကြားရေးမှူးချုပ်က ထင်မြင်သည့်ပမာဏကို ပစ္စည်းထိန်းအား အကြောင်းကြားနိုင်သည်။

(ဂ) ပစ္စည်းထိန်းတစ်ဦးသည် ပစ္စည်းထိန်းအဖြစ် ယင်းထိန်းသိမ်းထားသော နိုင်ငံတော်အတွင်းတည်ရှိသည့် ပိုင်ဆိုင်ပစ္စည်းတစ်စုံတစ်ရာကို ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချခြင်း သို့မဟုတ် ကုန်ခန်းအောင်ဆောင်ရွက်ခြင်းမပြုရ။

(ဃ) ပစ္စည်းထိန်းသည်ပုဒ်မခွဲ (ခ)အရ ညွှန်ကြားရေးမှူးချုပ်က အကြောင်းကြားထားသည့် ပမာဏ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သဘောတူသည့် ယင်းထက်လျော့နည်းသော ပမာဏတစ်ရပ်ကို ပိုင်ဆိုင်ပစ္စည်းတစ်စုံတစ်ရာ ရောင်းရငွေမှ ဖယ်ထုတ်ထားရမည်။

(င) ပစ္စည်းထိန်းတစ်ဦးသည် ဤပုဒ်မနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ယင်းအနေဖြင့် ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် အခွန်ပမာဏအတွက်ပုဒ်မခွဲ (ဃ)အရ ဖယ်ထုတ်ထားရမည့် ပမာဏအထိပေးဆောင်ရန် ကိုယ်တိုင်တာဝန်ရှိသည်။

ရှင်းလင်းချက်။ ဤပုဒ်မအရ **“ပစ္စည်းထိန်း”** ဟုဆိုရာတွင် နိုင်ငံတော်အတွင်းတည်ရှိသည့် ပိုင်ဆိုင်ပစ္စည်း တစ်ရပ်ရပ်နှင့်သက်ဆိုင်သော အောက်ပါပုဂ္ဂိုလ်များကိုဆိုသည်-

(၁) ကုမ္ပဏီ သို့မဟုတ် သီးခြားရပ်တည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခုခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရန် တာဝန်ပေးအပ်ခြင်းခံရသူ၊

(၂) တရားရုံးက ခန့်အပ်သည့် သို့မဟုတ် တရားရုံးပြင်ပတွင် ခန့်အပ်သည့်ပစ္စည်းထိန်း၊

(၃) လူမွဲအဖြစ်ခံယူခြင်းအတွက် ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၄) လက်ဝယ်ထိန်းသိမ်းထားသည့် အပေါင်ခံသူ၊

(၅) ကွယ်လွန်သူတစ်ဦးချင်းပုဂ္ဂိုလ်၏ ပိုင်ဆိုင်မှုများအတွက် သေတမ်းစာအတည်ပြုသူ၊ အမွေထိန်း သို့မဟုတ် အမွေဆက်ခံသူ၊

(၆) မစွမ်းဆောင်နိုင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်၏ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသူ၊

(၇) ပုဂ္ဂိုလ်စုတစ်ခု ပြန်လည်ဖွဲ့စည်းရာတွင် ဆက်ခံသူ။

**အခန်း (၉)**

**ဒဏ်ကြေးငွေများ**

**ယေဘုယျပြဋ္ဌာန်းချက်များ**

၆၄။ (က) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဤဥပဒေအရသော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း တပ်ရိုက်သည့် ဒဏ်ကြေးငွေများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) အခွန်စည်းကြပ်ခြင်း၊ ပေးဆောင်ခြင်း၊ ကောက်ခံခြင်းနှင့် အငြင်းပွားခြင်းတို့အတွက် ကျင့်သုံးသော လုပ်ထုံးလုပ်နည်းများသည် အခွန်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ဒဏ်ကြေးငွေများအပေါ်တွင်လည်း အလားတူအကျိုးသက်ရောက်စေရမည်။

(ဂ) ဤအခန်းပါ ပုဒ်မတစ်ခုခုအရ ပုဂ္ဂိုလ်တစ်ဦးဦးက ပေးဆောင်ရမည့် ဒဏ်ကြေးငွေသည် ဤဥပဒေနှင့် မသက်ဆိုင်သည့် အခြား အခွန်ဥပဒေတစ်ရပ်ရပ်အရ ယင်းပုဂ္ဂိုလ်ပေးဆောင်ရမည့် ဒဏ်ကြေးငွေရှိလျှင် ယင်းဒဏ်ကြေးငွေနှင့် သီးခြားစီဖြစ်ပြီး ဤဥပဒေ၏ အခန်း(၇)အရ ပေးဆောင်ရမည့်အတိုးအပြင် ပေးဆောင်ရန်ဖြစ်သည်။

(ဃ) ဒဏ်ကြေးငွေချမှတ်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေ သို့မဟုတ် ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေများ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း သက်သေပြရန် တာဝန်သည် ညွှန်ကြားရေးမှူးချုပ်တွင် ကျရောက်သည်။

(င) ညွှန်ကြားရေးမှူးချုပ်သည် ဒဏ်ကြေးငွေကို ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကဲ့သို့ စည်းကြပ်မှုပြုနိုင်ပြီး ဒဏ်ကြေးငွေပေးဆောင်ရမည့်ရက်စွဲကို သတ်မှတ်နိုင်သည်။

(စ) ဒဏ်ကြေးငွေစည်းကြပ်မှုအကြောင်းကြားစာကို ဒဏ်ကြေးငွေပေးဆောင်ရမည့်ပုဂ္ဂိုလ်ထံ ပေးပို့အတည်ပြုရမည်ဖြစ်ပြီး ပေးဆောင်ရမည့် ဒဏ်ကြေးငွေပမာဏ၊ ဒဏ်ကြေးငွေတပ်ရိုက်စေသည့် ဥပဒေပုဒ်မနှင့် ပေးဆောင်ရမည့် နောက်ဆုံးသတ်မှတ်ရက်တို့ကို ဖော်ပြရမည်။ ထို့သို့ အကြောင်းကြားစာပေးပို့အတည်ပြုရာတွင်-

(၁) ဒဏ်ကြေးငွေပေးဆောင်ရန် အကြောင်းကြားခြင်းနှင့် စည်းကြပ်ခြင်းသည် ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကို အကြောင်းကြားခြင်းနှင့် စည်းကြပ်ခြင်းကဲ့သို့ မှတ်ယူရမည်၊

(၂) အကြောင်းကြားစာတွင်ဖော်ပြထားသည့် ဒဏ်ကြေးငွေပမာဏကို ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကဲ့သို့ မှတ်ယူရမည်၊

(၃) ပေးဆောင်ရမည့် နောက်ဆုံးသတ်မှတ်ရက်သည် အကြောင်းကြားစာတွင် ဖော်ပြထားသည့်ရက်ဖြစ်သည်၊

(ဆ) ပုဂ္ဂိုလ်တစ်ဦး၏ ဒဏ်ကြေးငွေပေးဆောင်ရမည့်တာဝန်သည် ပုဒ်မခွဲ (စ)အရ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်ချိန်မှ စတင်ပေါ်ပေါက်သည်။

(ဇ) ဒဏ်ကြေးငွေစည်းကြပ်ရန်ကာလ စည်းကမ်းသတ်သည် ဒဏ်ကြေးငွေကျသင့်စေသည့် ပျက်ကွက်မှုဖြစ်ပွားပြီးနောက် ခုနစ်နှစ်ဖြစ်သည်။ သို့ရာတွင်ပျက်ကွက်မှုတွင် အခွန်ထမ်းက လိမ်လည်၍ သို့မဟုတ် တမင်လျစ်လျူရှု၍ မမှန်ကန်သော သတင်းအချက်အလက်များပေးပို့ခြင်း ပါဝင်ပါက ဒဏ်ကြေးငွေစည်းကြပ်ရန်ကာလ စည်းကမ်းသတ်သည် ၁၂ နှစ်ဖြစ်သည်။

(ဈ) ဒဏ်ကြေးငွေ ပေးဆောင်ရမည့်ပုဂ္ဂိုလ်က လုံလောက်သော အကြောင်းပြချက်တင်ပြလျှင် ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ဒဏ်ကြေးငွေစည်းကြပ်ခြင်းကို အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ရပ်စဲနိုင်သည်၊

(၂) စည်းကြပ်ပြီးသည့်ဒဏ်ကြေးငွေကို အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ည) ကိစ္စရပ်တစ်ခုပေါ်ပေါက်သည့် သို့မဟုတ် ဆက်လက်တည်ရှိနေသည့် ရက်၊ လ သို့မဟုတ် အခြားကာလတစ်ရပ်အတွက် ပေးဆောင်ရမည့်ဒဏ်ကြေးငွေကို ယင်းကိစ္စရပ်စတင်ပေါ်ပေါက်သည့် သို့မဟုတ် ဆက်လက်တည်ရှိနေသည့် သို့မဟုတ် ပြီးဆုံးသည့် ရက်၊ လ သို့မဟုတ် အခြားကာလတစ်ရပ်၏အစိတ်အပိုင်းအတွက် အပြည့်ပေးဆောင်ရမည်။

**မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက်ပြောင်းလဲမှုကို အကြောင်းကြားရန်ပျက်ကွက်ခြင်း**

၆၅။ မည်သူမဆို အောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ကြေးငွေအဖြစ်ချမှတ်ရမည်-

(က) အခွန်ထမ်းအဖြစ် ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ(စ) နှင့်ပုဒ်မခွဲ (ဆ)တို့အရ အခွန်ထမ်းဆိုင်ရာ သတင်းအချက်အလက်အပြောင်းအလဲကို ညွှန်ကြားရေးမှူးချုပ်အား အသိပေးရန်ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်သည့်အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင်ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

အချပ်ပို (စ) သို့ »

» အချပ်ပို (င) မှ

**ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊မြီစားမှတ်စုနှင့် မြီရှင်မှတ်စုများကိုမမှန်မကန်ဖော်ပြခြင်း**

၆၆။ (က) မည်သူမဆို အောက်ပါကျူးလွန်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက နှစ်သိန်းငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေ ပေးဆောင်ရမည် -

(၁) မမှန်ကန်သော သို့မဟုတ် ယင်းနှင့်မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

(၂) မမှန်ကန်သော ငွေတောင်းခံလွှာ သို့မဟုတ် အရောင်းပြေစာထုတ်ပေးခြင်း၊

(၃) မမှန်ကန်သော မြီစားမှတ်စုသို့မဟုတ်မြီရှင်မှတ်စု ထုတ်ပေးခြင်း၊

(၄) ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို ဥပဒေနှင့်အညီ ပေးအပ်ရန် ပျက်ကွက်ခြင်း။

(ခ) ဤဥပဒေနှင့်သက်ဆိုင်သည့်အခွန်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုပြုသူသည် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍တတ်နိုင်သမျှ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး အဆိုပါ သတင်းအချက်အလက်များသည် မှန်ကန်သည်ဟု လုံလောက်သောအကြောင်းအရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများတွင် ဖော်ပြထားသည့် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ထားမှု အခြေအနေ သို့မဟုတ် အခွန်ထမ်းမှတ်ပုံတင်အမှတ် အပါအဝင် သတင်းအချက်အလက်မှားယွင်းမှု သို့မဟုတ် မပြည့်စုံမှုတစ်စုံတစ်ရာကြောင့် ထိုသူအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ (၃) သို့မဟုတ် ပုဒ်မခွဲငယ် (၄)အရ ဒဏ်ကြေး ငွေပေးဆောင်ရန် တာဝန်မရှိစေရ။

(ဂ) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူတစ်ဦးဦးသည် ထိုက်သင့်အားလျော်စွာ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို လက်ခံရရှိချိန်တွင် ထုတ်ပေးသူအနေဖြင့် မှတ်ပုံတင်ထားသူ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသူဟု လုံလောက်သော အကြောင်းအရင်းများအရ ယုံကြည်ထိုက်သောအားဖြင့် ယုံကြည်ခဲ့ပါက ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ် (၄)အရ ဒဏ်ကြေး ငွေပေးဆောင်ရန် တာဝန်မရှိစေရ။

**ကြေညာလွှာနောက်ကျတင်သွင်းခြင်း**

၆၇။ (က) မည်သူမဆိုအခွန်ကြေညာလွှာ သို့မဟုတ် အခြားကြေညာလွှာတစ်ရပ်ရပ်ကို နောက်ဆုံးထားတင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်တွင် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ တင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(၁) ပေးဆောင်ရမည့်အခွန်ပမာဏ၏ ငါးရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ တစ်ရာခိုင်နှုန်း၊

(၂) ကျပ်တစ်သိန်း။

(ခ) ဤပုဒ်မပါရည်ရွယ်ချက်များအလို့ငှာ **“ပေးဆောင်ရမည့်အခွန်ပမာဏ”**တွင် လစဉ် သို့မဟုတ် သုံးလပတ်အလိုက် အရစ်ကျပေးဆောင်ရသည့် ကြိုတင်ခွန်များလည်း ပါဝင်သည်။

**ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သောရည်ရွယ်ချက်ဖြင့် အခွန်လျော့နည်းပေးဆောင်ခြင်း**

၆၈။ အခွန်ထမ်း၏ကြေညာလွှာတွင် မမှန်ကန်သောဖော်ပြချက်တစ်ခု သို့မဟုတ် ချန်လှပ်ထားခဲ့သောအကြောင်းအချက် တစ်ခုခုအရ အခွန်ကို လျော့နည်းပေးဆောင်ခဲ့ပြီး သို့မဟုတ် လျော့နည်း ပေးဆောင်ခဲ့ဖွယ်ရှိပြီး ယင်းဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက် သည်အခွန်ထမ်းက ကြိုတင်ကြံရွယ်ချက်ဖြင့်ပြုလုပ်ခြင်း သို့မဟုတ် ပေါ့ဆခြင်းဖြစ်လျှင် အခွန်ထမ်းသည် အောက်ပါဒဏ်ကြေးငွေ တစ်ရပ်ရပ်ကို ပေးဆောင်ရမည်-

(က) ပုဒ်မခွဲ (ခ)နှင့်အကျုံးမဝင်ပါက လျော့နည်းပေးဆောင်သည့် အခွန်ငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း၊

(ခ) လျော့နည်းပေးဆောင်သည့် အခွန်ငွေပမာဏသည် ကျပ်သိန်းတစ်ထောင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ငွေပမာဏ၏ ၇၅ ရာခိုင်နှုန်း။

**မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များ**

၆၉။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သောဖော်ပြချက်ကို အခွန်ဝန်ထမ်းထံတင်ပြသဖြင့် ယင်းသတင်းအချက်အလက်အပေါ် မှန်ကန်သည်ဟုယူဆ၍ စည်းကြပ်မှုပြုရာတွင် အမှန်ပေးဆောင်ရန်တာဝန်ရှိသော အခွန်ထက်လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိခြင်း သို့မဟုတ် အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိခြင်းဖြစ်လျှင် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းနှင့် အောက်ပါ ဒဏ်ကြေးငွေတစ်ရပ်ရပ်တို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

(၁) အမှန်ကျသင့်သည့်အခွန်ပမာဏနှင့် လျော့နည်းစည်းကြပ်ခဲ့နိုင်ဖွယ်ရှိသည့်အခွန်တို့၏ ခြားနားသည့်ပမာဏ၊

(၂) အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ်ရှိမည့်ငွေကြေးတို့၏ ခြားနားသည့်ပမာဏ။

(ခ) ဖော်ပြချက်ကိုတင်ပြသည့် ပုဂ္ဂိုလ်အနေဖြင့် ဖော်ပြချက်ပါ အဓိကအကြောင်းအချက်သည် မှားယွင်းကြောင်း သို့မဟုတ် လမ်းလွဲစေနိုင်ကြောင်း မသိရှိခဲ့လျှင်ဖြစ်စေ၊ သိရှိနိုင်မည်ဟု ယူဆရန်လုံလောက်သော အကြောင်းအရင်းမရှိခဲ့လျှင်ဖြစ်စေ ဤပုဒ်မအရမည်သည့်ဒဏ်ကြေးငွေကိုမျှ ချမှတ်ခြင်းမပြုရ။

ရှင်းလင်းချက်(၁)။ ဤပုဒ်မအရ အခွန်ဝန်ထမ်းတစ်ဦးထံသို့ တင်ပြသည့် ဖော်ပြချက်ဟုရည်ညွှန်းရာ၌ ပုဒ်မ ၆၈ နှင့်အကျုံးဝင်သည့် ဖော်ပြချက် တစ်စုံတစ်ရာမှအပ ဤဥပဒေအရ ယင်းအခွန် ဝန်ထမ်း၏ တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းတစ်ဦးထံသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း တင်ပြသော အောက်ပါ ဖော်ပြချက်တစ်ရပ်ရပ်လည်းပါဝင်သည်-

(၁) ဤဥပဒေအရ ရေးသားသည့်၊ ပြုစုသည့်၊ တင်သွင်းသည့်၊ တင်ပြသည့် သို့မဟုတ် ပေးအပ်သည့်လျှောက်လွှာ၊ သက်သေခံလက်မှတ်၊ ကြေညာချက်၊ အမိန့်ကြော်ငြာစာ၊ ကြေညာလွှာ၊ ကန့်ကွက်လွှာ သို့မဟုတ် အခြားစာတမ်း အမှတ်အသားများ၊

(၂) ဤဥပဒေအရ ပေးအပ်ရန်လိုအပ်သော သတင်းအချက်အလက် တစ်စုံတစ်ရာ၊

(၃) ဤဥပဒေအရမဟုတ်ဘဲ အခွန်ဝန်ထမ်းအားပေးအပ်သော စာတမ်းအမှတ်အသား၊

(၄) အခွန်ဝန်ထမ်းမှ ပုဂ္ဂိုလ်တစ်ဦးအား မေးမြန်းသော မေးခွန်း၏ အဖြေ၊

(၅) အခွန်ဝန်ထမ်းထံသို့ ပေးအပ်မည်ဟုသိရှိလျက် သို့မဟုတ် ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်လျက်အခြားပုဂ္ဂိုလ် တစ်ဦးထံသို့ ပေးအပ်သည့်ဖော်ပြချက်။

ရှင်းလင်းချက်(၂)။

ဤပုဒ်ပါ **လမ်းလွဲစေနိုင်သော အဓိကအကြောင်းအချက် တစ်ခုပါဝင်သည့်ဖော်ပြချက်** ဟုရည်ညွှန်းရာတွင် ကိစ္စရပ်တစ်ခု သို့မဟုတ် အရာတစ်ခုကို ယင်းဖော်ပြချက်မှ ချန်လှပ်ထားခြင်းကြောင့်ယင်းသို့ လမ်းလွဲမှုဖြစ်စေသည့်ဖော်ပြချက်အား ရည်ညွှန်းခြင်းလည်းပါဝင်သည်။

**စာတမ်းအမှတ်အသားများကိုထိန်းသိမ်းရန်ပျက်ကွက်ခြင်း**

၇၀။ (က) မည်သူမဆို ဤဥပဒေအရသော်လည်းကောင်း၊ ဤဥပဒေနှင့် သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သင့်လျော်သည့်စာတမ်းအမှတ်အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှုဖြစ်ပွားနေသည့် နေ့တစ်နေ့ချင်းစီအတွက်ဖြစ်စေ၊ နေ့တစ်နေ့၏ တစ်စိတ်တစ်ပိုင်းအတွက်ဖြစ်စေဝန်ကြီးဌာနက သတ်မှတ်သောဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

(ခ) ဝန်ကြီးဌာနသည် စာတမ်းအမှတ်အသားများကို ထိန်းသိမ်းရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့်ဒဏ်ကြေးငွေကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည်အခွန်ထမ်းအား ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာရန်ပျက်ကွက်ကြောင်း အကြောင်းကြားသည့်နေ့မှ အများဆုံး ရက်ပေါင်း ၃၀ အထိကာလ အတွက် ဒဏ်ကြေးငွေချမှတ်ခြင်းကို သက်သာခွင့်ပြုနိုင်သည်။

**တတိယပုဂ္ဂိုလ်အကြောင်းကြားစာကို လိုက်နာရန်ပျက်ကွက်ခြင်း**

၇၁။ မည်သူမဆို ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက တတိယပုဂ္ဂိုလ်ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်းအကြောင်းကြားစာတွင် ဖော်ပြထားသည့် နောက်ဆုံး ပေးဆောင်ရန်ရက်စွဲတွင် ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်ပြီးဖြစ်သည့် အခွန်ပမာဏတို့အကြား ခြားနားချက်၏ ၂၅ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

**ရုံးလုပ်ငန်းဆောင်ရွက်ရန်ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ခြင်း**

၇၂။ မည်သူမဆို ဤဥပဒေအရလည်းကောင်း၊ ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်း ဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

**သတင်းအချက်အလက်ပေးပို့ရန် အကြောင်းကြားစာကို လိုက်နာဆောင်ရက်ရန်ပျက်ကွက်ခြင်း**

၇၃။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေသက်ရောက်သည့် အခွန်တစ်ရပ်ရပ်အရဖြစ်စေ သင့်လျော်စွာ ညွှန်ကြားရေးမှူးချုပ်က တောင်းခံလာသည့် သတင်းအချက်အလက်ကို သတ်မှတ်အချိန်အတွင်း ပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက်မပိုသောဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

**နောက်ကျပေးဆောင်ခြင်း**

၇၄။ (က) မည်သူမဆို စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုသည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှု အကြောင်းကြားစာပါ နောက်ဆုံးပေးဆောင်ရန်သတ်မှတ်ရက်အတွင်း ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးဆောင်ရန်ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့်ပမာဏကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ခ) မည်သူမဆို ဤဥပဒေနှင့်သက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွက် ကြိုတင်ပေးဆောင်ရမည့်အခွန် သို့မဟုတ် အခွန်ကို အရစ်ကျပေးဆောင်ခွင့်ရရှိသူသည် အရစ်တစ်ရစ်အတွက် ပေးဆောင်ရန် နောက်ဆုံးသတ်မှတ်ရက်မှ ၁၄ ရက်အတွင်း ယင်းကာလအပိုင်းအခြားအတွက် ကြိုတင်ပေးဆောင်ရမည့် အခွန်အားလုံး သို့မဟုတ် တစ်ရစ်လုံးကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ရန်ကျန်ရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏကိုနောက်ကျပေးသွင်းမှုအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ဂ) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန်ကို နုတ်ယူပေးသွင်းရန် သတ်မှတ်ခံထားရသူတစ်ဦးဦးသည် အခွန်ကိုနုတ်ယူ ပေးသွင်းခြင်းမပြုလျှင် ထိုအခွန်နှင့်စပ်လျဉ်း၍ ပျက်ကွက်သူအဖြစ် မှတ်ယူခြင်းခံရမည်ဖြစ်ပြီး နုတ်ယူခြင်းမရှိသည့် အခွန်အားပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) မည်သူမဆို ဤဥပဒေသက်ရောက်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့်အခွန်ကို သတ်မှတ်ထားသည့်ရက်အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ထိုသို့ပေးဆောင်ရန် ပျက်ကွက်သောပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(င) ပုဒ်မ ၄၄ အရ အချိန်ကာလတိုးမြှင့်ခြင်းကို ခွင့်ပြုထားလျှင် ယင်းကာလအတွင်း ပေးဆောင်ရမည့်အခွန်ကို ပေးဆောင်ခဲ့ပါက ပုဒ်မခွဲ (က)အရ ဒဏ်ကြေးငွေပေးဆောင်ရန် တာဝန်မရှိစေရ။

**အခန်း (၁၀)**
**ပြစ်မှုပြစ်ဒဏ်**

**ယေဘုယျပြဋ္ဌာန်းချက်များ**

၇၅။ (က) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရလည်းကောင်း၊ ဤဥပဒေအကျိုးသက်ရောက်သည့် အခြားအခွန်ဥပဒေများ အရလည်းကောင်း သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်ကို စုံစမ်းစစ်ဆေးနိုင်သည်။

(ခ) ဤဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဂ) ဤဥပဒေအရအရေးယူဆောင်ရွက်ချက်သည် အခြားဥပဒေတစ်ရပ်ရပ်ဖြင့်ဆောင်ရွက်သည့် ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်ချက်အပေါ် သက်ရောက်မှုမရှိစေရ။

**တရားစွဲဆိုရန် ကာလစည်းကမ်းသတ်**

၇၆။ ဤအခန်းအရ တရားစွဲဆိုဆောင်ရွက်ရာတွင် အောက်ပါကာလများတွင် စတင်ဆောင်ရွက်နိုင်သည်-

(က) စွပ်စွဲထားသည့်ပြစ်မှုသည် ပြုလုပ်မှုတစ်ခုကိုဆောင်ရွက်ခြင်းဖြစ်ပါက ယင်းပြုလုပ်မှုကိုဆောင်ရွက်ပြီးနောက် ၁၂ နှစ်အတွင်း၊

(ခ) စွပ်စွဲထားသည့်ပြစ်မှုသည်လိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုပျက်ကွက်သည့်ကိစ္စရပ်ဖြစ်ပါက ယင်းပျက်ကွက်မှုဖြစ်ပွားပြီးနောက် ၁၂ နှစ်အတွင်း သို့မဟုတ် ယင်းထက်နောက်ကျ၍သိရှိရပါက ညွှန်ကြားရေးမှူးချုပ်က ပျက်ကွက်မှုကိုသိရှိပြီးနောက် သုံးနှစ်အတွင်း၊

(ဂ) စွပ်စွဲထားသည့်ပြစ်မှုသည်ပုဂ္ဂိုလ်တစ်ဦးက အခွန်ဥပဒေတစ်ရပ်ရပ်အရ ယင်းပုဂ္ဂိုလ်၏ အခွန်တာဝန်ဆိုင်ရာ သတင်းအချက်အလက်ကိုဖော်ပြမှုမရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်းဖြစ်ပါက ထိုအခွန်ကာလအတွက် ယင်းပုဂ္ဂိုလ်၏ မှန်ကန်သောအခွန်တာဝန်ကို အပြီးသတ်အတည်ပြုပြီးနောက် ခြောက်နှစ်အတွင်း။

အချပ်ပို (ဆ) သို့ »

» အချပ်ပို (စ) မှ

**အခွန်တိမ်းရှောင်ခြင်း**

၇၇။ မည်သူမဆို အခွန်စည်းကြပ်ခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို တမင်တိမ်းရှောင်ခြင်း သို့မဟုတ် တိမ်းရှောင်ရန် အားထုတ်ခြင်း သို့မဟုတ် ယင်းပုဂ္ဂိုလ်အနေဖြင့် ရပိုင်ခွင့်မရှိသည့် အခွန်ပြန်အမ်းငွေကို ရရှိရန် တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် ယင်းကာလအတွက် ယင်းပုဂ္ဂိုလ်ပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏတို့အနက် များရာ ဒဏ်ကြေးငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

**အခွန်စီမံအုပ်ချုပ်မှုကိုဟန့်တားခြင်း**

၇၈။ (က) မည်သူမဆို ဦးစီးဌာနက ဤဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန် အားထုတ်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ ဤဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားသည်ဟု မှတ်ယူရမည်-

(၁) ထိန်းသိမ်းထားသည့် စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ သို့မဟုတ် ကိန်းဂဏန်းအချက်အလက်များကို စစ်ဆေးရန် ဦးစီးဌာန၏ ဝန်ထမ်းက ဥပဒေနှင့်အညီ တောင်းခံခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) ဦးစီးဌာန၏ ဝန်ထမ်းများ ရှေ့မှောက်သို့လာရောက်ရန် ဥပဒေနှင့်အညီ ဆင့်ဆိုမှုအပေါ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၃) လုပ်ငန်းပရဝဏ် သို့မဟုတ် နေထိုင်ရာနေရာတစ်ခုခုသို့ ဦးစီးဌာန၏ ဝန်ထမ်း၊ ကိုယ်စားလှယ်နှင့်အဖွဲ့တို့က ဥပဒေနှင့်အညီ ဝင်ရောက်ခွင့်ကို တားမြစ်ခြင်းနှင့် နှောင့်ယှက်ခြင်း၊

(၄) အခွန်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊

(၅) မမှန်ကန်သော အခွန်ထမ်းမှတ်ပုံတင်အမှတ် သို့မဟုတ် မိမိနှင့်မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

(၆) မမှန်ကန်သော ငွေတောင်းခံလွှာ၊ အရောင်းပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုကို ထုတ်ပေးခြင်း၊

(၇) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်ဘဲ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို ပေးအပ်ခြင်း၊

(၈) ညွှန်ကြားရေးမှူးချုပ်အား မြေစစ်ဆေးခွင့် သို့မဟုတ် တိုင်းတာခွင့်ပြုရန် ငြင်းဆန်ခြင်း သို့မဟုတ် မြေပုံ၊ ပုံစံ၊ ပိုင်ဆိုင်ကြောင်းပြစာချုပ်၊ အငှားစာချုပ်၊ အခြားစာချုပ်စာတမ်း သို့မဟုတ် အခြားစာတမ်းအမှတ်အသားတို့ကို စစ်ဆေးနိုင်ရေးအတွက် ထုတ်ပေးရန် ငြင်းဆန်ခြင်း၊

(၉) အခွန်ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊ စည်းကြပ်ခြင်း သို့မဟုတ် ကောက်ခံခြင်းတို့ကို တစ်နည်းနည်းဖြင့် ဟန့်တားခြင်း။

(ဂ) ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုပြုသူ တစ်ဦးသည် ကုန်စည်ကိုဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တတ်နိုင်သမျှ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး အဆိုပါသတင်းအချက်အလက်များသည် မှန်ကန်သည်ဟု လုံလောက်သော အကြောင်းအရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည်ကိုဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူ၏ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများနှင့် သက်ဆိုင်သည့် သို့မဟုတ် ယင်းတို့တွင် ထည့်သွင်းဖော်ပြထားရန် လိုအပ်သည့် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူနှင့် စပ်လျဉ်းသည့် (ယင်းပုဂ္ဂိုလ်၏ မှတ်ပုံတင်ထားမှုအခြေအနေ သို့မဟုတ် အခွန်ထမ်းမှတ်ပုံတင်အမှတ်အပါအဝင်) သတင်းအချက်အလက်များယွင်းမှု သို့မဟုတ် မပြည့်စုံမှု တစ်စုံတစ်ရာကြောင့် အဆိုပါကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုပြုသူသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) နှင့် ပုဒ်မခွဲငယ်(၇) တို့အရ ပြစ်ဒဏ်ကျခံခြင်းမရှိစေရ။

**အားပေးကူညီခြင်း**

၇၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားပေးကူညီခြင်း၊ အကြံပေးခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

**လျှို့ဝှက်ချက်ကိုထိန်းသိမ်းရန်ပျက်ကွက်ခြင်း**

၈၀။ မည်သူမဆို ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ)အရ လျှို့ဝှက်ကိစ္စဟု မှတ်ယူသည့်ကိစ္စရပ်များကို ထိန်းသိမ်းရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**အခွန်ဝန်ထမ်းများ၏ပြစ်မှုများ**

၈၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သည့်အခွန်ဝန်ထမ်းမဆို အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည့်အပြင် ယင်းဝန်ထမ်း၏ မသမာသော လုပ်ရပ်ကြောင့် အခွန်လျော့နည်းရရှိခဲ့ပြီး ယင်းအခွန်ကို ပေးဆောင်ရန် တာဝန်ရှိသူထံမှ ပြန်လည်အရ ကောက်ခံနိုင်ရန် အကြောင်းမရှိပါက ကျူးလွန်သူက အဆိုပါ အခွန်ပမာဏကို ဦးစီးဌာနသို့ ပြန်လည်ပေးသွင်းရန် အမိန့်ချမှတ်နိုင်သည်-

(က) အခွန်ဝန်ထမ်းတစ်ဦးသည် တရားဝင်ရပိုင်ခွင့်မရှိသည့် ငွေကြေး သို့မဟုတ် ငွေကြေးမဟုတ်သည့် ပေးကမ်းမှု သို့မဟုတ် ချီးမြှင့်မှုကိုဖြစ်စေ၊ ယင်းသို့ ပေးကမ်းရန် သို့မဟုတ် ချီးမြှင့်ရန်အတွက် ကတိပြုချက် သို့မဟုတ် အာမခံချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယင်းအခွန်ဝန်ထမ်း၏ တာဝန်များနှင့်ဆက်နွှယ်လျက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တောင်းခံခြင်း သို့မဟုတ် ရယူခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်သော်လည်းကောင်း၊ အခွန်ဝန်ထမ်းတစ်ဦး၏ တာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်ခြင်းနှင့်သော်လည်းကောင်း ဆန့်ကျင်သည့်လုပ်ရပ် သို့မဟုတ် အရာကို လုပ်ဆောင်ရန်၊ လုပ်ဆောင်ချက်မှ ရှောင်ကြဉ်ရန်၊ ခွင့်ပြုရန်၊ ဖုံးကွယ်ရန် သို့မဟုတ် မသိကျိုးကျွန်ပြုရန် သဘောတူညီချက်တစ်ရပ် ပြုလုပ်ခြင်း သို့မဟုတ် အခွန်ဘဏ္ဍာ လိမ်လည်ရယူမှုဖြစ်ပေါ်စေသည့် သို့မဟုတ် ဖြစ်ပေါ်နိုင်သည့် သဘောတူညီမှုတစ်ရပ်ပြုလုပ်ခြင်း။

**ပြစ်မှုများအားကျေအေးခြင်း**

၈၂။ (က) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၈၀ သို့မဟုတ် ပုဒ်မ ၈၁ တို့ပါ ပြစ်မှုများမှလွဲ၍ ဤအခန်းပါ သို့မဟုတ် ဤဥပဒေသက်ဆိုင်သည့် အခြားအခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ပါက သက်ဆိုင်သည့် တရားရုံး၌ ကြားနာခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို ညွှန်ကြားရေးမှူးချုပ်သည် ယင်းပြစ်မှုကို ကျေအေးနိုင်သည်။ ထိုသို့ ကျေအေးရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အမြင့်ဆုံး ဒဏ်ကြေးငွေထက် မကျော်လွန်သည့် ငွေကြေးပမာဏတစ်ရပ်ကို ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ကာယကံရှင်က ကျေအေးပေးရန်စာဖြင့် ရေးသားတောင်းဆိုမှသာ ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးပေးလျှင် -

(၁) ပုဒ်မခွဲ (က)အရ ထုတ်ပြန်သည့်အမိန့်ကို စာဖြင့် ရေးသားရမည်ဖြစ်ပြီး ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါ တောင်းဆိုချက်ကို ပူးတွဲတင်ပြရမည်။

(၂) ပုဒ်မခွဲ(က) အရထုတ်ပြန်သည့်အမိန့်တွင်-

(ကက) ကျူးလွန်သည့်ပြစ်မှု၊

( ခခ ) ပေးဆောင်ရမည့်ငွေကြေးပမာဏ၊

( ဂဂ ) ပေးဆောင်ရမည့် နောက်ဆုံးသတ်မှတ်နေ့ရက်တို့ကို ဖော်ပြရမည်။

(၃) ပုဒ်မခွဲ(က) အရ ထုတ်ပြန်သည့်အမိန့်ကို ပြစ်မှုကျူးလွန်သူထံသို့ ပေးအပ်အတည်ပြုရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ချမှတ်သည့် အမိန့်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံခွင့်မရှိစေရ။

(င) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးလျှင် ကျူးလွန်သူသည် ယင်းပြစ်မှုနှင့် စပ်လျဉ်းသည့် တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်ကျခံခြင်း မရှိစေရ။

(စ) ပုဒ်မခွဲ (က)အရ ပေးဆောင်ရန် အမိန့်ချမှတ်သည့် ပမာဏကို ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်တစ်ရပ်ကဲ့သို့ အရကောက်ခံပိုင်ခွင့် ရှိစေရမည်။

## အခန်း (၁၁)

## အထွေထွေ

**ပုဂ္ဂိုလ်စုလုပ်ငန်းများက ကျူးလွန်သည့်ပြစ်မှုများ**

၈၃။ (က) ဤဥပဒေအရ ပြစ်မှုတစ်ခုကို ပုဂ္ဂိုလ်စုတစ်ခုက ကျူးလွန်လျှင်-

(၁) ကုမ္ပဏီဖြစ်ပါက ယင်းကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် အလားတူ အဆင့်ရှိသည့် အရာရှိအသီးသီးကို ယင်းပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(၂) အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ဖြစ်ပါက ယင်းအစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ အစုဝင် သို့မဟုတ် အရာရှိအသီးသီးကို ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်တစ်ဦး၏ ဆောင်ရွက်ချက်သည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူခြင်းမပြုရ -

(၁) ယင်းပုဂ္ဂိုလ်၏ သဘောတူညီမှုမရှိဘဲ သို့မဟုတ် သိရှိခြင်းမရှိဘဲ ပြစ်မှုကိုကျူးလွန်ခဲ့ခြင်း၊

(၂) ယင်းပုဂ္ဂိုလ်သည် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်အတွက် ယင်း၏တာဝန်ရှိမှု သဘောသဘာဝနှင့် အခြေအနေအားလုံးအရ ဆောင်ရွက်နိုင်သမျှ အတိုင်းအတာအထိ အားထုတ်ဆောင်ရွက်ခဲ့ခြင်း။

**ဥပဒေများအားလွှမ်းမိုးခြင်း**

၈၄။ တည်ဆဲအခွန်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

**အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ**

၈၅။ (က) ဤဥပဒေ စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ခဲ့သည့် အယူခံမှုများ၊ စစ်ဆေးစီရင်ခြင်းများနှင့် အခြားအရေးယူဆောင်ရွက်မှုများအတွက် အဆိုပါအခွန်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေ မပြဋ္ဌာန်းမီက စည်းကြပ်တောင်းခံထားသော အခွန်ငွေများ ကောက်ခံရရှိရေးအတွက် ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေ ပြဋ္ဌာန်းပြီးနောက် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်း မရှိပါက အထူးကုန်စည်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် နှစ်စဉ်ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကာလ စည်းကမ်းသတ် မကျော်လွန်သေးပါက ဆက်လက်ကျင့်သုံးနိုင်သည်။

---

# သကြ၏န်အလှကို မှတ်တမ်းတင်မည့် ဓာတ်ပုံပြိုင်ပွဲ မကွေးမြို့၌ ကျင်းပမည်

**မကွေး မေ ၃**

ယဉ်ကျေးမှုအနှစ်သာရကို ပြန်လည်ဖော်ဆောင် ကျင်းပနိုင်ရန် စီစဉ်နေသည့် မကွေးသင်္ကြန်ပွဲတွင် လမ်းလျှောက်သင်္ကြန်၊ ကုန်းဘောင်ခေတ်သင်္ကြန်၊ ရခိုင်ရိုးရာသင်္ကြန်နှင့် ဒေသတွင်း တိုင်းရင်းသားယဉ်ကျေးမှုအသွင်သဏ္ဌာန်များ ပါဝင်မည်ဖြစ်ပြီး မကွေးသင်္ကြန်အလှကို မှတ်တမ်းပြုနိုင်ရန် ဓာတ်ပုံပြိုင်ပွဲတစ်ရပ် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မကွေးလမ်းလျှောက်သင်္ကြန် ကျင်းပရေးဆပ်ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းထားသည့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

ပြိုင်ပွဲတွင် ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်း၊ နှစ်သိမ့်ဆု သုံးဆု ငွေကျပ် တစ်သိန်းနှုန်း ဆုခြောက်ဆု ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အမှတ်ပေးဒိုင်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်း စသည့် အသင်းအဖွဲ့များမှ အတတ်ပညာရှင်များကို ဖိတ်ကြားပြီး အကဲဖြတ်နိုင်ရန် စီစဉ်သွားရန်ရှိကြောင်း ကော်မတီမှ သိရသည်။

"ဓာတ်ပုံပြိုင်ပွဲ ထည့်လိုက်ခြင်းအားဖြင့် ရှုထောင့်မျိုးစုံ၊ နေရာမျိုးစုံကနေ ရိုက်ကြမှာဆိုတော့ ကျွန်တော်တို့ မသိ၊ မမြင်လိုက်တဲ့ သင်္ကြန်ရဲ့ အလှတရားတွေ မြင်ရမယ်၊ တစ်ဦးတစ်ယောက်၊ ဓာတ်ပုံဆိုင်တစ်ခုလောက်က တာဝန်ယူရိုက်မယ်ဆိုရင်လည်း အလှအပအားလုံးရဖို့က မလွယ်ဘူး၊ ဒီပြိုင်ပွဲကနေ အနုပညာရှုထောင့်မျိုးစုံကနေ ထွက်ပေါ်လာတဲ့ ပုံရိပ်တွေကို ဟာခနဲ၊ ဟင်ခနဲ ဖြစ်လောက်အောင် မြင်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ပြိုင်ပွဲဝင်ပုံတွေ အများကြီးတက်လာမှာဖြစ်တဲ့အတွက် မကွေးသင်္ကြန်ပုံရိပ် မှတ်တမ်းတွေ အများကြီး ကျန်ခဲ့မှာပါ"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဓာတ်ပုံကိုဇော်က ပြောသည်။

ဓာတ်ပုံမိုးဇော်ညို၊ ဓာတ်ပုံကိုဇော်၊ ဓာတ်ပုံအောင်ကျော်ဇောတို့ပါဝင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၏ စည်းကမ်းအရ ကော်မတီဝင်များမှာ ပြိုင်ပွဲဝင်ခွင့် မရှိရုံသာမက အကဲဖြတ်မှုများတွင်လည်း ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ ဆုတစ်ခုချင်းစီအတွက် ဆုများပေးအပ်လိုပါက(သို့)ပြိုင်ပွဲဝင်လိုပါက ကိုမိုးဇော်ညို ဖုန်း-၀၉-၉၆၅၃၄၁၅၁၄နှင့် ကိုဇော် ဖုန်း-၀၉-၇၉၆၆၆၁၈၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဘာကြောင့်စိတ်ဖိစီးနေရသလဲ | အလင်းပွင့် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂ | မိတ္တီလာတိုက်ပွဲ | သောင်းဝေဦး | ၃၀၀၀ | မြရတနာ |
| ၃ | မိုင်ပေါင်းတစ်ထောင် မြောက်ကိုရီးယားမှ လွတ်မြောက်ခြင်း | စိန်ဝင်းစိန် | ၃၀၀၀ | အိပ်မက်သစ် |
| ၄ | ဂြိုလ်မွေ့တဲ့ဂြိုလ်နှင့် အခြားဝတ္ထုများ | ကျော်လှိုင်ဦး | ၂၅၀၀ | စာနဒီ |
| ၅ | တရားစီရင်မှု မှတ်တမ်းအတွင်းရေးများ | အံ့ခေါင်မင်း | ၄၀၀၀ | Journalist |
| ၆ | ပင်လယ်ရေကြောင်း ကုန်သွယ်ရေးဆိုင်ရာ သိကောင်းစရာများ | သန့်ဇင် | ၄၅၀၀ | မျိုးဆက်သစ် |
| ၇ | မြန်မာ့နေ့ရက်များနှင့်ပန်းများ | ဂျူနီယာဝင်း | ၂၀၀၀ | ရန်အောင် |
| ၈ | ဖေ့စ်ဘုတ်ပေါ်က ဓမ္မရသစာစုများ | ဒေါက်တာအုန်းမောင် | ၁၅၀၀ | ရာပြည့် |
| ၉ | မက်ခီယာ ဗယ်လီ၏မင်းသား | ကျော်ထက်ထွန်း | ၂၀၀၀ | ယဉ်မျိုး |
| ၁၀ | အာဆီယံနိုင်ငံများ အရှေ့အာရှနိုင်ငံများ | ကပ္ပတိန်သာစိန် | ၂၅၀၀ | သင်းစာပေ |
| ၁၁ | မိုဘီဒစ် | တင်မောင်မြင့် | ၂၅၀၀ | လင်းလွန်းခင် |
| ၁၂ | သဘာဝရှိန်စော် | စစ်ကိုင်းဦးဘိုးသင်း | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၃ | ဟပ်မွန်းဘေးမှာတစ်လကြာ | ဒေါက်တာဘဒ္ဒန္တစန္ဒာဝရ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၁၄ | ရွှေရောင်လူငယ်နှင့် ရွှေရောင်အနာဂတ် | မိုးပန်းမွှန်(ရာမည) | ၂၀၀၀ | ကောင်းဆုသာ |
| ၁၅ | အောင်မြင်ဖို့ဆို လိုအပ်တာတစ်ခုတည်း | ရဲဦး | ၁၂၀၀ | စိတ်ကူးချိုချို |
| ၁၆ | ငါ့ကို Like ပါ | မိုးသက်ငြိမ်းဦး | ၂၀၀၀ | ယဉ်မျိုး |
| ၁၇ | မြန်မာ့နိုင်ငံရေးပန်းချီထဲက ဒေါ်အောင်ဆန်းစုကြည် | မောင်ဆန်းကြွယ် | ၆၅၀၀ | ကိုနေမန်း |
| ၁၈ | ဘာကြောင့် ကြီးကြီးကျယ်ကျယ် စဉ်းစားသင့်တာလဲ | ကောင်းသာ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၉ | အကြမ်းထည် စိတ်ကူးအိပ်မက်တို့၏ ဆင့်ကဲအတွေးစများ | မောင်အေးကို | ၂၅၀၀ | ကမ်းလက်များ |
| ၂၀ | တစ်ယောက်တစ်လမ်း | ကလောင်စုံ | ၂၀၀၀ | ယဉ်မျိုး |
| ၂၁ | အင်္ဂလိပ်ပညာနိဒါန်း မှတ်စု-မှတ်တမ်း | ဆရာကြီးဦးရာဇာ | ၂၅၀၀ | ခင်မြတ်သူ |
| ၂၂ | သမိုင်းထဲက မဟာအာဇာနည်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း | မောင်မြင့်ထွန်း | ၁၂၀၀ | နေစေးစာပေ |
| ၂၃ | ကြီးကြီးတွေး မြင့်မြင့်ကြံ | ဗန်းမော်သိန်းဖေ | ၃၀၀၀ | ပဒ္မဂံ |
| ၂၄ | ကံကြမ္မာဂြိုဟ်ဆိုးကြောင့် ကြွေလွင့်ခဲ့ရသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး | သန်းဝင်းလှိုင် | ၃၀၀၀ | လဝန်းရိပ် |
| ၂၅ | မောင်ရုပ်ဆိုးကို ချစ်ကြသည်နှင့်အခြားဝတ္ထုတိုများ | ရေနံ့သာမောင်ကျော်ညွန့် | ၁၅၀၀ | ရှင်မတောင် |
| ၂၆ | သမ္မတမပါစေနဲ့ | မောင်သာချို | ၂၅၀၀ | လင်းလွန်းခင် |
| ၂၇ | ဘဝရဲ့အဖြေမှန် | စိုးဝင်းထွဋ် | ၂၅၀၀ | Today |
| ၂၈ | မင်းတုန်းမင်းနှင့် မန္တလေးနန်းတွင်းအရေးတော်ပုံ | နေစိုးထက် | ၂၀၀၀ | မျိုးမြန်မာ |
| ၂၉ | မော့ဆက်(၂) | တင်နွယ်မောင် | ၅၀၀၀ | အဖြူရောင် |
| ၃၀ | ဘာဘာညာညာ သိကောင်းစရာ (ဟင်းသီးဟင်းရွက်နဲ့ ကျန်းမာသုတ) | စန္ဒီ(Artist) | ၂၀၀၀ | စာပေနန်းတော် |
| ၃၁ | ညဏ်ကြီးရှင်ဇီယန်မီယန်ပုံပြင်များ | ထိန်လင်း | ၁၅၀၀ | ခေတ်ပြတိုက် |
| ၃၂ | အောင်မြင်သူတို့၏ အလေ့အထများ | နေနီ | ၁၅၀၀ | ပန်းဆက်လမ်း |
| ၃၃ | ပွင့် | မလေးလုံ | ၆၈၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၄ | ပေးရှုန့်စ် | လူသာမန် | ၁၅၀၀ | Smart |
| ၃၅ | လွတ်လပ်ရေးရွှေရတု ပြည်တွင်းစစ်နှစ်(၅၀) | အောင်စောဦး | ၁၄၀၀၀ | ခေတ်ပြတိုက် |
| ၃၆ | ဖိုက်ဖိုး၊ သရီး၊ တူး၊ ဝမ်း အက်ရှင် | အောင်ဆင့် | ၁၅၀၀ | ဦးသိန်းဝင်း |

## သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို ပုံမှန်စစ်ဆေးခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားသည့် FULENZE Whitening Freckle Day Cream နှင့် မှတ်တမ်းတင်ထားခြင်းမရှိသည့် FULENZE Whitening Freckle Night Cream တို့တွင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | FULENZE Whitening Freckle Day Cream | Korea Fulenze Co., Ltd., Korea | Mercury (+) |
| ၂။ | FULENZE Whitening Freckle Night Cream | Korea Fulenze Co., Ltd., Korea | Mercury (+) |
| ၃။ | FULENZE Refreshing Whitening Freckle Day Cream / Night Cream | Korea Fulenze Co., Ltd., Korea | Mercury (+) |

၃။ တားမြစ်ဓာတုပစ္စည်း(မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ သို့ဖြစ်၍ FULENZE Whitening Freckle Day Cream အလှကုန်ပစ္စည်းမှတ်တမ်းတင်လက်မှတ်မူရင်းကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြန်လည်သိမ်းဆည်းပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

FULENZE Refreshing Whitening Freckle Day Cream + Night Cream




FULENZE Whitening Freckle Night Cream




FULENZE Whitening Freckle Day Cream




၅။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အထက်ဖော်ပြပါ အလှကုန်ပစ္စည်းများအား တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးကို အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးနှစ်မျိုးသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်၊ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | ရွှေမင်းသိန်း | မုဆိုးကျော်အခိုးပွင့်ဆေးကြီး | ဆေးမှုန့်၊ ဆေးဘူး | အမှတ်(၇၀)ပထမထပ် (F) ရုံ၊ ဈေးချို မန္တလေးမြို့။ |
| ၂ | အမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိပါ | သူငယ်နာကြွဲဗဟုန်း သက်စောင့်ဆေး | ဆေးလုံး၊ ပုလင်း | သမားတော်ရွှေလက်ဝါးဆေးတိုက် မန္တလေးမြို့။ |

၃။ အများပြည်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီလက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၁၊ ၃၂ တို့အရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**